www.burmeseclass

BURMESE CLASSIC .com

# တစ်တောလုံးကြွေ

ဝတ္ထုတိုများ



www.burmeseclassic.com

# မြှောင်ရိုး

## တစ်တောလုံးကြွ

ဝတ္ထုတိုများ

VERTEX FOUR

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၇၁၉/၉၆ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၅၀/၉၆ (၁၀)
ပထမအကြိမ် - ၁၉၉၆၊
မျက်နှာဖုံးပန်းချီ - [illegible]
အုပ်ရေ - ၁၀၀၀
တန်ဖိုး - 23 ကျပ်
မျက်နှာဖုံးရိုက်နှင့်အတွင်းပုံနှိပ် - ဦးမြင့်ဝင်းမောင် (၀၄၅၀၄)
အေဇက် အော့ဖ်ဆက် ပုံနှိပ်တိုက်
၁၁၈၊ ၄-လမ်း၊
ပုသိမ်မြေရပ်ကွက်၊ ဒေါပုံ။
အတွင်းဖလင် - အေဇက်
ကွန်ပျူတာစာစီ - အေဇက်
ထုတ်ဝေသူ - ဦးကြည်ဝင်း (ဝင်းစာပေတိုက်)၊
(၀၀၀၂၉)၊ အမှတ် ၂၁၊
[illegible]လမ်း၊ သာယာကုန်းရပ်ကွက်၊
[illegible]လှာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊

www.burmeseclassic.com

# တစ်တောလုံးကြွေ

မိုးစက်တွေက ဖွားဖွားဝေဝေ ကြွေကျနေကြဆဲ။

ကျွန်တော့်မှာ သူငယ်ချင်း ကဗျာဆရာရဲ့ တိုးညင်းညှံ့သက်သောလေသံကို မိုးစက်ကြွေကျသံတွေကြား ထဲ၌ မနည်းဘဲ နားထောင်နေရသည်။ သူငယ်ချင်းကဗျာဆရာက "မိုးဥတုနှောက်ခံ မဟုတ်လား" လို့ ကျွန်တော့်ကို မေးနေသည်။ ကျွန်တော်တို့ဆိုင်နေရာ 'ပန်းပေါင်း' လက်ဖက်ရည်ဆိုင်ကလေးသည်လည်း လူသူကင်းမဲ့နေလျက် တောရကျောင်းသခ်မ်းကလေးတစ်ခုနှစ်ပင် ဆင်ဆင်တူနေပြန်တော့သည်။ မိုးစက်မှုန်မှုန်တွေ၊ စိန်ပန်းပွင့်ကြွေတွေက လမ်းကလေးရဲ့ တစ်ဝက်တစ်ပျက်မှာ ရဲရဲလှုပ်နေလျက်။ မိုးရွာကြီးထဲ ဖြတ်နင်းသွားသော ဆိုက်ကားတစ်စင်းစ နှစ်စင်းစဖြင့် တောမြို့ကလေးသည် လွမ်းမောဖွယ် ကောင်းနေပြန်တော့သည်။ တစ်ခါတလေ ဟိုအဝေး "ကျွန်တော်ဘက် အုရှိခို ကျောင်းမှ ခေါင်းလောင်းသံတွေ ဝေဝေဝဲဝဲ စီးမျောလာလျှင် ကျွန်တော်လည်း နာကျင်ခြင်းကြီးသူတစ်ယောက်လို ငြိမ်သက်မိနေတော့သည်။ သူငယ်ချင်းကဗျာဆရာလည်း 'တစ်တောလုံးကြွေ' ကိုကိုင်ရင်း ကျွန်တော့်လိုပင် ငြိမ်သက်နေပြန်တော့သည်။

www.burmeseclassic.com



ဩော်....ခုလောက်ဆိုလျှင် ရိုးမတစ်ခိုဌ် ယခုလိုပင် မိုးမည်းကြီးတမ ရွာချလို့နေရောပေါ့။ ရိုးမတစ်ခိုမှာ မိုးတွေရွာရင်တော့ ဦးလေးငပြား တို့၊ စောထူးလယ်တို့လည်း ထိုမိုးညို့ညို့ကြီးအောက်မှာ ရင်ခုန် နွမ်းလျနေကြပေရော့မည်။ ဦးလေးငပြားကတော့ ခါတိုင်းလိုပဲ "မားရှိရင် ဝါးခုတ်စားလို့ရတယ်ဇွေ့"လို့ ရခိုင်သံဝဲဝဲဖြင့်ပြောရင်း တဟားဟားရယ်မောနိုင်ဦးမည်လား မပြောတတ်ပေ။ နောက်ဆုံး.... နောက်ဆုံးပေါ့လို့ ငှက်ဖျားကို သွေးနှင့်လွှယ်ထားရသူ ကျွန်တော်က ရိုးမတောင်ကြီးကို စိတ်နှင့်နှုတ်ဆက်ဆဲ။ ကျွန်တော့်သစ်ဖောင်ကလေး သည်လည်း တောင်ကျရေ တငွေ့ငွေ့ဖြင့် စမ်းချောင်းကလေးအတိုင်း မျောနေဆဲ။ ကျွန်တော်တို့ပေါ်မှာ စောထူးလယ် မှိုပြီးရပ်နေတဲ့ တောင်သရက်ပင်ကြီးပေါ်မှာ ဒီလိုပါပဲလေ။ ဟိုးရိုးမတောင်ကြီးပေါ်မှာ၊ စမ်းချောင်းကလေးပေါ်မှာ မိုးတွေကလည်း ဝေလို့ပေါ့။ ကျွန်တော် ကတော့ ဒီရိုးမတောင်ခြေက အပြီးအပိုင် ထွက်ခွာခဲ့ပြီလေ။ ကျွန်တော့် မှာ အင်အားကလည်းမရှိတော့။ သူငယ်ချင်း အပေါင်းအသင်းတွေ ဝိုင်းပေးလိုက်တဲ့ သစ်ကလေးတွေဖောင်ဖွဲ့၊ လှေကြုံလူကြုံနဲ့ အရှေ့ ဘက်ကို သွားတော့မယ်လေ။ စောထူးလယ်ကတော့ ဘာမှမပေးလိုက် နိုင်ပေမယ့် မင်းအတွက် ဘုရားသခင်ဆီမှာ ဆုတောင်းပေးပါ့မယ်တဲ့ လေ။ ကျွန်တော့်သစ်ဖောင်တော့ သူကော၊ ဦးလေးငပြားကော လာပြီး ကူဖောင်ပေးသေးတာပေါ့။ ကျွန်တော်လည်း ,တောင်ရေ လျော့သွားတဲ့ မိုးနှောင်းရက်တွေမှာ သစ်ဖောင်ထွက်နိုင်အောင် ကြိုးစား ခဲ့ရတာ။ ခုတော့လည်း မိုးဝေဝေထဲဌ် ကျွန်တော့် ဖောင်စီးခရီးလည်း စတင်နိုင်ခဲ့လေပြီ။ သို့သော် ကျွန်တော့်ရင်ထဲမှာတော့ ဝမ်းနည်းမှု

www.burmeseclassic.com



လျက်။ ကြေကွဲနေလျက်။ ထိုစဉ် ဓားရှိရင် ဝါးခုတ်စားလို့ရတယ်လို့ ပြောတတ်သော ဦးလေးပြောက နောက်ကျစွာ ရောက်ရှိလာပြီး "သွားတော့ဝေ့ ကောင်လေးရေ.... သွားတော့ကွ၊ ငါတို့ကတော့ ငှက်တောခွေးတောထဲမှာမွေးတဲ့ကောင်တွေပဲကွာ၊ ငှက်တော ခွေးတောထဲမှာပဲ နေခဲ့ရမပေါ့"လို့ ကျွန်တော့်ကို ဟစ်အော် နှုတ်ဆက်နေခဲ့တာ။ ကျွန်တော်လည်း အနောက်ရိုးမကို နင့်နင့်နာနာ လွမ်းနေမိသည်။

ဩော်....မိုးစက်ဝေဝေ၊ သစ်ကလေးတစ်ဖောင်နှင့် ရိုးမအလွမ်း ပေတကား။

"ဟုတ်တယ်ဗျာ....ကျွန်တော်တော့ ချောင်းဖျားမှာ မိုးညို့လာ ရင် မိုးဒေဝါကို ရှိုက်ကြီးတငင် ပစ်ဆိုမိတော့တာပဲ"လို့ ပြောနေမိ သည်။ "ရင်ထဲပေါ့သွားအောင်ပေါ့"လို့ ကျွန်တော်ဆက်ပြောမိ တော့ သူငယ်ချင်းကဗျာဆရာက ကျွန်တော့်စကားကို နားမလည်သလို တွေဝေသွားပေသည်။ နောက်တော့ ကျွန်တော်တို့စကားဝိုင်းကလေး လည်း အတန်ငယ် တိတ်ဆိတ်သွားပေသည်။ သူငယ်ချင်းကဗျာဆရာ က ကျွန်တော့်ရဲ့ 'တစ်တောလုံးကြွေ' ဝတ္ထုတို စာမူကလေးကို ဟိုလှန် သည်လှန် လှောက်လှန်ဆဲ။ တစ်နေရာ၌ သူ့မျက်လုံးတွေလည်း စိုက်နစ်သွားတာ ကျွန်တော် သတိထားလိုက်မိပေသည်။ ထို့နောက် သူက "သစ်တောင်မှ ရေမျှောသစ်ကယ်လို့ ရှိသေးလား"လို့ ကျွန်တော့် ကို မေးလိုက်ပေသည်။

"ဘာဗျ"

သူ့အမေးကြောင့် ကျွန်တော့်ရင်ထဲ လှိုက်ခနဲ ခုန်သွား ပေသည်။

www.burmeseclassic.com



"ဩော်...သစ်တောင်မှ ရေမျှောသစ်ကယ်လို့ ရှိသေးလားလို့ မေးတာပါ"

ကျွန်တော်ကား သူငယ်ချင်း ကဗျာဆရာရဲ့အမေးကို မဖြေချင်တော့။ ဦးလေးငပြားကို သတိရလာသည်။ စောထူးလယ်ကို သတိရလာသည်။ ရိုးမတောင်စွယ် တောင်ငယ်ကလေး တစ်ခုပေါ်မှ 'ငြုပ်ကောင်း'ဆိုတဲ့ ရွာကလေးကို သတိရလာသည်။ 'ငြုပ်ကောင်း တောင်ခြေ၊ ကြေကွဲဖွယ်မှု၊ တစ်ခန်းမရပ်၊ အလွမ်းဇာတ်လည်း၊ စီးဆင်းဆဲပေါ့'လို့ ကျွန်တော်စပ်ဆိုခဲ့ဖူးသော ကဗျာအပိုင်းအစကို သတိရလာသည်။

တစ်ရံရောက ငြုပ်ကောင်းတောင်ခြေ၌ မိုးတွေရွာလေလျှင် "မိုးရွာရင်နော်ဗျာ ခင့်ကို ဘာနဲ့ထွေးပါ့မယ်"ရှို့ အသံဝါကြီးဖြင့် ဟစ်အော်သီဆိုလိုက်သော ဦးလေငပြားရဲ့သီချင်းသံက ငြုပ်ကောင်းရွာကလေးထဲ တစ်နေ့မဟုတ်တစ်နေ့ လွင့်မျောနေတတ်ပေသည်။ ထိုအခါက ဦးလေးငပြားသည် ဆံပရူးအရက်ဖြင့် ထာဝရမူးရီနေလျက်။ သူ့ခေါင်းတုံးပြောင်ပြောင်ကြီးကို ပုဆိုးအဟောင်းတစ်ထည် ပေါင်းထားလျက်။ သူ့ခန္ဓာကိုယ်အထက်ပိုင်းသည် ခါတိုင်းလိုပဲ ဗလာကျင်းနေလျက်။ ထိုအခါက ကျွန်တော်သည်လည်းကောင်း၊ စောထူးလယ်သည်လည်းကောင်း ဦးလေးငပြားကိုကြည့်ကာ ရီဝေကြေကွဲသွားတတ်မြဲသည်။ ဦးလေးငပြာရဲ့မိန်းမ အရီးစိန်ကတော့ "နင့်ဦးလေးတော့ ဒီဝေဒနာနဲ့ပဲ ရူးတော့မယ်တူပါရဲ့"လို့ ထိုရက်တွေအတွင်းက ကျွန်တော့်ကို တတွတ်တွတ်ပြောနေတတ်ပေသည်။ ထိုအခါက ရွာကလေးသည် မိုးရိပ်အောက်၌ တိတ်ဆိတ်ငြိမ်သက်နေလျက်။ တစ်ခါ

www.burmeseclassic.com



တစ်ခါ ဟိုး ‘သီဟဗလ’ တောင်ခြေက သစ်ချဆိပ်ဘက်ဆီမှ သစ်ဆွဲသံတွေ၊ ကျွဲမောင်းသံတွေ၊ ဆင်အော်သံတွေသာ ရွာကကလေးထဲသို့ အသံဗလံအဖြစ် ဝင်လာတတ်ပေသည်။

ထိုရက်တွေအတွင်း၌ ကျွန်တော်က စောထူးလယ်တို့အိမ်သို့ ရောက်နေသလို စောထူးလယ်ကလည်း ကျွန်တော်တို့အိမ်သို့ ရောက်နေတတ်ပေသည်။ ကျွန်တော်တို့နှစ်ယောက် ဘယ်သူ့အိမ်ရောက်နေနေ ဦးလေးပြေးကတော့ တွေ့အောင်ရှာ၍ လိုက်လာတတ်ပေသည်။ ထိုသို့ သုံလာသောအခါတိုင်း၌ သူရောက်မလာခင် “မိုးရွာရင်နော်ဗျာ၊ ခင့်ကို ဘာနဲ့ထွေးရပါ့မယ်” ဆိုတဲ့ အသံဝါကြီးက ဦးစွာလွင့်မျောလာတတ်ပေရာ ကျွန်တော်တို့မှာလည်း စိတ်မကောင်းနိုင်ကြတော့။ ထိုအခါမျိုး၌ စောထူးလယ်လည်း သူတို့အိမ်နားက သူတို့ရဲ့ဘုရားကျောင်းကလေးကို တိတ်တဆိတ် ငေးနေပြန်တော့သည်။ ထို့နောက် သူက အက်ကွဲဆို့နင့်သော အသံဖြင့် “ငါလဲ ဦးလေးပြေးအတွက် ဘုရားသခင်ဆီမှာ ဆုတောင်းပေးရဦးမယ်ဝေ” လို့ ပြောနေတတ်ပြန်သည်။ ထိုစဉ် ဦးလေးပြေး သူ့အိမ်ထဲဝင်လာလျှင် စောထူးလယ်က သူချက်ထားသော ဆန်ပရူးအရက်တစ်လုံး ထုတ်လာပြီး ဦးလေးပြေးကို တိုက်ပြန်လေတော့သည်။ ဦးလေးပြေးသည် စောထူးလယ်ချပေးသော အရက်ပုလင်းကို တစ်ချက်မော့လိုက်ကာ “ကျွဲမရှိတော့လဲ ရေမျှောသစ် လုပ်ရတာပေါ့ကွာ” လို့ ကျွန်တော်တို့ကို ပြောနေပေသည်။

“မင်းတို့အဖွဲ့ထဲ ငါ့ပါထည့်လိုက် အကောင်တွေရေ့၊ မင်းကလဲ ကျွဲမရှိ၊ စောထူးလယ်ကလဲ ကျွဲမရှိ၊ ခု ငါ့မှာလဲ ကျွဲမရှိ၊ ဒီတော့ ရေမျှောကြရုံပေါ့ကွယ်၊ ဘာလဲစောထူးလယ် ဆိုဆိုနေတဲ့ မန္တလေး

www.burmeseclassic.com



ကျုံးရေ ရေမခန်းသမျှတော့၊ မန္တလေးကျုံးရေ မခန်းသမျှတော့၊ မှုတ်ဘူးလား၊ ဟား…ဟား…ဟား”

ဦးလေးပြေးက နတ်ဝင်သည် တစ်ယောက်လို ကိုယ်ကို ယိမ်းလှုပ်ကာ ရယ်မောနေပြန်တော့သည်။

ဩော်…ရေမျှောသစ်၊ ဆန်ပရူးအရက်နှင့် ကွဲနေသော မှန်စများမေတကား။

ဦးလေးပြေး၏ ရယ်သံအဆုံး၌ မိုးကြီးတမက ဝေါခနဲ ရွာချလိုက်ပြန်သည်။ ကျွန်တော်က မိုးစက်တွေကြား၌ ဧသွားသော ရိုးမတောင်ကြီးကို ငေးနေလိုက်မိသည်။ စောထူးလယ်လည်း ကျွန်တော့်လို ငေးနေလျက်။ ထိုစဉ် မိုးသက်လေက ဇေ့လာမေရာ စောထူးလယ်ရဲ့ အိမ်ကလေးကို ဝိုင်းပတ်ထားသော ငှက်ပျောတောကြီးလည်း တဖျောဖျော မြည်နေတော့သည်။ ဦးလေးပြေးသည်လည်း ကျွန်တော်တို့လိုပင် ရိုးမတောင်ကြီးကို ငေးမောနေရင်းက ဆန်ပရူးအရက်ကို နောက်တစ်ချက် မော့သောက်ကာ “မင်းတို့ သစ်ဘယ်နှစ်လုံးစုလို့ ရပလဲ၊ များရင် ငါ့လဲချေးကြစမ်းပါဦးကွာ၊ ဒါမှလဲ မင်းတို့နဲ့အတူ မျှောနိုင်မှာ၊ နောက်တော့ ငါ မင်းတို့သစ်ကို အစားပြန်လှဲပေးမှာပေါ့”လို့ တတွတ်တွတ် ပြောနေပြန်တော့သည်။

ထိုအခါ စောထူးလယ်က သူ့ဆံပင်ရှည်ကြီးတွေ ယိမ်းလှုပ်သွားအောင် ခေါင်းကို ခါယမ်းနေရင်း ဦးလေးပြေးရဲ့လက်ကျန် ဆန်ပရူးကို ပုလင်းလိုက် မော့လိုက်ပေသည်။ ထို့နောက် သူက ရီနေသော သူ့မျက်လုံးကြီးတွေကို မှေးစင်းကာ “ဦးလေးပြေးကလဲ ဒီလောက်မိုးရွာနေတာ နင်က သစ်မျှောချင်သေးလို့လားဝေ၊ နင်က

www.burmeseclassic.com



နင့်ကျွဲသေပြီးကာ မကြာသေးဘူ သစ်ဆုံးချင်ပြန်ပလား”လို့ ပြောနေပြန်တော့သည်။ ကျွန်တော်က ဘာမှဝင်မပြောမိ။ ကျွန်တော့်မှာသည်ရက်အတွင်း မိုးတွေတစ်အားရွာနေတာကိုပဲ မကျေမနပ်ဖြစ်နေမိသည်။ မိုးရွာလျှင် တောင်ရေတစ်အားကျ၍ ကျွန်တော်တို့မှာ သစ်မမျှောနိုင်ကြ။ မိုးက ဘယ်နှစ်ရက် ဆက်ရွာနေဦးမည် မသိ။ ကျွန်တော့်ရင်ထဲ၌ လေးသိပ် ပင်ပန်းနေသေးသည်။ ဦးလေးပြောကတော့သူ့ကို သစ်ချေးပါဦးတဲ့လေ။ ဩော်…ချေးရမှာပေါ့လို့ ကျွန်တော်ကရင်ထဲ၌ မြည်တမ်းမိဆဲ။ သူ့ကျွဲတွေသေစဉ်က မျက်ရည်ရစ်ခဲကြီးနဲ့ကျွန်တော်တို့ကို အမဲဖျက်ဖို့ လာခေါ်တာ၊ အမဲဖျက်ပြီးတော့ အမဲချေးခါးတစ်အိုးကြီးနဲ့ မူးအောင်သောက်ပစ်ကြတာ၊ နောက်ဆုံးဦးလေးပြောလည်း မူးရီကြေကွဲနေလျက် “ဖြစ်သမျှအကြောင်းပဲပေါ့၊ မွေးလာတုန်းကလဲ ကိုယ့်မှာ ဘာပါခဲ့တာမှတ်လို့”ဟု ပြောနေပြန်ပေသည်။ ဦးလေးပြောကား သူ့ကိုယ်သူ နှစ်သိမ့်နေဟန် တူပေသည်။ သို့သော် သူ့စကားက သည်တွင်မရပ်သေး။

“အေးဝေ၊ မွေးကတည်းက ဘာမှမပါသလို ဟောဒီပါးစပ်နဲ့ ဟောဒီဗိုက် ပါမလာရင် ကောင်းမှာနော်”

“ဘယ်လိုဝေ၊ ဦးလေးပြောရဲ့”

ဦးလေးပြောရဲ့ စကားသံ၌ စောထူးလယ်လည်း အံ့ဩတုန်လှုပ်သွားဟန် တူပေသည်။ သို့သော် ဦးလေးပြောက ဘာမျှပြန်မပြောတော့။ မြင်ကွင်းများ၊ အသံများ၊ စကားလုံးများကြား၌ ကျွန်တော်တို့သည် စိတ်မကောင်းနိုင်ကြတော့။ ဦးလေးပြောရဲ့ ကျွဲတွေကတစ်ကောင့်တစ်ကောင်ခတ်ရင်း သေခဲ့တာလေ။

www.burmeseclassic.com


နောက်ဆုံးတော့လည်း ဦးလေးပြေးက "ငါ့အဖေ မသေခင်က ပြောသလို နွားမရှိလဲ ဓားရှိ ဝါးခုတ်စားလို့ရတာပဲ မှတ်ဘူးလား"ဆိုပြီး ရယ်လိုက်တာလေ။ ဦးလေးပြေးရဲ့မိန်းမ အရီးစိန်ကတော့ သူ့စရိုက်အတိုင်း မထုံတက်တေး။ အရီးစိန်ကား လောကဓံရဲ့ အထု အထောင်းအောက်၌ မာကျောသွားပြီလား၊ ထုံကျင်သွားပြီလား မသိ။ ဦးလေးပြေးက သူ့ကျွဲတွေအတွက်ကြေကွဲ မှူးရီနေတဲ့ ရက်တွေအတွင်း အရီးစိန်က ဖက်ခူးထွက်နေလေရဲ့။ တောင်စွန်း ဖက်တွေ တရွက်ကြီးနှင့် အရီးစိန်က "ပါးစပ်က လှုပ်နေတယ်မှတ် လား"လို့ ကျွန်တော့်ကို ပြောတတ်ပေသည်။

ကျွန်တော်ကား အမေအရွယ် ထိုမိန်းမကြီးအတွက် ဘယ်လို ခံစားရသည်ကို ယခု ပြန်မပြောချင်တော့ပါ။ ဖက်ခူးလမ်းကလေးတွေ သည် ပကတိ ကျဉ်းမြောင်းနေလျက်။ ဆံပင်ဖြူဖြူ ပိန်ပိန်ပါးပါး မိန်းမကြီးသည် လမ်းကျဉ်းကလေးအတိုင်း ချုံထဲသို့ တိုးဝင်ကာ နောက်ဆုံး ပျောက်ကွယ်သွားလျက်။ နေ့များသည် ဖြတ်သန်းသွား နေကြသည်။ ညနေ နေရီလျှင် ဓားကတစ်ဖက်၊ ဖက်စည်းကိုရွက် ထားသော မိန်းမများသည် မနက်က ဝင်သွားသော လမ်းကလေး အတိုင်း ပြန်ထွက်လာကြပေသည်။ ထိုအခါက နေ့များ၌ မိုးရွာလျှင် သူတို့ တစ်တွေလည်း မိုးတွေခိုနေလျက်။ သူတို့သည် အိမ်ရောက်လျှင် နွေးသွားအောင်တော့ မီးလှုံချင်လှုံ သို့မဟုတ် ဆန်ပရုးတစ်ခွက်လောက် တော့ မော့ကြပေလိမ့်မည်။ သြော်....ပါးစပ်လှုပ်သလို လက်လှုပ် သူများပါပေ။

www.burmeseclassic.com


နောက်ဆုံး တော့လည်း ကျွန်တော်တို့သည် မိုးပါးသောရက် တစ်ရက်၌ သစ်မျှောရန် ချောင်းဖျားသို့ တက်ခဲ့ကြလေတော့သည်။ ထိုအခါက မိုးဇာအလွှာပါးပါးကလေးအောက်၌ ငြိမ်ကောင်းရွာကလေး သည် လွမ်းမောဖွယ် ကောင်းနေပြန်တော့သည်။ ပြင်ကျိုင်းသော တောင်သရက်ပင်ကြီးတွေက ရွာကလေးကို ထီးများလို အုပ်မိုးထား လျက်။ ကျွန်တော်တို့ကား ခါးကြားတွင် ဝါးကိုယ်စီ ထိုးထားလျက်။ ဦးလေးငပြားကတော့ သစ်တွေသီရန် နွယ်ကြိုးခွေကို လည်ပင်းတွင် စွပ်ထားလျက်။ ကျွန်တော်တို့ကား လှဲပြီးသား၊ ဖြတ်ပြီးသား သစ် တွေကို နဖားပေါက် ဖောက်ပြီးပြီမို့ 'နဖားပေါက်' ယူမလာခဲ့တော့။ ကျွန်တော်တို့သည် သချိုင်းကလေးအစသို့ ရောက်သောအခါ တောင် ဆင်းလမ်းကလေးအတိုင်း ဆင်းခဲ့ကြတော့သည်။ ငြိမ်ကောင်းရွာ ကလေးက ကျွန်တော်တို့အပေါ်တွင် တစ်စတစ်စ ကျန်ရစ်နေတော့ သည်။ တောင်ဆင်းလမ်းကလေး ဆုံးသွားတော့ တစ်မျှော်တစ်ခေါ် ကွင်းကြီးတစ်ကွင်း။ ကျွန်တော်တို့ကား ထိုစားကျက်ကြီးကို ဖြတ်သန်း ရပေဦးမည်။ ထိုကွင်းကြီးဆုံးလျှင်တော့ 'ကိုလှူပွဲ'ပေါ့။ ကိုလှူပွဲက စမ်းပေါက်တစ်ခုမှာ ကျွန်တော်တို့ သစ်တွေချထားပြီးနေပြီ။ ကျွန်တော် တို့သည် ရိုးမတောင်ကြီးတွေနှင့် တစ်စတစ်စ နီးလာနေတော့သည်။ ရိုးမတောင်ကြီးတွေက ပြာမှိုင်းနေလျက်။ တချို့တောင်တွေပေါ်မှာ တော့ မြူခိုးတွေ ဖြူစိုစို ဝေနေလျက်။ ဟိုးအမြင့်ဆုံး 'ဒီပါရုံ'တောင် ပေါ်မှာတော့ ပြာမှိုင်းသော မိုးခဲတစ်စပါလား။ ထိုမိုးခဲတစ်စက ကျွန်တော့်ရင်ကို လှိုက်ခနဲ ခုန်သွားစေသည်။ ဒီလိုဆိုလျှင် ဒီနေ့လည်း တို့ သစ်မျှောနိုင်ပါဦးမလား။ ကျွန်တော်ကား ခံစားလွယ်သူတစ်ယောက်

www.burmeseclassic.com



လို ဖြစ်နေတော့သည်။ ကျွန်တော့်မှာ ထိုမိုးခဲလေး တစ်စအတွက် ထိခိုက်ခံစားလာနေရသည်။

"ဟို ဒီပါရုံတောင်ပေါ်မှာ မိုးခဲတစ်စပါလား ဦးလေးပြော ရဲ့"

ကျွန်တော်က ဦးလေးပြေားကို ပြောလိုက်မိပေသည်။ ဦးလေးပြေားကလည်း ကျွန်တော့်စကားကို နားလည်ဟန် တူပေသည်။ ဦးလေးပြေားကော၊ ဆောထူးလယ်ကော ဟို ဒီပါရုံတောင်ပေါ်သို့ ဝေးသွားကြလျက်။ နောက်ဆုံးတော့ ဦးလေးပြေားက "ဒီနေ့တို့လို သစ်မျှောမယ့်သူတွေ တို့ရှေ့ကတက်သွားတာ အများကြီးပဲ၊ မိုးပြိုလဲ အများပေါ့ကွာ" လို့ ပြောနေပေသည်။ ကျွန်တော်တို့သုံးယောက်လည်း စားကျက်ကြီးထဲ တစိုက်စိုက် လျှောက်နေမိဆဲ။ ကျွန်တော့်ရင်ထဲလည်း ဆွတ်ဆွတ်ကျင်ကျင် ခံစားလာရကာ 'မိုးဒေဝါ'ကို ရှိုက်ကြီးတငင် ဟစ်ဆိုလိုက်မိသည်။ ထိုအခါက ကျွန်တော့်သီချင်းသံတွေလည်း ပကတိ ကြေကွဲနေပေလိမ့်မည်။ ကျွန်တော်တို့လည်း သည်မိုးသည်လေအတိုင်းဆို တော်တော်နှင့် သစ်မျှောနိုင်ကြဦးမည်လားမသိပါ။ ကျွန်တော်လည်း အရီးစိန်ပြောသော "ပါးစပ်က လှုပ်နေတယ် မဟုတ်လား" ဆိုသော စကားစကို သတိရလာသည်။ ကျွန်တော်တို့သည် အပိုအလျှံရှိသူများ မဟုတ်ကြပါ။ လက်လှုပ်မှ ပါးစပ်လှုပ်နိုင်သူများ ဖြစ်ပေသည်။ တကယ်တော့လည်း ကျွန်တော်တို့သည် အမျိုးမျိုးလုပ်ကိုင်စားသူများ ဖြစ်ကြပါသည်။

တချို့ကား ကျွဲသစ်လုပ်သည်။ တချို့ကား ရေမျှောသစ်လုပ်သည်။ တချို့ကား သစ်ဆွဲလိုက်သည်။ တချို့ကား သစ်လှဲလိုက်

www.burmeseclassic.com



သည်။ တချို့ကား ပိုတန်ခုတ်သည်။ တချို့ကား နွယ်နုတ်သည်။ အချို့ကား သစ်ဖောင်လိုက်သည်။ တချို့ကား အမဲလိုက်သည်။ တချို့ကား မျောက်ပစ်သည်။ တချို့ကား မျောက်သွေးရောင်းသည်။ တချို့ကား ဖက်ခူးကြသည်။ တချို့ကား တောစင်ကွေ၌ လွှဆွဲလိုက်သည်။ တချို့ကား ကြိမ်ခုတ်ကြသည်။ တချို့ကား ဝါးခုတ်ကြသည်။

သူတို့ကား အိမ်ရှိသူများ ဖြစ်ကြပေသည်။ သူတို့ကား သားရှိသူများ ဖြစ်ကြပေသည်။ မယားရှိသူများ ဖြစ်ပေသည်။ ဘုရားရှိသူများ ဖြစ်ပေသည်။ ချစ်သူရှိသူများ ဖြစ်ပေသည်။ သူတို့ကား ထိုသား၊ ထိုမယား၊ ထိုဘုရား၊ ထိုချစ်သူများကို ပစ်ခဲ့ကာ ရက်အတန်ကြာအောင် တောသို့တက်၍ အလုပ်လုပ်ရပေသည်။ သူတို့ကား တောသို့တက်ရာ၌ ဆန်ပါသည်။ စားအိုးစားခွက် ပါသည်။ အရက်ပါသည်။ ထမင်းချက်စားကြသည်။ စားပြီးလျှင် နီးစပ်ရာ အစုအဖွဲ့တွေနှင့် သစ်ရွာထွက်ကြသည်။ သူတွေ့လျှင် သူ့အပင်။ ကိုယ်တွေ့လျှင် ကိုယ့်အပင်။ ကိုယ့်အမှတ်အသားကို ကိုယ်မှတ်ကြသည်။ ပြီးလျှင် လမ်းဖောက်ကြသည်။ ကိုယ့်အပင်ကို သူကူလုပ်ပေးသည်။ သူ့အပင်ကို ကိုယ်ကူလုပ်ပေးသည်။ သူ့အပင်က သစ်ပုတ်ဖြစ်ချင် ဖြစ်မည်။ ကိုယ့်အပင်က မဟော်ဂနီ ဖြစ်ချင်ဖြစ်မည်။ ပိန္နဲဖို ဖြစ်ချင်ဖြစ်မည်။ အောက်ချင်းစာ ဖြစ်ချင်ဖြစ်မည်။ ကြက်တူရွေးစာ ဖြစ်ချင်ဖြစ်မည်။ အောက်ချင်းစာ ဖြစ်ချင်ဖြစ်မည်။ သူတို့ကား မောသွားလျှင် ဆန်ပရူးအရက်ကို သောက်ချင်သောက်မည်။ သူတို့ကား တောထဲ၌ အနေကြာလာသောအခါ သူတို့သည် အိမ်ကိုလွမ်းလာကြသည်။ သားကိုလွမ်းလာကြသည်။ မယားကို လွမ်းလာကြသည်။ ချစ်သူကို လွမ်းလာ

www.burmeseclassic.com



ကြသည်။ ထိုအခါ သူတို့သည် ညတိုင်းလျှင် အသင့်ဖိုထားသော မီးဖိုဘေးတွင် စုဝေးကြသည်။

ထိုအခါမျိုး၌ နေ့လယ်က တောကောင်တစ်ကောင် ရထားလျှင် ဝိုင်းသည့် ပို၍စိုပြည်တတ်သည်။ ညလေထဲ၌ သားကောင်ကို မီးသင့်ရနံ့က ခဲခဲပျစ်ပျစ် ပျော်ဝင်နေတတ်သည်။ အရက်ကျန်သေးလျှင် အရက်သောက်မည်။ အရက်သောက်၍ မူးရီလာလျှင် သီချင်းဆိုမည်။ (သို့သော် ထိုအုပ်စုထဲ၌မပါဘဲ သီးသန့်မီးဖိုကလေးတစ်ဖိုဘေး၌ ပရိတ်ရွတ်သူ၊ ဘုရားရှိခိုးရွတ်ဆိုသူတွေလည်း ရှိပေမည်။)

နောက်ဆုံးတော့လည်း သူတို့သည် မောမောပန်းပန်းနှင့် ကောင်းကင်ကို အုမိုးလုပ်ကာ ထိုမီးဖိုကြီးဘေး၌ပင် အိပ်မက်မဲ့ အိပ်ပျော်သွားပေလိမ့်မည်။

သြော်...အနောက်ရိုးမရဲ့ အလွမ်းညများပေတကား။

ကျွန်တော်တို့သည် ကျောက်ကြမ်းတောကြီးတစ်တောကို လွန်သောအခါ ကျွန်တော်တို့လှဲပြီးသား သစ်တွေထားရာ စမ်းချောင်းကလေးသို့ ရောက်တော့သည်။ ဦးလေးပြေးက ကျွန်တော်တို့လှဲပြီးစုထားသော သစ်တွေကို တွေ့သောအခါ "ဟာ...သစ်ပုတ်တွေပါလားကွ"လို့ပြောရင်း သူ့လည်ပင်းတွင် စွပ်ထားသော နွယ်ကြိုးခွေကို ဖြေတော့သည်။

"တစ်ယောက်နှစ်လုံးတော့ မျှောကြတာပေါ့"

ကျွန်တော်က ပြောလိုက်မိပေသည်။ ကျွန်တော်တို့သည် စမ်းချောင်းစပ်က ကျောက်စရစ်ခုံကလေးပေါ်၌ ရပ်နေမိကြလျက်။ စမ်းရေက ကျောက်စရစ်ခုံကလေးကိုဖြတ်ပြီး စီးဆင်းနေသည်။ ထို

www.burmeseclassic.com



ကျောက်စရစ်ခဲကလေးတွေကို ကျွန်တော်တို့က 'ဇင်း'လို့ ခေါ်ကြပေသည်။ ထိုစမ်းချောင်းတစ်လျှောက်၌ ဇင်းပေါင်းမြောက်မြားစွာ ရှိပေသည်။ သစ်မျှောရာ၌ ကျွန်တော်တို့သည် စမ်းချောင်းတစ်လျှောက် သစ်လုံးကိုထိန်းရင်း၊ ကမ်းပါးနှင့်မတိုက်အောင် ဖြောင့်ပေးရင်း သစ်လုံးကိုစီး၍ လိုက်သွားလို့ ရသော်လည်း ဇင်းကိုကျော်အောင်တော့ ကျွန်တော်တို့က လူအားနှင့် တွန်းပေးရသည်။

ဦးလေးပြောသည့် နဖားပေါက်တွေထဲသို့ နွယ်ကြိုးကား သစ်တွေကို နှစ်လုံးတစ်တွဲ တွဲလိုက်ပေသည်။ ကျွန်တော်တို့ကား ပုဆိုးတွေကို လည်ပင်းတွင် ရစ်သိုင်းလိုက်ကြတော့သည်။ ကျွန်တော်တို့ ခန္ဓာကိုယ်ကား မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်သွားကြတော့သည်။ ကျွန်တော်တို့သည် သစ်လုံးတွေကို ဇင်းပေါ်မှ တွန်းချပြီးသောအခါ ဓားတွေကို သစ်ကုန်းနောက်မီးတွင် ပစ်စိုက်လိုက်ကြပြီး နွယ်ကြိုးကို ကိုင်ကာ သစ်လုံးပေါ်မှ ဖော့၍ လိုက်ခဲ့ကြတော့သည်။

ချောင်းရေကတော့ ဟိုရက်က ရွာထားသော မိုးအရှိန်ကြောင့် အားကောင်းကောင်း စီးနေဆဲ။

ဓားကလေးတွေ စိုက်ထားသော သစ်လုံးတွေက ရေစီးအားဖြင့် တရိပ်ရိပ်မျောကြလေပြီ။ ကျွန်တော်တို့ကား သစ်မျှောရာတွင် ဓားမပါ၍ မရကြ။ မိုးတွင်းမို့ ချောင်းရေက မြင့်နေပေရာ ချောင်းစပ်က သစ်ပင်တွေကလည်း ချောင်းရေ၌ တစ်ဝက်နစ်မြုပ်နေလျက်။ အကာယ်၍ မျှောနေဆဲ သစ်လုံးတွေနှင့် ချောင်းစပ်ကချုံတွေ ငြိနေလျှင် သစ်လုံးပေါ်မှ ဓားကိုနုတ်ကာ ခုတ်ဖြတ်ကြရလေသည်။

ကျွန်တော်တို့ကား ကျွန်တော်တို့သစ်တွေကို ရေ၌မျှောခဲ့ကြလေပြီ။

www.burmeseclassic.com



ကျွန်တော်တို့ရှေ့မှာလည်း သစ်မျှောသူတွေ မျှောနှင့်ကြလေပြီ။ ကျွန်တော်တို့နောက်မှာလည်း မျှောသူတို့ မျှောလာနေကြသည်။ ထိုအခါမျိုး၌ စမ်းချောင်းကလေးသည် သစ်မျှောသူတို့၏ အသံတွေဖြင့် ဆူညံနေတတ်ပေသည်။ စမ်းချောင်းဘေးရှိ သစ်ဆွဲလမ်းကလေးမှာလည်း သစ်အောင်းသံတွေ၊ ကျွဲမော်င်းသံ၊ ကျွဲရပ်ခိုင်းသံ 'တဘော ဘော'နှင့် ရိုးမ၏ဂီတသည် မလှမပ မြည်ဖနေတော့သည်။ ထိုစဉ် ကျွန်တော့်ရှေ့မှ မျှောသွားသော စောထူးလယ်က "ဇော့ကောင်ရေ၊ ချောင်းဖျားမှာ မိုးရွာပြီနဲ့တူတယ်၊ ချောင်းရေက စောစောကထက် ပိုစီးလာသလိုပဲဇော့"လို့ ကျွန်တော့်ကို အော်ပြောနေသည်။ ထိုစဉ် အနောက်ဘက် သစ်မျှောသူများထံမှ "တောင်ရေကျလာပဟေ့"ဆိုသော ပဲ့တင်သံကြီးက စမ်းချောင်းတစ်လျှောက် ကြောက်မက်ဖွယ်ရာ လွင့်မျောလာနေသည်။

အဖြစ်အပျက်တွေက မြန်ဆန်လွန်းသည်။ တောင်ရေက ဒလဟောလိမ့်ဆင်းလာနေသည်။ ကျွန်တော်တို့သည် သစ်တုံးတွေကို နီးစပ်ရာအပင်တွင် ဆွဲချည်ချိန် မရလိုက်ကြ။ သစ်တုံးနောက်မြီးတွင် စိုက်ထားသော ဓားတွေကိုနုတ်ချိန် မရလိုက်ရ။ လူတွေပါ ချောင်းရေထဲ မျှောမသွားအောင် နီးရာစမ်းပေါက်ကမ်းနေ ကုန်းပေါ်သို့ တက်ခဲ့ရတော့သည်။

ကျွန်တော်တို့ သစ်တုံးတွေကား အတားဆီးမဲ့ မျှောချင်ရာသို့ မျှောသွားကြတော့မည်။ တချို့သစ်တွေလည်း 'ဂုတ်'ထဲသို့ ဝင်သွားကြပေလိမ့်မည်။ ကျွန်တော်တို့သည် တစ်ခုသော စမ်းချောင်းဘေးက သစ်ပုတ်ပင်ကြီးအောက်၌ လူပြန်စုမိကြသောအခါ မိုးကြီးတမက ရွာချလာပြန်တော့သည်။ ရိုးမတောင်ပေါ်၌ရွာသောမိုးသည် ကျွန်တော်

www.burmeseclassic.com



တို့ဆီ ရောက်လာပေပြီ။ ကျွန်တော်တို့ကား လည်ပင်းတွင်သိုင်းထားသော ပုဆိုးတွေကိုလည်း ပြန်ဝတ်ရန် မေ့လျော့နေကြသည်။ ကျွန်တော်တို့ ရေမျှောသူ လူအုပ်ကြီးမှာလည်း မနည်းကြ။ ကျွန်တော်တို့သည် မတိုင်မပင်ပါပဲလျက် တစ်ပြိုင်နက်တည်း ဝမ်းနည်းကြေကွဲရိပ်တွေ သန်းလာနေကြသည်။

ထိုစဉ် ဦးလေးပြောက ကြောက်မက်ဖွယ်ရာ တဟားဟားရယ်မောလိုက်ပေသည်။ ကျွန်တော်တို့ကား သူ့ကို နားမလည်ကြ။

"ဟုတ်တယ်လေကွာ၊ ရယ်တော့ရယ်စရာ အကောင်းသား၊ ကျွဲမရှိလို့ ရေမျှောသစ် ခုတ်တယ်၊ ရေမျှောသစ်လုပ်တော့ တောင်ကျရေနဲ့ တိုးတယ်၊ ဓားရှိရင် ဝါးခုတ်စားလို့ရတယ်လို့ ပြောရအောင်ကလဲ ဓားတွေလဲ သစ်တုံးတွေနောက် ပါသွားပြီ"

ဦးလေးပြောက မိုးသံတွေကြားထဲ စူးထွက်လာအောင် စကားကို အော်ပြောနေသည်။

"ဟော့...အဲဒီတော့လဲ ဘာဖြစ်လဲကွာ မဟုတ်ဘူးလား၊ ဓားမရှိတော့ တို့မှာ လက်တွေရှိသေးတယ်၊ အဲဒီတော့ တို့ရှိတဲ့ လက်တွေနဲ့ နွယ်နုတ်ကြတာပေါ့ မဟုတ်ဘူးလား"ဟုဆိုကာ ပုဆိုးမဝတ်ထားသော ခန္ဓာကိုယ်ကြီး ယိမ်းလှုပ်ကာ တဟားဟား ရယ်မောနေပြန်သည်။ မိုးရေထဲက အနောက်ရိုးမ။ ဦးလေးပြောရဲ့ ကြောက်မက်ဖွယ်ရာ ရယ်မောသံကြီး။ မိုးသက်လေထဲ၌ ယိမ်းလှုပ်နေသော သစ်ပင်ကြီးတွေ။ မိမွေးတိုင်းဖမွေးတိုင်း ခန္ဓာကိုယ်ကြီးတွေနှင့် ကြေကွဲဝမ်းနည်းနေသော ကျွန်တော်တို့တစ်တွေ။ ကျွန်တော်တို့ကား ဂန္ထဝင်အလွမ်းဓာတ်ရှည်ကြီးတစ်ပုဒ်ထဲ ရောက်နေသလိုပင်။ အကယ်၍ ဤမြင်ကွင်းသည် ဂန္ထဝင်အလွမ်းဓာတ်ရှည်ကြီး တစ်ပုဒ်နှင့် ဆင်ဆင်

www.burmeseclassic.com



တူလျှင် ထိုအပိုင်းသည် ဇာတ်၏အထွတ်အထိပ်ပိုင်းပင် ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့သည် ထိုဇာတ်အထက်ပိုင်းကို မည်သို့ခြေရာမည်ကို မသိကြပေတကား။

လွန်ခဲ့သော တစ်ရံရောက ကျွန်တော်သည် ထိုအကြောင်းအရာကို ကဗျာရေးမည် ပြုဖူးလေသည်။ သို့သော် ကဗျာက ထိုအကြောင်းအရာကို ကဗျာအဖြစ် လက်မခံပြန်။ ထိုအခါ ကျွန်တော်လည်း မတတ်နိုင်တော့လို့ ထိုအကြောင်းအရာကို ဝတ္ထုတိုကလေးအဖြစ် ဖန်တီးလိုက်မိပေသည်။ သို့သော် ခံစားမှုဖြင့် စိပ်မှုန်သော ထိုဝတ္ထုတိုကလေးသည် ကျွန်တော် ကြိုးစား မဖန်တီးပါလျက် ကဗျာတစ်ပုဒ်နှင့် ဆင်ဆင်တူနေတာကို တွေ့ရပေတော့သည်။

သြော်...တစ်တောလုံးကြွေ၊ အနောက်ရိုးမနှင့် ရေမျောသူများပေတကား။

"တစ်တောလုံးကြွေ ဆိုတာလေးကတော့ လှတယ်ဗျ"

သူငယ်ချင်းကဗျာဆရာရဲ့ အသံက ခါတိုင်းလိုပဲ တိုးသက်နေလျက်။ ထူထဲသောမျက်မှန်အောက်က မျက်လုံးတွေလည်း ခါတိုင်းလိုပင် ရီနေလျက်။ ကျွန်တော်က ရိုးသားသင့်တယ်ထင်လို့ 'တစ်တောလုံးကြွေ'ဆိုတာလေးကို ဆေး(၂) နှစ်လည်မဂ္ဂဇင်းမှာပါတဲ့ မောင်မောင်သင်ရဲ့ 'ခရမ်းပြာအိပ်မက်' ဝတ္ထုတိုကကလေးထဲက ယူသုံးတာပါလို့ ရှင်းပြနေမိသည်။ ကျွန်တော်တို့ကား ဒီလိုပဲရိုးသားရန် ကြိုးစားနေမိတတ်ကြသည်။ ကျွန်တော်တို့ကား မသိတာကို မရေးချင်ကြ။ သိချင်တာ နားလည်ချင်တာ၊ မသိသေးတာ နားမလည်သေးတာကို သိအောင် နားလည်အောင် ကြိုးစားသော်လည်း ရေးချင်တာတစ်ခုတည်းအတွက်သက်သက်တော့ သိအောင် နားလည်အောင် မကြိုးစား

www.burmeseclassic.com



မိကြ၊ ဘဝတစ်ခု၌ ထည်ထည်ဝင်ဝင် နေထိုင်ရင်း ထိုအရိုက်အခတ် အတွေ့အကြုံတွေကြောင့် ခံစားရတာကိုပဲ စိပ်စိပ်မှုန်မှုန် ရေးပစ်လိုက်ချင်ပေသည်။ ကျွန်တော်တို့ကား ခံစားမှုမပါလျှင် ဘာကိုမှမယုံကြည်ချင်တော့။ ခုလည်း ကျွန်တော်ရေးထားသော 'တစ်တောလုံးကြွေ' ဝတ္ထုတိုကလေးကို သူငယ်ချင်းကဗျာဆရာအား ဖတ်နိုင်းနေခြင်းဖြစ်သည်။ သူ ရင်ခုန်ပါ့မလား မပြောတတ်ပေ။

တကယ်တော့လည်း စာရေးတယ်ဆိုတာ ရင်ခုန်သံကို ဝေငှတာပဲ မဟုတ်လား။

"ကျွန်တော်က ဒါကိုပြောတာ မဟုတ်ပါဘူး၊ မိုးဥတုနောက်ခံထားပြီး ခင်ဗျားက တစ်တောလုံးကြွေဆိုတော့ ခင်ဗျား သစ်သွားလုပ်တဲ့ ရိုးမက မိုးတွင်းအခါ သစ်ရွက်တွေ တစ်တောလုံးကြွေနေလို့လား"

သူက ကျွန်တော့်ဝတ္ထု သရုပ်မမှန်မှာကို စိုးရိမ်ဟန်တူပေသည်။ သို့သော် သူငယ်ချင်းကဗျာဆရာရဲ့ အမေးက ကျွန်တော့်ရင်ကို ခုန်သွားစေသည်။ ဩော်....ကျွန်တော်ရောက်ဖူးသော ရိုးမက မိုးအခါ သစ်ရွက်တွေ တစ်တောလုံး ကြွေနေသလားတဲ့လေ။

"သစ်ရွက်တွေကတော့ တကယ်မကြွေဘူးပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော်က တစ်တောလုံး ကြွေနေသလိုပဲ ခံစားရတယ်"

"ဘာဗျ"

"ဟုတ်တယ်လေ....ကျွန်တော်တော့ တစ်တောလုံး ကြွေနေသလိုပဲ ခံစားရတယ်"

ဩော်....အပြင်ဘက်၌ မိုးကတော့ ရွာမြဲပင်....။

❄

www.burmeseclassic.com

ကလောမြို့ သိမ်တောင်တောင်ခြေမှာ
သိမ်တောင်လို အေးစက်တောင့်ခဲနေတဲ့
သက်ကြီးပု ဆေးရုံကလေးထဲကနေ
လမ်းပေါ်ထွက်ကျလာတာ၊
ပစ်တင်လိုက်ရတဲ့အလောင်း
(လှည်းပေါ်မှာ ခွေစောင်းစောင်းကြီး)....တဲ့လေ။

ကျွန်တော့်မှာ ကြေကွဲစရာ မောင်အောင်ပွင့်ရဲ့ "မဲလေး" ကဗျာကိုမှ သတိရလာရလေသည်။ ပြာဝေဝေကောင်းကင်ကြီးအောက်။ အေးစက်ငြိမ်သက်နေသော နိမ့်ပြေပြေမြေနီလမ်းကလေးပေါ်၌ မဲလေးလှည်းတစ်စီးက အထီးကျန်ရပ်လို့လေ။ ထိုအခါမျိုး၌ ထိုသို့ပင် "မဲလေး"ကို သတိရလာမိသည်က ကျွန်တော့်အတွက်တော့ အဆန်းဟုတ်မည်မထင်တော့ပါ။ ကျွန်တော့်မှာ ဆည်းပြာရီကြီးထဲက မဲလေးလှည်းကို ငေးနေမိပြန်လေသည်။ တစ်တောလုံးရှိ သစ်ပင်တို့မှ သစ်ရွက်တို့သည် တောလုံးကျွတ် ကြွေကျနေကြသည်။ ရုံဖန်ရံခါ၌

www.burmeseclassic.com



သစ်ရွက်ကြွေအသေတွေက ဘုရားကျောင်းကလေးပေါ် ဖွားကနဲ ကျဝေသွားကြပြန်လေသည်။ ထံရီဇားလူသည် ကျွန်တော့်လိုပင် ရွက်ကြွေတောကို ငေးနေပြန်တော့သည်။

ဘီးနှစ်ဖက်ဟာ

အမှုးသမားနှစ်ယောက်

ဒယီဒယိုင်လျှောက်နေသလို

ကွာသွားလိုက် ပြန်စုလိုက်။

သို့သော် ကျွန်တော်မြင်ခွင့်ရနေသော မဲလေးလှည်းကား မလှုပ်ရှားတော့။ သူ့ပေါ် တင်လေ့တင်ထရှိသော အလောင်းတွေလိုပင် အေးခဲသေဆုံးသွားလေဟန်။ အရာရာသည် ညနေဆည်းရီနှင့်အတူ ဝမ်းနည်းတိုးတိမ်သွားနေလေတော့သည်။ အဝေးဆီမှ ဥသြလေး တစ်ကောင်၏ ကွဲအက်အော်သံသည် အဆုံးမထင် လွင့်မျောနေပြန် လေသည်။

ကုန်းအမော့မှာ

လှည်းတွန်းသူ နှစ်ဦးသားကိုယ်တွေ

တွန့်ခေါက်တိုဝင်သွားလိုက်

ဆန့်ထွက်ရှည်လာလိုက်။

ချွေးလေ လေးငါးကောင်

လမ်းကိုနမ်းနမ်းကြည့်

ဘာဖြစ်တယ်မသိ

ခေါင်းမော့သံရှည်ဆွဲအူလိုက်ကြ

ဆက်လိုက်လိုက်ကြ။

www.burmeseclassic.com



ကဗျာထဲကမြင်ကွင်းသည် ကျွန်တော့်ရင်ကို အတန်အသင့် လှုပ်ရှားနေစေပြန်သည်။ သို့သော် ကျွန်တော့်အနီးအနား၌ အသံတွေ ပျောက်ဆုံးသွားကြပြီ။ စောစောက ကျွန်တော်ကြားခွင့်ရခဲ့သော အသံတွေလည်း အသံရှင်တို့နှင့်အတူ လွင့်ပါးပျောက်ကွယ်သွား ကြတော့သည်။ သည်လောက်ဆိုလျှင်တော့ အသံရှင်တို့သည် သူတို့ နေထိုင်ရာ ဆီအုန္နီတောသို့သွားရာ တစ်ခုသောလမ်း၏ လမ်းခုလတ် တစ်နေရာသို့ ဝင်ရောက်နေကြဦးမည် ထင်ပါသည်။ သူတို့ကား ကျွန်တော်တို့ကို အလောင်းတစ်လောင်း မဲလေးလှည်းတစ်စီးနှင့် ထားပစ်ခဲ့ကြသတဲ့လေ။ ထရီဇာလူကား အတန်ငယ် စိတ်ထိခိုက် ကြေကွဲနေဟန် တူလေသည်။ သူမသည် တိတ်ဆိတ်ငြိမ်သက်နေလျက် မဲလေးလှည်းကို ခပ်တွေတွေ ငေးနေပြန်တော့သည်။

စောင်ကြမ်းနှစ်ထည်နဲ့
ခြေဆုံးခေါင်းဖျား ခြုံပတ်ထားတဲ့
ဒီအလောင်းဟာ....

ကျွန်တော် မတွေးချင်တော့။ သို့သော် ထိုမတွေးချင်တော့သော အတွေးများနှင့်ပင် ကျွန်တော့်မှာ ရှုပ်ထွေးနေရပြန်လေသည်။ ကောင်းကင်ပြာရီ၊ ဘုရားကျောင်း၊ ရွက်ကြွေတော၊ ကြေကွဲရိပ်နှင့် ထရီဇာလူ၊ မဲလေးလှည်း၊ ပြီးတော့ မဲလေးကဗျာ။

တကယ်တော့
အစပကတူး ဘာဝဦးကတည်းက
သူ့အတ္ထုပ္ပတ္တိ
သေဆုံးနှင့်ပြီပဲလေ....တဲ့။
"အစပကတူး"ထဲက "သေဆုံးနှင့်ပြီ"...ဆိုပါလား။

www.burmeseclassic.com



ကျွန်တော် တွေးနေမိပြန်သည်။ သူတို့ကား ပြန်သွားခဲ့ကြပေါ့။ သို့သော် "သင်နှင့်ငါ သွေးချင်းသားချင်း" ဟူသော ပဋိသန္ဓာရစကားများ "အမဲသားငါးများပါစေ" ဟူသော လိုက်လှဲသည့် ရင်ထဲက ဆုတောင်းသံတွေ၏ နောက်ကွယ်မှ သူတို့၏စွပ်စွဲချက်များသည် ကျွန်တော့်ရင်ထဲ စွဲထင်ကျန်ရစ်နေလျက်။ ကျွန်တော်ကား ဂင်္ဂါမြစ်လယ်ရှိ "ငြိမ်းချမ်းရေးကျောက်ဆောင်" ဟု သူတို့ခေါ်ဝေါ်ခဲ့ကြသော ကျောက်တုံးပြာတန်းကြီးကိုလည်း တလွမ်းတဆွေး သတိရနေမိတတ်ပြန်သည်။ ထို့အတူ သူတို့၏ ရေရှားချိန် အသတ်အဖြတ်ရပ်စဲရေး ကာလများသည်လည်း တစ်မျိုးတစ်ဖုံတော့ လွမ်းမောစရာကောင်းနေပြန်လေသည်။ ယခုတော့ သူတို့သည် တစ်စုံတစ်ခုသော စွပ်စွဲချက်တွေနှင့် ခါးသီးပြင်းထန်နေကြလျက်။ "မီး" ကို ရှာဖွေတွေ့ရှိခဲ့သော၊ "မျက်ရည်" ကို ရှာဖွေတွေ့ရှိခဲ့သော သူတို့၏ဘိုးဘေးမှ ဆင်းသက်လာခဲ့သူတစ်ဦးကို သူစိမ်းတစ်ရံဆံလို ပြောဆိုဆက်ဆံခဲ့ကြပေသည်။ သို့သော် သူတို့၏စကားလုံးများ၊ လှုပ်ရှားမှုများ၌ သူတို့၏ မသေဆုံးနိုင်သေးသော ကရုဏာတရားတို့ စွန်းထင်းပေကျံနေတာကိုလည်း ကျွန်တော် ငြင်းလို့ရမည် မဟုတ်။ ကရုဏာဒေါ်သော ဆိုတာ ဒါထင်ပါရဲ့လို့ ကျွန်တော် တွေးမိပြန်လေသည်။

ကျွန်တော်သည် ဆည်းပြာရီထဲ ငေးနေမိပြန်လေသည်။

တကယ်တော့ ပါးလျားသွားစ ညနေသည် သည့်လောက်တိုးတိမ်မှုန်ရီဖို့ မကောင်းပါ။ လေညင်းများ၊ သစ်ရွက်များ၊ အရောင်များ၊ စကားလုံးများ၊ အသံများသည် ဘယ်တုန်းက ခမ်းခြောက်ပျောက်ကွယ်သွားသည်ကို ကျွန်တော် ဆက်ပြီးမတွေးချင်တော့ပါ။

www.burmeseclassic.com



ယခုတော့ သည်နေရာကလေးမှာ ဘာမှမရှိတော့တာလည်း အမှန်ပင် ဖြစ်လေသည်။ (သို့သော် မဲလေးလှည်းတစ်စီး ကျွန်တော်အပါအဝင် လူတစ်ယောက်စ နှစ်ယောက်စ ကျန်ရစ်နေတာကိုတော့ ခြွင်းချက်ထားရပါမည်။) ကျွန်တော်ကား မှုန်ဝေဝေ ငေးရီနေမိဆဲ။ သို့သော် ဘာကို ငေးရီနေမိသည်ကိုတော့ ကျွန်တော်ကိုယ်တိုင် မတွေးချင်တော့ပါ။ ကျွန်တော်သိနေတာက ကျွန်တော့်ရင်ထဲက တစ်စတစ်စ ထိခိုက်ခံစားလာရတာပင် ဖြစ်ပါသည်။ ဘာတွေဆုံးရှုံးသွားသည်ဟု အသေအချာ မသိရသော်လည်း တစ်ခုခုဆုံးရှုံးနေသလို အသေအချာ ခံစားနေရသည်။ သေချာတာကတော့ ကျွန်တော် ထိခိုက်ခံစားနေတာတ်သေးတာပင် ဖြစ်လေသည်။

ကျွန်တော်ကား ထိုဖြစ်စဉ်ကြီးထဲ ကစဉ့်ကလျား မျောပါသွားတော့သလိုပင်။

ကျွန်တော့်မှာ သတိတရားကို ပြန်လည်စုစည်းနေမိသည်။ ကျွန်တော်ရောက်လာစ ထိုနေရာကလေးသည် လွတ်လပ်မှုဖြင့် ပြာမှုန်နေသလို ကျွန်တော့်မှာ ခံစားနေရပြန်လေသည်။ ယခု ကျွန်တော် ပြန်လည်ငဲ့စောင်းကြည့်သောအခါ အရာရာသည် ကြေမွနေလျက်။ ကောင်းကင်ကြေမွ၊ လေညင်းကြေမွ၊ သစ်ပင်ကြေမွ၊ ကြွေရွက်ကြေမွ၊ လူသားကြေမွ။ ထိုအခါ တစ်ရံရောက တစ်ရံရောတစ်ခုသည် လွမ်းစရာကောင်းလာပြန်လေသည်။ ကျွန်တော်တို့ကား ဘယ်အချိန်ကစပြီး လွမ်းတတ်ကြသည် မသိတော့။ လရောင်၊ ကြယ်ပွင့်၊ မြစ်ဆိပ်၊ သစ်ပင်၊ လေညင်း အားလုံးသည် တစ်ချိန်ချိန်၌ လွမ်းစရာကောင်းသွားတတ်လေသည်။ တစ်ရံရောကတော့ ထိုနေရာ၌ သစ်ပင်

www.burmeseclassic.com



စိမ်းမှိုင်းတွေနှင့် ရွာကလေးတစ်ရွာတဲ့လေ။ ညနေဆိုလျှင် စမ်းချောင်းကလေးတစ်လျှောက် သစ်အောင်းသံတွေ "တဘောဘော" ဝေလို့ပေါ့။ သစ်ဆွဲသူများ၊ သစ်ဖြတ်သူများ၊ သစ်အောင်းသူများ၊ နွယ်နုတ်သူများ၊ ပိုးထန်းခုတ်သူများ။ ရံဖန်ရံခါ ဆင်ဝိုင်းကြီးတစ်ဝိုင်းဆီမှ ထူးခတ်ထားသော ဆင်ကြီးတွေ၏ တအီအီလှုပ်ရှားဟန်များ။ ဘုရားကျောင်းကလေးဆီမှ ဆုတောင်းသံတွေ အေးဝေဝေလွင့်မျောနေလျှင် ရွာကလေးသည် နာကျင်မောပန်းသူတစ်ယောက်လို ငြိမ်သက်နေပြန်တော့သည်။ ထိုအခါ ရွာကလေးနှင့်အတူ အရာရာသည် ဝင်းပနေလျက်။ သူတို့၏မျက်နှာများ၊ ဘဝခရီးသွားဖော်များ၊ အချစ်တရားများသည် ထိုရွာကလေး၌ စေးပျစ်ပြင်းထန်နေလျက်။

ယခုတော့လည်း အရာရာ ကြေမွသွားခဲ့လေသည်။အုတ်ဂူများ၊ မြေပုံများသည် သည်လူ့ဘဝတွေနှင့် ဆင်ဆင်တူနေလျက် သချိုင်းကလေးထဲ ဖရိုဖရဲပြန့်ကျဲနေတာ။ လူတို့၏ ပြိုကွဲချိန်သည် ထိုရွာကလေးကို ဖြတ်သန်းသွားခဲ့ဖူးတာ။ ထိုအခါ ရွာကလေးသည် ပျက်စီးသွားရလေတော့သည်။ သို့သော် ဘုရားကျောင်းကလေးကတော့ ထိုအပျက်အစီးပုံကြီးထဲ အထီးကျန်ဆန်ဆန် ကျန်ရစ်လို့ပေါ့။ ရိုးမတောင်စွယ် တောင်ငယ်ငယ်ကလေး၏ တောင်ခြေ၌ တစ်ခုသောစမ်းချောင်းကလေးသည် တစ်ခါက ထိုနေရာကလေး၌ ဘာမှမဖြစ်ခဲ့သလို အေးအေးဆေးဆေး စီးဆင်းနေဆဲပင်။ ရွာပျက်ကလေးသည် ထိုစမ်းချောင်းကလေးပေါ် မေးတင်လို့ပေါ့။ ရွာကလေးသည် တစ်ရံရောကတော့ အတော်ပင် လူနေထူထပ်ဟန်တူလေသည်။ ကျွန်တော်သည် ရံဖန်ရံခါ ထိုရွာကလေးကို ငေးရီရင်း ဝင်းမင်းထွေး၏ စကားလုံးတွေ

www.burmeseclassic.com



နှင့် "စစ်ပွဲပြီးစ မြို့ပျက်ကြီးလို"ဟု အေးတိအေးစက် ကွဲပေါက်သီဆိုမိပြန်လေသည်။

ရွာဦးလူသားတို့သည် ထိုရွာ၊ ထိုဘုရားကျောင်း၊ ထိုသချိုင်းကလေးကို ဘယ်တုန်းက စွန့်ပစ်သွားသည်ကို ဘယ်သူမှ စိတ်မဝင်စားကြတော့။ ကျွန်တော်တို့သာ အကြောင်းအားလျော်စွာ ထိုအပျက်အစီးပုံကြီးပေါ်၌ လွတ်လွတ်လပ်လပ် ကြီးပြင်းခွင့်ရခဲ့တာ။ မန်းမာတေဦးသည် ထိုရွာကလေးနှင့် ပတ်သက်လာလျှင် ထာဝရ လွမ်းဆွေးနေတတ်တာ။ ဂျပန်ခေတ်၊ ချွေးတပ်၊ ထောင်မလဲသဲကော်၊ တော်လှန်ရေးတွေ ဖြတ်သန်းသွားခဲ့တာ။ မန်းမာတေဦးကား အတိတ်နှင့်အတူ အေးစက်နေပြန်လေသည်။ သူကား ဂျပန်တော်လှန်ရေးနှင့်အတူ ပါသွားတာ။ သူပြန်ရောက်လာသောအခါ သူ့ရွာကလေးသည် ပျက်စီးခြင်းမလှ ပျက်စီးနေတာ။ ကျွန်တော် မအံ့ဩတော့ပါ။

အရာရာသည် ဘာမဆို ဖြစ်နိုင်ခြေရှိပေသည်။

ကျွန်တောသည် တွေးနေရင်းမှ ဘုရားကျောင်းကလေးကို ငေးကြည့်နေမိပြန်လေသည်။ ဘုရားကျောင်းကလေးသည် နီကျင်မှိုင်းညှိုးနေလျက်။ ကျည်ဆန်ရာထူလပျစ်နှင့် နံရံတွေက ဝေဒနာကြီးသူတစ်ယောက်၏ မျက်ခွက်ကြီးနှယ်။ တောင်သရက်ပင်ကြီးတစ်ပင်က ထီးရှည်ရှည်ကြီးတစ်ချောင်းလို အုပ်မိုးထားလျက်။ တောင်ခြေကလေးမှလှမ်းကြည့်လျှင် ကွေ့ခွေခွေ စမ်းချောင်းကလေးဘေးက ဘုရားကျောင်းကလေးသည် ဆာရီရယ်ပန်းချီကားတစ်ချပ်နှင့် ဆင်ဆင်တူနေပြန်တော့သည်။ ကျွန်တော့်မျက်လုံးတွေကား မှိုင်းရီညှိုးဝေနေပြီထင်ပါသည်။ ကျွန်တော့်လှုပ်ရှားဟန်ကား ဆောက်တည်ရာမဲ့လှုပ်ရှား

သူတစ်ဦး၏ ဟန်ပန်နှင့် ဆင်ဆင်တူသွားနိုင်ပါသည်။ ကျွန်တော် မန်းမာတေဦးကို သတိရနေသည်။ သူနားနေခိုလှုံရာ ဘုရားကျောင်း ကလေးကို တစ်ခါထပ်ပြီး ကြည့်မိပြန်ပါသည်။ သို့သော် မန်းမာ တေဦးကို မတွေ့ရ။ ထို့အတူ ဘယ်သူ့ကိုမှ မတွေ့ရ။ ကျွန်တော်သည် တစ်စုံတစ်ရာ ကြေကွဲထိခိုက်မှုဖြင့် အော်ဟစ်ပစ်လိုက်ချင်လာသည်။ ရင်ထဲက တင်းကြပ်မှုတွေကို တွေးထုတ်တာမျိုးပေါ့။ သို့သော် ကျွန်တော်သည် ဘာကိုမျှ အသေအချာ မမျှော်လင့်ချင်တော့ပြန်။

သည်ညနေဆည်းဆာပြာရီထဲမှာ ထိုသင်္ချိုင်းကလေးကို မြင်ခွင့် ရနေတာမို့လို့ ကြေကွဲစရာ ကောင်းနေပြန်သည်။ တကယ်တော့ ဒါဟာ အိပ်မက်မဟုတ်တာလည်း အမှန်ပင်ဖြစ်လေသည်။ သို့သော် လူတို့သည် သွေးလေချောက်ချားသောအခါ အိပ်မက်မက်တတ်တာ လည်း အမှန်ပင်ဖြစ်လေသည်။ ယခုတော့ ကျွန်တော်လည်း သွေးလေ ချောက်ချားနေပြီလား မသိပါ။ ကျွန်တော့်အတွေးတွေက အိပ်မက် ဆန်သွားသလိုပင်။ ထိုအိပ်မက်ထဲ ဆန္ဒများ၊ မျှော်လင့်ချက်များ စွန်းထင်းပေကျံနေတာ ကျွန်တော်သိပါသည်။ ထိုအခါ အိပ်မက်သည် "အော်သံ" ဖြစ်သွားနိုင်ပါသည်။ "အဝါရောင်ခရစ်တော်" ဖြစ်သွား နိုင်ပါသည်။ "မိုနာလီဇာ" ဖြစ်သွားနိုင်ပါသည်။ "ရာရာနီကာ" ဖြစ်သွားနိုင်ပါသည်။

သို့သော် ရှေ့ဆက်ပြီး ဘာဖြစ်မည် မသိသေးတာက ကျွန်တော့် ရှေ့ရှိ ကြေကွဲအုတ်ပုံပင် ဖြစ်ပါသည်။

ကျွန်တော်သည် မဲလေးလှည်းကို တစ်ခါထပ်ပြီး ကြည့်နေ မိပြန်သည်။

www.burmeseclassic.com


ထိုမဲလေးလှည်းသည် သချိုင်းသို့သွားရာ လမ်းကလေး၏ တစ်ဝက်တစ်ပျက်မှာပေါ့။ ထိုလှည်းကလေးသည် သချိုင်းကလေးကို မျက်နှာမူထားလေရာ ဘုရားကျောင်းကလေးကို ကျောခိုင်းထားသလို ဖြစ်နေပြန်တော့သည်။ ထိုမဲလေးလှည်းပေါ်သို့ မသေသေးသော အလောင်းတစ်လောင်းကို ပစ်တင်ထားတာလည်း ကျွန်တော်အသိ ဖြစ်လေသည်။ ထိုမဲလေးလှည်းပေါ်က "လူ"အတွက် ကျွန်တော် ရင်ထဲမောပန်းနွမ်းလျ ခံစားနေရပေသည်။ သို့သော် ထို"လူ"ကား "မဲလေးကဗျာ" ထဲကလို "အစပတကူး ဘဝဦးကတည်းက သူ့ အငွေ့ပွတ္တိသေဆံနှင့်ပြိုပဲလေ"ဆိုတာမျိုး မဟုတ်ပြန်ဘူးတဲ့။ လူ့လောက ထဲသို့ လူတစ်ယောက်အဖြစ် ပြောင်းရွှေ့နေထိုင်လိုက်ခြင်းဟာ အဲသည် လူ့ရဲ့ သေခြင်းတရားအစ,တဲ့လေ။ အစပထမ တောကြီးမျက်မည်းထဲ သူတို့ တိရစ္ဆာန်တွေနှင့် အတူနေစဉ်က ထိုလူသည် အကောင်းအတိုင်း ပဲတဲ့။ ကျွန်တော့်ရင်ထဲက တမြည့်မြည့်နာကျင်သွားရလေသည်။ တကယ်တော့ ထိုလူသည် ကျွန်တော့်မိတ်ဆွေတစ်ဦးပင်။ တစ်ခါက တော့ သူ့အတွေး၊ သူ့အနေအထိုင်တို့သည် ရိုးသားမှုဖြင့်ဝင်းပနေလျက်။ သူ့ရင်ခုန်သံသည် ခံစားမှုဖြင့် တုန့်ခါနေတတ်ပေသည်။ ထို့အတူ သူ့ရင်ခုန်သံနှင့် ကျွန်တော့်ရင်ခုန်သံလည်း အံ့ဩဖွယ်ရာ တူညီနေ တတ်ပြန်လေသည်။ ကျွန်တော်တို့ကား ရယ်စရာကောင်းလောက် အောင် "စက်"ဆန်သွားကြပြီလား မသိပါ။ ကျွန်တော်တို့သည် ထိခိုက်ကြေကွဲစရာတစ်ခုကို မတိုင်ပင်ဘဲလျက် ဝိုင်းခံစားကြသလို ဖြစ်နေကြပါသည်။ ကျွန်တော်တို့ကား ကာလတစ်ခုထဲ၊ ဒေသတစ်ခု ထဲ၊ ထို့အတူ ပရောဂတစ်ခုထဲ၌ အတူနေထိုင်မိကြပေါ့။ ကျွန်တော်

www.burmeseclassic.com



တို့ကား လူတစ်ဦးထံမှ သိပ်များများမမျှော်လင့်ပါ။ ကျွန်တော်သည် ငွေကြေးကို မမျှော်လင့်ပါ။ (ငွေကြေး၏ မရှိမဖြစ် လိုအပ်မှုကိုလည်း ကျွန်တော်မငြင်းပါ။) ထို့အတူ တခြား မည်သည့်အရာမျှကိုလည်း မမျှော်လင့်မိပါ။ ကျွန်တော်တို့ မျှော်လင့်တာက ရိုးသားမှုပင် ဖြစ်ပါသည်။ မန်းမာတေဦးကတော့ 'သူများဆီက လိုချင်တာလဲ ဒါပဲ၊ တို့မှာရှိချင်တာလဲ ဒါပဲ"လို့ ပြောတတ်တာကို ကျွန်တော် ပြန်လည် တမ်းတမိတတ်ပြန်သည်။ နောက်ဆုံး မန်းမာတေဦးက "ဖားကလေး" လို့ တနင့်တပိုးခေါ်ခဲ့သော ထိုမဲလေးလှည်းပေါ်ရောက်လူနှင့် ကျွန်တော် တို့ တစ်စစ ဝေးကွာသွားနေတာ။ မန်းမာတေဦးကား ထိုကွဲကွာမှု အတွက်ပင် တမြည့်မြည့်နာကျင်နေရသတဲ့လေ။ သို့သော် နားလည်မှု ကြီးမားသူတစ်ယောက်လို ဖြည့်စွက်နားလည်နေတတ်ပြန်သည်။

ဩော်....ကြာတော့လည်း ကြခဲ့လေပြီ။

ကျွန်တော်ကား မလွမ်းကောင်းတာကို လွမ်းနေတာလား၊ လွမ်းကောင်းတာကိုပင် လွမ်းနေတာလား မပြောတတ်တော့ပါ။ သို့သော် ကျွန်တော်တို့ ငြင်းမရသောအချက်သည် ကျွန်တော်တို့က ချစ်ခင်သော ဖားကလေးဆိုသည့် လူတစ်ယောက်သည် သေပြီဟူသော စွဲချက်ဖြင့် မဲလေးလှည်းပေါ် ရောက်နေတာပင် ဖြစ်လေသည်။ ဖားကလေးသည် လှည်းကို ဝိုင်းပတ်ကာရံထားသော ပိတ်စအနက်ကို တစ်ဝက်တစ်ပျက်ဟပြီး အပြင်သို့ ကိုယ်တစ်ဝက်ထုတ်ကာ ကျွန်တော် တို့ကို ငေးရီနေပေသည်။ သူ့မျက်လုံးတွေက စိုးရိမ်စိတ်ကြောင့်လား မသိ ညှိုးဝေနေလျက်။ သူသည် ထိုညှိုးဝေဝေ မျက်လုံးတွေနှင့် သူ ချစ်ခဲ့ဖူးသော ထရီဇားလူကိုတစ်လှည့်၊ ကျွန်တော်တို့ကိုတစ်လှည့်

www.burmeseclassic.com


ငေးငေးနေတတ်ပေသည်။ သူ့အတွက်ကား စကားလုံးတွေ ပျောက်ဆုံးနေတော့သည်။ ဘာစကားမှ မပြောတော့။ ထို့အတူ အချိန်ကာလများ၊ အဖြစ်အပျက်အသစ်များလည်း မရှိတော့။ သူကား ရေသေအိုင်ကြီးတစ်အိုင်လို ငြိမ်သက်နေလျက်။ ပထမညများ။ လရောင်သည် တစ်စစ စိုးဝေလာဆဲ။ လှည်းတစ်စီးကို ဆွဲသူတွေ ဆွဲလာစ။ ဘုရားကျောင်းမှ ခေါင်းလောင်းသံများသည် ကွဲအက်အက်လွင့်မျောနေလျက်။ ကျွန်တော်တို့သည် ဖားကလေးကို ထိုလှည်းပေါ်၌ တွေ့လိုက်ရာ မန်းမာတေဦးက အံ့သြတုန်ဝေသွားလျက်။ သို့သော် ဖားကလေးကား ဘာမှမဖြစ်သလိုပင်။ ထိုအခါ မန်းမာတေဦးက စိတ်ပျက်စွာ ခေါင်းခါယမ်းလျက် "ဖားကလေးရယ်၊ မင်းနှယ် ကိုယ့်တင်ဆွဲလာတဲ့ လှည်းကို မဲလေးလှည်းမှန်း မသိရန်ကောကွယ်"လို့ တိုးတိုးတိမ်တိမ် ပြောနေတာ ကျွန်တော်မေ့လို့ မရနိုင်သေး။ ထိုစဉ်ကလည်း သူသည် ကျွန်တော်တို့ကို ဘာတစ်ခွန်းမှ ပြန်မပြောတော့။ ထရီဓားလှူသည် ကြေကွဲရိပ်သန်းနေသော မျက်လုံးတွေနှင့် သူမ တစ်ခါက ချစ်ခဲ့ဖူးသော လှည်းပေါ်ကလူကို တိတ်တိတ်ငြိမ်ငြိမ် လှမ်းကြည့်နေပေသည်။ သူမသည် အသုဘပို့သူတစ်ယောက်လို အနက်ရောင်ခေါင်းစီးကို စီးနှောင်ထားလျက်။ အနက်ရောင်အင်္ကျီပေါ်၌ ဆွဲထားသော ရွှေအိုရောင် လက်ဝါးကားတိုင်ကလေးသည် သေငြိမ်ထင်းလင်းနေပေသည်။

စောစောကတော့ ကျွန်တော်တို့နှင့်အတူ မန်းမာတေဦးလည်း ရှိနေခဲ့ပေသည်။ သို့သော် မန်းမာတေဦးသည် ဘာကြောင့်ရယ်မသိ ထိုနေရာကလေးမှတစ်ဖန် ပြန်လို့ထွက်ခွာလွင့်ပါသွားပြန်လေသည်။ တကယ်တော့ မြင်ကွင်းသည် ကြည့်လို့ကောင်းလှသည် မဟုတ်တော့

www.burmeseclassic.com



ပါ။ သို့သော် ကျွန်တော်ကား ထိုနေရာကလေးကို စွန့်ပစ်ထွက်ခွာ မသွားနိုင်သေးပါ။ ရွက်ကြွေတောကြီးထဲ သစ်ရွက်ကြွေအသေခြင်း ထိခတ်သံတို့ကို ဖျော့ဖျော့ဝေဝေ ကြားလိုက်ရပြန်သည်။

ထိုစဉ် ဘုရားကျောင်းအိုကြီးထဲမှ လွင့်မျောလာသော စန္ဒရားသံကို ကြားလိုက်ရသည်။ မန်းမာတေဦး၏ စန္ဒရားသံမှန်း ကျွန်တော် သိနေပေသည်။ သူ့စန္ဒရားသံကား မကောင်း။ **စန္ဒရား**လည်း အိုမင်းဟောင်းနွမ်းနေပေရာ အသံကလည်း ကြောင်**နေပေသည်**။ သို့သော် မန်းမာတေဦးမျာ သူ့ခံစားမှုကို ထိုစန္ဒရားဖြင့်ပင် ခါတိုင်းလို ကြိုးစားပန်းစား ဖွဲ့နွဲ့နေရှာပေသည်။ သူကား "မက်မောရာရေ" ဓမ္မသီချင်းသို့လိုက်သော တေးသွားကို တိုးတိုးရိုရိုဖွဲ့နွဲ့နေရှာပေသည်။

"မက်မောရာရေမှတ်လား"

ထရီဇာလူက ကျွန်တော့်ကို တန်ဝေဝေမေးသည်။

ကျွန်တော်က သူမကို ခေါင်းညိတ်အဖြေပေးလိုက်သည်။

"အေးဟယ်၊ စန္ဒရားသံနဲ့ဆိုတော့ ပိုလို့တောင် လွမ်းဖို့ကောင်းသွားတယ်၊ မက်မောရာရေ၊ ဟုတ်တယ်၊ မက်မောရမယ်။ တို့ကိုယ်တို့ မက်မောရမယ်။ တစ်ပြိုင်နက်ထဲမှာ လူ့လောကကြီးကို မက်မောရမယ်၊ ပြီးတော့ တရားမျှတမှုကို မက်မောရမယ်။ ငြိမ်းချမ်းရေးကို မက်မောရမယ်။ ဒါပေမယ့် ဟောဟိုလှည်းပေါ်က နင့်မိတ်ဆွေဖားကလေးကတော့ သူ့ကိုသူကလွဲပြီး ဘာကိုမှ မမက်မောတော့ဘူး။ ဟုတ်တယ်၊ ဟိုပထမည အာကေလာတို့အုပ်စု သူ့ပေါ်စွပ်စွဲတဲ့ စွပ်စွဲချက်တွေဟာ မှန်တယ်"

"ဘာရယ်"

www.burmeseclassic.com



ကျွန်တော့်အသံက အတန်ငယ်တုန်လှုပ်သွားဟန် တူပေသည်။ ထရီဇာလူက ကျွန်တော့်ကို စိုက်ကြည့်ပြီး ဟက်ကနဲ တစ်ချက် ရယ်လိုက်လေသည်။ ထို့နောက် သူမသည် ကြေကွဲသွားကာ အတန် ကြာအောင် မဲလေးလှည်းကို ငေးရီရင်း "ငါ နမျောတမ်းတမိတာ အဲဒါပဲပေါ့။ ဒါပေမယ့် ငါ ဘာမှမတတ်နိုင်တော့ပါဘူးဟယ်။ ရွေး ချယ်တာက သူပဲမဟုတ်လား" လို့ ပြောနေပြန်လေသည်။ သို့သော် သူမ၏ စကားသံတို့သည် ခံစားမှုဖြင့် တုန်ခါနေပါလားလို့ ကျွန်တော် ခံစားနေရပြန်တော့သည်။ ကျွန်တော့်ရင်ကား ပိုလို့လပ်ဟာသွားသလို ပင်။ ယခုအခါတော့ မန်းမာတောဦး၏ ခပ်ကြောင်ကြောင်စန္ဒရားသံ ကပင် ပိုလို့လွမ်းအောင်ဖန်လေတော့သည်။ ထရီဇာလူသည် ထို စန္ဒရားသံ၌ ပိုလို့ငြိမ်သက်သွားပြန်လျက်။ ကျွန်တော်သည် သူမ၏ ဝေဒနာကို နားလည်ရပြန်လေသည်။ တရံရောက်တော့ ညနေ ဆည်းရီများသည် အေးချမ်းပြာရီနေလျက်။ ညတိုင်လျှောင် တောတန်းပေါ် ၌ လဝန်းနီနီသည် ခဏာတာဖြုတ် မေးတင်သားနေလျက်။ ထရီဇာလူ သည် ခံစားမှုတစ်ခုနှင့် အေးစက်ပေါက်ကွဲနေတာ။ သူမသည် "ငါဟာ မိန်းမပါ" လို့ ကွဲအက်အက် ပြောနေတတ်တာ။ တစ်ပြိုင် နက်ထဲမှာ "အဖျက်ဆီးခံမိန်းမ" လည်း ဖြစ်သတဲ့လေ။ ထိုအခါကတော့ ကျွန်တော်သည် သူမကို တစ်စုံတစ်ရာ ငြင်းခုန်ခြင်း မပြုခဲ့ပါ။ သူမ၏ဘဝမှာလာသော ခံစားမှုတွေ ခါးခါးဝေဝေ ပေကျံနေသော စကားလုံးတွေဖြစ်၍ ကျွန်တော်ငြင်းခုန်ဖို့ မလိုအပ်ကြောင်း ကျွန်တော့် အာသာ ကျွန်တော်သိနေပေသည်။

ကျွန်တော့်မှာ ထိုအခါက ထရီဇာလူပြောခဲ့သော စကားလုံး တွေကို သူ့အရင်တိုင်း မှတ်မိနေနိုင်သေးသည်။ ထို့အတူ ယခု

လှည်းပေါ်ရောက် ကျွန်တော့်မိတ်ဆွေ ဖားကလေးလည်း မှတ်မိနေဦးမည်လား မသိပါ။ ထရီဇာလူသည် တစ်စုံတစ်ရာစီ ထိခိုက်မှုဖြင့် တုန်ခါနေလျက် "ငါက သူ့ကို တကယ်ချစ်ခဲ့တာ၊ ဒါပေမယ် အဲဒီ ငါ့အချစ်ကို သူက အရယူပြီး ငါ့ကိုဖျက်ဆီးပစ်လိုက်တာ၊ တကယ် တော့ မိန်းကလေးတစ်ယောက်ကို ကာယိန္ဒြေပျက်စီးအောင် ဖျက်ဆီးခံ လိုက်ရတာမှ အဖျက်အဆီးခံရတာမဟုတ်ဘူး။ ခံစားမှုတွေ၊ ယုံကြည် မှုတွေ ပျက်စီးသွားအောင် အဖျက်ဆီးခံရတာလဲ အဖျက်ဆီးခံရတာ ပဲ"လို့ပြောရင်း မောပန်းခြင်းကြီးသူတစ်ယောက်လို ငြိမ်သက်သွား ပြန်လေသည်။ ထိုအခါကတော့ ကျွန်တော်တို့သည် ဘုရားကျောင်း ကလေး၏နောက် တောင်သရက်ပင်ကြီးအောက်၌ ထိုင်ကြရင်း တောင်သရက်ပွင့် အကြွေတွေကို အခိပ္ပာယ်မဲ့ ငေးမောရင်း ထိုင်နေ မိကြတာလည်း မှတ်မိနေကြပါသည်။ နောက်ဆုံး ထရီဇာလူလည်း ဘာစကားမှ ဆက်မပြောတော့တာ။ ထို့အတူ သူမချစ်ခဲ့သည်ဆိုသော၊ ကျွန်တော်တို့က နောက်နောက်ပြောင်ပြောင် ဖားကလေး ဟုခေါ်သော ကျွန်တော့်မိတ်ဆွေကလည်း ဘာမှမပြောတော့တာ၊ ကျွန်တော်လည်း ဘာစကားမှ ဆက်မပြောတော့မိတာ။ ဩော်....ကျွန်တော်တို့ကား စကားလုံးတွေ ကြေမွခမ်းခြောက်သွားသလိုပင်။

ဩော်....ကြာတော့လည်း ကြာခဲ့လေပြီတကား။

ကျွန်တော်သည် ဘုရားကျောင်းမှ မျှောလွင့်လာသော မန်းမာ တေဦး၏ စန္ဒရားသံကို နားထောင်ရင်း မဲလေးလှည်းပေါ်ရောက် ကျွန်တော့်မိတ်ဆွေ ဖားကလေးကို အမှတ်မထင် လှမ်းကြည့်မိပြန် သည်။ သူကား အစောကလိုပင် ကျွန်တော်တို့ကို ငေးနေလျက်။

www.burmeseclassic.com


ကျွန်တော်သည် ရေမရှိသော ချောင်းကောလေးနှင့် ဆင်ဆင်တူနေသော သူ့အတွက် ရင်ထဲမကောင်း ဖြစ်ရပြန်လေသည်။ အသက်ရှင်လျက် “သေသူ”ဟု စွဲချက်အတင်ခံထားရ ထိုလူ၏ ဝေဒနာသည် ကျွန်တော့်အတွက်လည်း ဝေဒနာတစ်ခု ဖြစ်နေပြန်လေသည်။ သို့သော် ထိုအဖြစ်မျိုးသည် ကျွန်တော် အခါအားလျော်စွာ တွေ့ကြုံခံစားဖူးသော အဖြစ်ဟောင်းတစ်မျိုး ဖြစ်နေတာကို တွေ့ရပြန်လေသည်။ ထိုအခါ ကျွန်တော်သည် “မည်သို့ပင်ဖြစ်စေ ....ချစ်နေသေးသည်” ဟူသော ကဗျာတစ်ပိုင်းတစ်စကို သတိရလာမိလေသည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ကျွန်တော် သူ့ကို ချစ်နေပါသေးသည်။ ထရီဖားလူကလည်း သူမနားလည်သော အချစ်နှင့် ချစ်နေဦးမည် ထင်ပါသည်။ ထို့အတူ မန်းမာတေဦးကလည်း သံယောဇဉ်တွေ စွန်းထင်းပေကျံနေသော သူ့အချစ်ဖြင့် ချစ်နေဦးမှာပါ။

စန္ဒရားသံတွေ ရပ်သွားသောအခါ ကျွန်တော်သည် ဘုရားကျောင်းအိုကလေးဆီသို့ အားကိုးတကြီး လှမ်းကြည့်မိပြန်တော့သည်။ မန်းမာတေဦးကား သည်နေရာကလေးသို့ တစ်ဖန် ပြန်လာဦးမှာပါ။ ကျွန်တော်ကား မျှော်လင့်နေမိပြန်သည်။ မြင်ကွင်းကား စကားမဲ့မဲလေးလှည်း၊ စကားမဲ့လူတွေနှင့် ကြည့်မကောင်းတော့။ ကျွန်တော်သည် ဘုရားကျောင်းကလေးဆီသို့ မျှော်လင့်ခြင်းနှင့် တစ်ခါထပ်ပြီး ကြည့်မိပြန်သည်။ ကျွန်တော်သည် မန်းမာတေဦးကိုတော့ မျှော်လင့်ရဲပေသည်။ သူ့နှလုံးခုန်သံကိုလည်း ကျွန်တော်ယုံကြည်နေမိပါသည်။ သူကား ကျွန်တော်တို့ကို သည်အတိုင်း ပစ်ထားမည် မဟုတ်ပါ။ သူသည် တအောင့်ကြာလျှင် ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ ကျွန်တော်

www.burmeseclassic.com



တို့ထံသို့ တစ်ဖန်ပြန်ပြီး လွင့်ပါးရောက်ရှိလာဦးမှာပါ။ ထိုအခါ သူသည် သူချစ်သော ဘုရားကျောင်းကလေးကို ခဏတော့ ထားရစ်ခဲ့ဦးမှာ ဖြစ်ပါသည်။ သို့သော် သူသည် ဘုရားကျောင်းထဲရှိ အရာအားလုံးကို သူ့ရင်ထဲ ထည့်ယူလာမှာ ဖြစ်ပါသည်။ ထိုအရာထဲမှာ သမ္မာကျမ်းစာတွေ၊ ဓမ္မသီချင်းတွေ ပါလာနိုင်ပါသည်။ ထို့အတူ အပြစ်မဲ့နွေ့ယူသော မယ်တော်မာရီယာလည်း ပါလာနိုင်ပါသည်။ ထို့အတူ ဆူးခက်တွေ၊ သွေးစက်တွေနှင့် သခင်ယေရှုး၏ ရွှေနှလုံးတော်လည်း ပါလာနိုင်ပါသည်။ ထို့အတူ သူသည် ယုဒကာရှဒ်ကို မေ့သွားမည်မဟုတ်ပါ။ ထို့အတူ သခင်ယေရှုးကို ကားစင်တင်ရာ ကရာနီတောင်ကိုလည်း မေ့သွားမည် မဟုတ်ပါ။ ထို့အတူ ကရာနီတောင်ကို လူ့အရိုးခေါင်းတို့ စုပုံရာတောင်ဟု အဓိပ္ပာယ်ပြန်ရသည်ကိုလည်း မေ့သွားမည် မဟုတ်ပါ။ ကျွန်တော်ကား ကရုဓမ္မကြီးမားသော မန်းမာတေဦးကို ကျေးဇူးတင်နေမိပြန်ပါသည်။ ကျွန်တော်သည် တစ်ပြိုင်နက်ထဲမှာပင် လူသားဆန်သော မန်းမာတေဦးကို နှစ်လိုဖွယ် ခံစားနေရပြန်သည်။ ရွာကလေး ပျက်သွားသောအခါ မန်းမာတေဦးသာ ထိုဘုရားကျောင်းကလေးကို ဖက်တွယ်ကျန်ရစ်နေတာ။ ကျွန်တော်က "ဘယ်သူမှ မရှိတော့တာ၊ မင်းတစ်ယောက်တည်းရယ်၊ အစွဲအလန်းကြီးရာ မကျဘူးလား"ဟု မေးလျှင် သူက အေးတိအေးစက်ပင် "ဘယ်သူမှမရှိလို့ နေရတာပေါ့ကွယ်"လို့ တိုးရှိရှိပြောတတ်ပေသည်။ ထို့နောက် နီကျင်မှိုင်းညှိုးနေသော ဘုရားကျောင်း၏ ခေါင်းလောင်းစင်ကလေး ထိုးထွက်နေရာ အပြာရောင်ကောင်းကင်ကြီးထဲ ဝေဝေးနေပြန်တော့သည်။ သူ့စကားကြောင့် ကျွန်တော့်ရင်ထဲ ကွဲကြေသလို ခံစားရတာ ကျွန်တော် မှတ်မိနေသည်။ သူကား နေရစ်သူ ဖြစ်ပေသည်။

www.burmeseclassic.com



ကျွန်တော်ကြည့်နေဆဲ၌ ဘုရားကျောင်းကလေးထဲမှ ထွက်လာသော မန်းမာတေဦးကို တွေ့လိုက်ရသည်။ သူသည် တစ်ခါက ဖာသာတစ်ပါး စွန့်ပစ်သွားသော ဝတ်ရုံနက်ကြီးကို ဝတ်ထားလျက်။ မည်းနက်လွန်းသော သူ့အသားအရောင်ကြောင့် သူ့ဆံပင်တွေက ပိုပြီးဖြူဖွေးနေတော့သလိုပင်။ တအောင့်ကြာလျှင်တော့ မန်းမာတေဦးသည် မြေနီလမ်းမကလေးကို ဖြတ်သန်းကာ ဝိညာဉ်တစ်ခု လွင့်ပါးလာသလို မယုံကြည်နိုင်စရာ နူးညံ့ပျော့ပြောင်းစွာဖြင့် ကျွန်တော်တို့ထံ လေးလေးလှုပ်လှုပ် ရောက်လာပေဦးတော့မည်။ သို့သော် မန်းမာတေဦးကား သိမ်ထွေပြားလှသူတော့ မဟုတ်ပါ။ ရုံဖန်ရုံခါ၌ မန်းမာတေဦးသည် မန်းမာတေဦး ဖြစ်နေတတ်ပြီး၊ ရုံဖန်ရုံခါ အမြန်တော် ဖြစ်နေပြန်လေသည်။ထို့အတူ ထရီဘေးလူ ဖြစ်နေတတ်သလို ရုံဖန်ရုံခါ ဖားကလေး ဖြစ်နေတတ်ပြန်သည်။ သူ၏ စာနာခံစားမှုများက နက်ရှိုင်းလွန်းလှပေသည်။ သူသည် သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများထဲက တောမှီတဲ့ ယောဂီဆရာကြီးမောင်မှိုင်းနှင့် တူနေတတ်ပြီး ရုံဖန်ရုံခါ ဘေနှင့် တူနေတတ်ပြန်သည်။ ထို့အတူ ဖိုးမားဂိုဒီယက် ဖြစ်သွားတာ။ ထို့အတူ အကွဲဖြစ်သွားတာ။ သို့သော် သူဘယ်တော့မှ ဖြစ်မလာမှာကတော့ ဟာစ်တလာပင် ဖြစ်ပါသည်။ ယုတ်စွအဆုံး သူသည် ချာချီချက်ပလင် ရိုက်ကူးသော "ဒစ်မေတာ" ရုပ်ရှင်ဇာတ်ကားထဲမှ ဟာစ်တာလာအတုပင် ဖြစ်လာမည် မဟုတ်ပါ။

ထိုမန်းမာတေဦးသည် ကျွန်တော်တို့အပါးသို့ ရောက်လာသောအခါ ခံစားမှုဖြင့် မှုန်ဝေနေသော သူ့မျက်လုံးတွေနှင့် မဲလေးလှည်းပေါ်မှ ကျွန်တော်တို့ချစ်သော ဖားကလေးကို စိုက်စိုက်နစ်နစ်ကြည့်

www.burmeseclassic.com



နေပြန်တော့သည်။ ထို့နောက် သူသည် ကျွန်တော်နှင့် ထရီဇာ လူ အပါးမှာ ရပ်လိုက်ရင်း "ဒီည ငါးညမြောက်ခဲ့ပြီကောကွယ်၊ တအောင့် ကြာရင် သူတို့ ပြန်လာကြဦးတော့မပေါ့"လို့ တိုးရိုရို ပြောပြန်လေ သည်။ ကျွန်တော်သည် သူ့စကားကို "ဟုတ်ကဲ့"လို့သာ တိုတောင်း မောပန်းစွာ ဖြေလိုက်မိသည်။ ဆည်းဆာသည် ရီမှောင်လာစ။ နွားရိုင်းသွင်းချိန်သည် ပိုလို့လွမ်းမောစရာ ကောင်းသွားဦးမည်လား မသိပါ။ ထရီဇာလူ၏ မာန်ကတော့ အသုဘပို့သူတစ်ဦး၏ဟန်နှင့် ပို၍ဆင်ဆင်တူသွားနေပြန်သည်။ သူမ၏မျက်ဝန်းအိမ်၌ ကြေကွဲရိပ် တို့ ပို၍သန်းလာပြီ ထင်ပါသည်။ နောက်ဆုံးပေါ့ ....နောက်ဆုံးပေါ့လို့ အတွေးက သူမရင်ထဲ ဆူးတစ်ချောင်းနှယ် စူးဝင်နစ်မြုပ်နေပြီလား မပြောတတ်ပါ။ တကယ်တော့ ကျွန်တော်တို့သည် ပြုသူအသစ် ဖြစ်သူအဟောင်းရယ်လို့ နှလုံးမသွင်းနိုင်ကြတော့ပါ။

ဟိုပထမမြောက် ညဦးယံတုန်းကတော့ သူတို့သည် မဲလေး လှည်းကြီးကို ဆွဲလာကြလျက်။ မြို့ပြတစ်ဝက် ကျေးလက်တစ်ပိုင်း ဖြစ်သည့် လူနေအရပ်သည် ဟွန်ဒါစက်သံ တဖုတ်ဖုတ်ကြားထဲ အားဖျော့နွမ်းနယ် လျှပ်စစ်မီးရောင်တွေနှင့် ထိုမဲလေးလှည်း ကျောခိုင်း ထွက်ခွာလာရာနောက်တွင် ခံစားမှုကင်းမဲ့သူတစ်ယောက်လို ငြိမ်သက် ကျန်ရစ်နေတာ။ သူတို့သည် ခိုအိမ်ကလေးတွေနှင့် ဆင်ဆင်တူသွား နေသော သူတို့၏ အိမ်ကလေးတွေထဲမှ ခေါင်းပြူထွက်ကြည့်နေ ကြတာ။ နောက်ဆုံးတော့ ထိုမဲလေးလှည်းကို ထိုဘုရားကျောင်းကလေး ရှေ့၌ ကျွန်တော်တို့နှင့်အတူ ထားပစ်ခဲ့ကြလေသည်။ အဖြစ်အပျက် တွေက မယုံကြည်နိုင်စရာ။ သို့သော် ကျွန်တော်တို့သည် တကယ့် အဖြစ်အပျက်တွေမို့ ငြင်းလို့မရခဲ့ကြတော့။

www.burmeseclassic.com



ထိုပထမမြောက် ညဦးယံ၌ မန်းမာတေဦးသည် ထိုဘုရားကျောင်းကလေးရှေ့သို့ နောက်ကျမှ ရောက်လာပေသည်။ သို့သော် သူသည် ထိုမြင်ကွင်း၊ ထိုအဖြစ်အပျက်ကို အံ့ဩစရာလို့ မမြင်တော့။ သူ အစတည်းက မျှော်လင့်ထားသတဲ့လေ။

"သူတို့ ဘာပြောသွားကြသေးလဲကွယ်"

မန်းမာတေဦးက ဘုရားကျောင်းရှေ့အရောက် သူ့အလျင်ရောက်နှင့်နေသော ကျွန်တော်တို့ကို မေးလိုက်တာ ဖြစ်ပေသည်။

"သူ့ဘာသာသူ ရွေးချယ်ဆုံးဖြတ်ပါစေတဲ့။ ပြီးတော့ သူ့ကို ငါးညလို့ သတ်မှတ်လိုက်ကြတယ်။ ငါးညပြည့်ရင် သူတို့ ပြန်လာကြမယ်တဲ့။ သူတို့ပြန်လာရင်သာ အားလုံးအသင့်ရှိနေပါစေလို့ ပြောသွားကြတယ်"

"ဘာရယ်ကွယ်"

မန်းမာတေဦးကား ကျွန်တော့်အဖြေကို အံ့ဩတုန်လှုပ်သွားဟန်တူလေသည်။

"ဟုတ်တယ် ဖထီးမာတေဦးရေ၊ အဲသည်လူကို မဲလေးလှည်းပေါ်မှာပဲ ထားခဲ့မယ်တဲ့၊ နေခြင်း သေခြင်းပြဿနာကို သူ့ဘာသာသူပဲ ဆုံးဖြတ်ပါစေတဲ့၊ အချိန်အတိုင်းအတာတစ်ခု ကြာတဲ့တိုင် သူ့ဘာသာသူ ရွေးချယ်ဆုံးဖြတ်နိုင်ခြင်း မရှိရင်တော့ သူတို့ အဲသည်လှည်းကို သူတို့နေထိုင်ရာ ဆီအုန္နီတောကြီးအထိ ဆွဲသွားကြရမှာပဲတဲ့၊ ဒါဟာ လူတစ်ယောက်အတွက် လူ့လောကမှာ နေထိုင်ခြင်းကို နောက်ဆုံးသင်္ကြိုဟ်မြှုပ်နှံလိုက်တာဖြစ်ပြီး တစ်ပြိုင်နက်တည်းမှာပဲ

www.burmeseclassic.com



တီရစ္ဆာန်လောကမှာ အသစ်တစ်ဖန် ပြန်လည်နေထိုင်ဖို့ မွေးဖွားတာလဲ ဖြစ်သတဲ့”

ကျွန်တော်က ရှည်ရှည်လျားလျား ပြန်ပြောလိုက်မိသည်။ မန်းမာတေဦး၏ မျက်နှာပေါ်၌ နက်ရှိုင်းသော်လည်း နားလည်ရလွယ်ကူသော အသွေးအရောင်တို့ကို ကျွန်တော်ခံစားလိုက်ရပေသည်။ ကျွန်တော်သည် သူဘာပြန်ပြောမယ် မျှော်လင့်ရင်း မည်းရီရီရိုးမတောင်နွယ်ကို အမှတ်မထင် ငေးကြည့်မိပြန်လေသည်။ ဟိုတောင်သရက်တောထူထူကြီးကတော့ ဆည်းဆာထံ စိမ်းမှိုင်းလို့ပေါ့။ အာကာလော၏ သားမြေးတို့သည် ဆည်းဆာပြာရီ မလာခင်ကလေးကပင် တောင်ကျချောင်းကလေးကို ဖြတ်သန်းရင်း ထိုတောင်သရက်တောကြီးထဲသို့ တိုးဝင်ပျောက်ကွယ်သွားကြလေတော့သည်။ သို့သော် သူတို့သည် ခမ္ဘာသီချင်း ဆန်ဆန် “တစ်ခုလုံးကိုသာလွမ်း....တစ်ခုလုံးကိုသာလွမ်း”လို့ သီချင်းတစ်ပုဒ်ကို သံပြိုင်သီဆိုသွားကြပေရာ သူတို့၏ ခမ္ဘာတေးဆန်သော အသံတို့သည် တောများ၊ တောင်များကို ပဲ့တင်သံပြု၍ နောက်ဆုံး၌ ကျွန်တော်တို့ဆီသို့ လွင့်မျောလာပေသည်။

“တစ်ခုလုံးကိုသာလွမ်း”တဲ့လား ကွယ်။ တိုက်ဆိုင်စွာပင် ထရီဇားလူသည် လည်းကောင်း၊ မန်းမာတေဦးသည် လည်းကောင်း၊ ကျွန်တော်သည်လည်းကောင်း မတိုင်ပင်ဘဲလျက် ထိုသို့ရေရွတ်လိုက်မိကြတာ။ ထိုအခါကတော့ မန်းမာတေဦးသည် ထိုအသံတွေလွင့်မျောလာရာ တောကြီး တောင်ကြီးတွေဘက်သို့ ဆောက်တည်ရာမဲ့သူတစ်ဦးလို လေးလေးလျှပ်လျှပ် လျှောက်သွားနေရင်း “ဒါ တို့လူသားတွေကို သတိပေးလိုက်တာပဲ၊ တို့တွေဟာ လူတစ်ယောက်အဖြစ်

www.burmeseclassic.com



ပြည့်ပြည့်ဝဝရှိကြသေးရဲ့လားဆိုတာ မိမိကိုယ်မိမိ နာနာကျင်ကျင် စမ်းကြည့်ရမယ့်ကာလပဲ” လို့ ကျမ်းစာဖတ်သလို တတွတ်တွတ်ရွတ် ရနေပြန်တော့သည်။ ထို့နောက် အာကေလာ၏ သားသမီးမြေးမြစ်တို့ တတွေ၏ ခမ္မတေးဆန်သော အသံတွေက စောစောကလိုပင် တောတောင်တွေကို ဖြတ်သန်းရင်း မျောလွင့်လာနေတာ။ စောစောက သူတို့ရွတ်ဆိုသော “တစ်ခုလုံးကိုသာလွှမ်း” ဆိုတာနှင့် တစ်စုံတစ်ရာ ပတ်သက်နေမည်ထင်ပါသည်။ ဩော်...စိတ်မကောင်းစရာပ၊ အုတ်ရိုးကြီးက ဓားမဆိုးတစ်ချောင်းလို မိုးကောင်းကင်ကိုထိုးခွဲ ကွဲသွားရပေါ့၊ လရောင်တစ်ခြမ်း၊ ကောင်းကင်တစ်ခြမ်း၊ သစ်ပင်တစ်ခြမ်း....တဲ့လေ။ နောက်ဆုံးတော့ သူတို့အော်သံတွေ တိုးတိမ်ပျောက်ကွယ်သွားတာ။ ကျွန်တော်တို့လည်း တစ်စုံတစ်ရာ ဆက်ပြီးကြားရနိုးနှင့် မျှော်လင့်နေမိကြတာ။ နောက်ဆုံးတော့ အာကေလာတို့၏ သားမြေးကိုတစ်တွေ၏ ပထမညဦးယံသည် သည်လိုပင် ကုန်ဆုံးသွားတော့တာ။

ဩော်...လရောင်တစ်ခြမ်း၊ ကောင်းကင်တစ်ခြမ်းနှင့် တစ်ခုလုံးကိုသာ လွှမ်းချင်သူများပေတကား။

ယခုတော့လည်း ငါးညမြောက် ညဦးယံ၌ အသံဗလံမှန်သမျှတိုး ပျောက်ဆုံးနေပြန်လေသည်။ စောစောကတော့ မန်းမာတေဦးသည် “လေညင်းကို စိုက်ပျိုးပြီး နောက်မှပဲကွယ် တို့များဟာ မုန်တိုင်းကို ရိပ်သိမ်းရမပေါ့” လို့ပြောလိုက်တာ။ သူ့အသံက ပကတိနွေးထွေးလို့ပေါ့။ သို့သော် “လရောင်တစ်ခြမ်း ကောင်းကင်တစ်ခြမ်း” ဟူသော အော်သံကြီးများသည် ကျွန်တော့်ရင်ထဲ၌ စွဲထင်ပဲ့တင်ထပ် နေတုန်းပင်။ ကျွန်တော့်ရင်ထဲလည်း မကောင်းတော့။ လူသား

www.burmeseclassic.com



တစ်ယောက်၏ ကံကြမ္မာကို နာနာကျင်ကျင် တွေးနေမိပြန်သည်။ လူတို့သည် သတ်မှတ်ချက်များအောက်၌ ထာဝရ ပြားချပ်ပျောက်ကွယ်သွားဖို့ မသင့်ဟု ကျွန်တော်ထင်ပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင်လည်း ခပ်ပြားပြားဖြစ်နေရတာကို ကျွန်တော့်ဘာသာ သိနေရတော့သည်။ ထို့အတူ ခပ်ပြားပြားဖြစ်နေသော လူတို့ကို တာရာတစ်လုံးနှယ် လေထိုးပြီး လိမ့်ယူသွားတာကိုလည်း ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ဖူးပါသည်။ ကျွန်တော်လည်း ကျွန်တော့်ကို တာရာတစ်လုံးနှယ် လေထိုးပြီး ဘယ်တော့လိမ့်ယူသွားကြမည်ကို အလှည့်ကျစောင့်နေသူတစ်ဦးနှင့် ဆင်ဆင်တူသွားနိုင်ပါသည်။ တကယ်တော့ လောကသည် ကြေကွဲမှုနှင့်ယှဉ်သော ဟာသတွေကို ပြက်လုံးထုတ်တတ်သော လူပြက်တစ်ဦးလိုပါပင်။ ရံဖန်ရံခါတော့ မန်းမာတေဦးသည် အကြောင်းတိုက်ဆိုင်လာလျှင် "အနင်းခံရတဲ့ စပါးက သန်တယ်ဆိုပဲကွယ်၊ တစ်ခါသန်လွန်းလို့ ရွက်မျှောပစ်တော့လဲ စပါးပင်တွေ တုတ်တယ်ဆိုပြီး အရွက်တွေကို ဖြတ်ပစ်ရိတ်ပစ်ကြပြန်ရော" ဆိုပြီး တဟားဟား ရယ်မောနေတတ်ပေသည်။ သူ့စကားသည် အင်မတန်ရယ်စရာကောင်းသော ပြက်လုံးတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း သူ့လိုပင် ရယ်မောပစ်လိုက်မိပါသည်။ သို့သော် ကျွန်တော်တို့၏ ရယ်မောသံများသည် နာကျင်နေ၍ နားထောင်လို့ကောင်းမည် မဟုတ်ပါ။

တကယ်တော့ မဲလေးလှည်းပေါ်ရောက် ကျွန်တော်တို့ချစ်သော ဖားကလေးလည်း ကျွန်တော်တို့လိုပင် နာနာကျင်ကျင်ရယ်မောခဲ့တာကို ကျွန်တော် မှတ်မိနေနိုင်ပါသေးသည်။ ထိုအခါကတော့

www.burmeseclassic.com



သူသည် ဘာကြောင့် နာနာကျင်ကျင် ရယ်မောရတာကိုတော့ သူက ကျွန်တော့်ထက်ပို၍ သိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသူ ဖြစ်နေသေးသောကြောင့် ဖြစ်ပါသည်။ သို့သော် ယခုအခါ ပို၍ နာကျင်ကြေကွဲစရာကောင်းတာကတော့ သူသည့်တစ်စုံတစ်ရာသော စွဲချက်တွေကြောင့် မဲလေးလှည်းပေါ် ရောက်နေရတာပင် ဖြစ်ပါသည်။ ကျွန်တော်သည် “ကစ်ပလင်ရေ”လို့ ချဥ်ချဥ်တူတူ ဟစ်အော်ခေါ်ယူချင်စိတ် မရှိတော့ပါ။ ကစ်ပလင်ကွယ်လွန်သွားပြီဖြစ်သလို မျိုးဆက်တွေကာ ပြောင်းသွားကြလေပြီ။ ဆီအုန္နီတောကြီးထဲ၌ သစ်ရွက်တွေ ဆယ့်နှစ်ခါကြွေ၍ သစ်ရွက်သစ်တို့ ဆယ့်နှစ်ခါ ဖက်လိပ်ထိုးခဲ့သည်ကို ကျွန်တော်တို့ မသိကြတော့ပါ။ ယခု မဲလေးလှည်းပေါ်ရောက်ခဲ့သော ဖားကျလေးသည် ဖားကလေးမောဂ္ဂလိ မဟုတ်တော့ပါ။ ဖားကလေးမောဂ္ဂလိမှ ဆင်းသက်လာသော ဖားကလေးမောဂ္ဂလိ၏မျိုးဆက် ဖားကလေးသာ ဖြစ်ပါသည်။ ထို့အတူ အာကေလာတို့ ဝံပုလွေအုပ်စုကြီး၌လည်း မျိုးဆက်တွေပြောင်းသွားခဲ့လေပြီ။ တစ်ခါက ဆီအုန္နီတောကြီးထဲ ဝံပုလွေအုပ်စုကြီး၌ သူ အုပ်စုခေါင်းဆောင်ဖြစ်စဉ် လူသားငယ်ကလေးကို မွေးခဲ့သော အာကေလာကြီးတို့လင်မယားလည်း မရှိကြတော့။ ယခု ငါးညမြောက် ညဦးယံ၌ မဲလေးလှည်းကို လာဆွဲမည့် ဝံပုလွေများသည် အာကေလာမှ ဆင်းသက်လာသော မျိုးဆက်များ ဖြစ်ကြပေသည်။ အာကေလာ မျိုးနွယ်များသည် ဖားကလေးမောဂ္ဂလိ၏ မျိုးနွယ်ကို သံယောဇဉ်ကြီးမားတုန်းပင်။ အာကေလာကတော့ ဖားကလေးမောဂ္ဂလိကို သူတို့တိရစ္ဆာန်တွေထဲမှ လူ့လောကကို ပြန်ပို့စဉ်က လူတစ်ယောက်

www.burmeseclassic.com



လို အကောင်းအတိုင်းပဲတဲ့လေ။ မျိုးဆက်သစ် ဝံပုလွေတွေက ပြန်ပြောကြသည်။ ယခုတော့ ဖားကလေးသည် လူအဖြစ်မှ လျှော့ကျသေဆုံးသွားပြီတဲ့။ ထိုအခါ သူတို့သည် ဖားကလေးကို လူ့လောကမှာ ဆက်ပြီးမထားတော့ဘူးဆိုကာ လှည်းပေါ်သို့ တင်ခေါ်လာတာဖြစ်ပေသည်။ သူတို့ကား တိရစ္ဆာန်လောက၌ပင် လူသားကို လူသားပီသရန် ပြန်ပြီးမွေးမြူမယ်တဲ့လေ။

ကျွန်တော်သည် ဆီအုန်းတောတန်းထဲ၌ ကွယ်ပျောက်စွန်းထင်းနေသော လရောင်ကို ကျွန်တော် သတိရလာမိပါသည်။ လရောင်က ဂူဝသို့ ထိုးဝင်နေတာ။ ကျားကြီးရှိယာခန်က သူ့သားကောင်လူ့သားငယ်ကို ထိုဂူဝအထိ လိုက်ရှာကာ "ဟော့....ငါတို့ဝံပုလွေတွေဟာ လွတ်လပ်တဲ့သားမျိုးတွေဟေ့၊ ဘယ်ကကြောင်ကြောင်ကျားကျားနွားသတ်သမားရဲ့အမိန့်ကိုမှ မနာခံဘူးကွ၊ လူ့သားငယ်ဟာ ငါတို့ဥစ္စာ"လို့ ဝံပုလွေကြီးအာကေလာ၏ အော်သံက လရောင်ထဲစီးမျောသွားတာ။

ကျွန်တော် မှတ်မိနိုင်ပါသေးသည်။

ကျွန်တော်....

တကယ်တော့ ကျွန်တော်သည် ဖားကလေးကို ဖားကလေးမောဂလီနှင့် ဆွေမျိုးတော်စပ်မှန်း သိပါသည်။ ဖားကလေးမောဂလီကိုလည်း အရွယ်မတိုင်မီ တောရိုင်းတိရစ္ဆာန်များက ကျွေးမွေးပြုစုထားမှန်း ကျွန်တော်သိပါသည်။ ကျွန်တော်ကား ဖားကလေးမောဂလီ၏ မြေးငယ် ဖားကလေးနှင့် ဘယ်တုန်းက ခင်မင်ခဲ့သည် မသိနိုင်တော့ပါ။ ဖားကလေးသည် လူတွေလုပ်တာ အကုန်လုပ်တတ်သူ ဖြစ်၍

www.burmeseclassic.com



ကျွန်တော့်အဖို့တော့ ဘာမှသိပ်ထူးခြားလှသည် မဟုတ်ပါ။ သူသည် ဘုရားကျောင်းတက်သည်၊ အချစ်ကိုခံစားသည်၊ ဆန့်ကျင်ဘက်လိင်ကို တပ်မက်သည်၊ ငွေကြေးကို ခံမင်သည်၊ ကျော်ကြားမှုကို ရှာဖွေသည်၊ အာဏာကို ဦးညွှတ်သည်။ ကျွန်တော့်အတွက်တော့ မထူးဆန်းပါ။ သို့သော် အာကေလာမှ ဆင်းသက်လာသော ဝံပုလွေမျိုးဆက်သစ်တွေကတော့ သူတို့နှင့် ဆွေရင်းမျိုးရင်း ဖားကလေးမောဂ္ဂလိမျိုးဆက် ဖားကလေးရဲ့ ရင်ခုန်သံတွေက မမှန်တော့ဘူးတဲ့လေ။

ပထမ သူတို့ချင်း ဆွေးနွေးတာ ကျွန်တော်ကြားခွင့် ရနေပေသည်။ သို့သော် နောက်ဆုံး၌ သူတို့သည် လူသားငယ်ဖားကလေးကို မလေးလှည်းပေါ် ပစ်တင်လိုက်ကြတော့သည်။ အစပကတွေး ဘဝဦးတည်းက သေဆုံးနင့်တာ မဟုတ်ဘူးတဲ့လေ။ ဝံပုလွေငယ်တို့၏ စွဲချက်တွေက ခါးသီးပြင်းထန်ခဲ့ပေသည်။ ယခုတော့ ထိုဝံပုလွေငယ်တို့သည် ငါးညမြောက်ညဦးယံ စသည့်တိုင် ထိုဘုရားကျောင်းကလေးဆီသို့ ရောက်မလာသေး။ ကျွန်တော်တို့ကား သူတို့အလာကို စောင့်နေသလို အသုဘပို့ရအောင် စောင့်နေတာလည်း ဖြစ်နိုင်ပါသည်။ ဝံပုလွေတွေကတော့ သူ့ကို ရွေးချယ်ခွင့်ပေးထားသည်။ သူ့ဘာသာသူ ရင်ခုန်သံမှန်အောင် ကြိုးစားဖို့ပဲပေါ့။ ဖထီးမန်းမာတေဦးကတော့ နောက်ဆုံး၌ "ကျွန်တော်ကကော ဘာများတတ်နိုင်ဦးမည်နည်း" ဟု ဆိုကာ ဟက်ကနဲ ရယ်မောလိုက်ပြန်လေသည်။ သို့သော် မန်းမာတေဦးက "ငါ သူတို့ကို သရော်တာ မှုတ်ပါဘူး၊ ငါ့ကိုငါ သရော်တာပါ" လို့ ဆက်ပြောနေပြန်သည်။ ကျွန်တောတို့ကား စိတ်ထိခိုက်နေကြ၍လားမသိ။ တိတ်ဆိတ်ငြိမ်သက်နေမိကြသည်။ သို့သော် မန်းမာတေဦးက သည်အတိုင်း မနေတော့ပြန်။

www.burmeseclassic.com



"ဒီမယ် ထရီဇာလူရယ်၊ ဖားကလေးက ညည်းချစ်သူ၊ ဒီတော့ ညည်းက အရေးကြီးတယ်၊ ညည်းပြောရင်...."

"ဘာရယ်ဖထီး၊ ကျွန်မက အရေးကြီးတယ် ဟုတ်လား"

ထရီဇာလူက ရယ်မောလိုက်ပေသည်။ ပြီးတော့ သူမသည် မဲလေးလှည်းကို ကြောခိုင်းပြီး ရပ်လိုက်ပေသည်။

"သည်မယ် ဖထီးရေ၊ ဖထီးကိုတော့ ကျွန်မလေးစားပါတယ်၊ ဒါပေမယ့် ကျွန်မသည်နေရာကို ရောက်လာတာ ချစ်သူတစ်ယောက်အတွက် မဟုတ်ဘူး၊ လူတစ်ယောက်အတွက် ရောက်လာတာပါ၊ ဘာပဲပြောပြော ကျွန်မ အာကေလာရဲ့မြေးတွေ ပြောတာကို သဘောတူတယ်၊ ဖထီးပြောသလို ပြောရရင်တော့ ကျွန်မကကော ဘာများတတ်နိုင်ဦးမည်နည်းပေါ့၊ ဒီလိုပြောတာဟာ ကျွန်မ သူ့ကို သရော်တာဖြစ်သလို ကျွန်မကိုကျွန်မ သရော်တာလဲ ဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူရွေးချယ်တာကိုး၊ ဒီလိုပဲ ကျွန်မကလဲ သူ့ကို ရွေးချယ်မိတာကိုး၊ ဘာပဲပြောပြော ဘဝဆိုတာ မထင်တာတွေ ဖြစ်တတ်တာပဲ မဟုတ်လား၊ ကျွန်မ အသင့်အတင့် နှလုံးသွင်းတတ်ပါတယ်၊ ဒါပေမယ့် ကျွန်မ သူ့ကို နှမြောနေမိတယ်၊ လူတစ်ယောက်ကို နှမြောသလိုမျိုးပေါ့၊ သူ ဘာနဲ့တူသွားပြီလဲဆိုတော့ ကျွန်မ ဘယ်တုန်းကမှ မမျှော်လင့်တဲ့ အပေါင်ဆိုင် ရာဖြတ်စာရေးနဲ့ တူသွားပြီ၊ သူဟာ အပေါင်ဆိုင်ကို လာပြီးပေါင်တဲ့လူရဲ့ ပစ္စည်းကိုပဲ နားလည်တယ်၊ အဲဒီပစ္စည်း လာပေါင်တဲ့လူရဲ့ ခံစားမှုဝေဒနာကိုတော့ သူ နားမလည်တော့ဘူး၊ သူဟာ တစ်ခုလုံးကို မသိတော့ဘူး၊ တစ်ခြမ်းပဲသိတယ်၊ တစ်ခြမ်းပဲ ကျန်တော့တယ်"

www.burmeseclassic.com



ထရီဇားလူ၏ အသံတွေက ပြောရင်းပင် ကွဲအက်သွားနေသည်။ မျက်လုံးအိမ်၌လည်း မျက်ရည်တွေ ရစ်ဝဲလာနေသည်။

"သူဟာ ကျွန်မကို သည်နည်းနဲ့ ဖျက်ဆီးသွားတာ ဖထီးရေ၊ ကျွန်မ လူတွေအပေါ်မှာ အကောင်းမြင်တဲ့စိတ်၊ လူတွေကို မြတ်နိုးတဲ့စိတ်၊ အဲဒီစိတ်ကို သူက ဒီနည်းနဲ့...ဒီနည်းနဲ့ ဖျက်....ဖျက်ဆီး...."

ထရီဇားလူသည် မျက်နှာကို လက်ဖဝါးဖြင့်အုပ်ကာ ရှိုက်ကြီးထပ် ငိုချလိုက်ပေသည်။ ကျွန်တော် မမျှော်လင့်မိပါလား။ ကျွန်တော်သည် မိန်းမတစ်ယောက် သည်လောက်ရှိုက်ကြီးထပ် ငိုကြွေးတာကို မမြင်ဖူးခဲ့ပါ။ မန်မာတေဦးလည်း စိတ်ထိခိုက်သွားဟန် တူပါသည်။ သူက ဘုရားကျောင်းလေးဆီသို့ တရွေ့ရွေ့ပြန်ထွက်သွားနေသည်။ ဘုရားကျောင်းကလေးက ချုပ်စဆည်းရီထဲမှာ မိုးပို၍ မည်းရီသွားလေသည်။ မန်မာတေဦးကား သူ့စန္ဒရားဟောင်းကြီးနှင့် ကြေကွဲဦးမည်လားမသိပါ။ ကျွန်တော်က အရိပ်တစ်ခုလို မည်းရီရီ လွင့်ပါးနေသော မန်မာတေဦးကို ငေးမောရင်း အာကေလာတို့ လာမည့်လမ်းကို လှမ်းကြည့်နေမိသည်။

ငါးညမြောက်ညသည် တစ်စတစ်စ ပီပြင်လာနေသည်။ ညသည် ကံ့ကော်ရနံ့နှင့် မွှေးမြလာနေတာ။ သော်ကပွင့်နီနီတို့ အမှောင်ထဲ၌ တစ်စတစ်စ မည်းနက်သွားနေတာ။ လဝန်းသည် တောင်တန်းကလေးပေါ်၌ မေးတင်ထားနေတာ။ တောင်ကျချောင်းကလေး၌ မိုးလက်ကျန် စမ်းရေတို့သည် လေးလေးလိမ့်လိမ့် စီးဆင်းသွားနေတာ။ မန်မာတေဦးကား စန္ဒရားတစ်လုံးနှင့် သူ့ဘုရားကျောင်းကလေးထဲ၌ မူ ရှိနေတာ။ ညတစ်ည၏ အစသည် လွမ်းတတ်လျှင် သည်လိုပင်

www.burmeseclassic.com



လွမ်းလို့ကောင်းနေပြန်လေသည်။ ကျွန်တော်နှင့် ထရိဇားလူကား ဘုရားကျောင်းကလေးရှေ့ မဲလေးလှည်းအနီး သစ်ပင်တစ်ပင်အောက်၌ စိတ်ပျက်လက်ပျက် ထိုင်နေမိလေသည်။ ကျွန်တော်တို့ကား ဘယ်သူ့ကို စိတ်ပျက်နေမှန်း မသိတော့။ ကျိန်းသေတာကတော့ လက်ရှိအခြေအနေကိုကော မိမိကိုကော စိတ်ပျက်တာ ဖြစ်နိုင်လေသည်။ ထိုစဉ် ဘုရားကျောင်းမှ စန္ဒရားသံရပ်သွားစ ခေါင်းလောင်းသံတွေကြားလိုက်ရပြေသည်။

အသုဘခေါင်းလောင်းပေတကား။

ဘုရားကျောင်းမှ ပြန်လျှောက်လာသော မန်းမာတေဦးကို လရောင်ထဲ လှမ်းတွေ့လိုက်ရသည်။ သူသည် အတော်ပင် ပင်ပန်းနွမ်းနယ်သွားဟန် တူလေသည်။ သူကား ပို၍နေးကွေးနေလျက်။ သူ့ရင်ထဲက အင်အားများကို သူသည် စန္ဒရားသံတွေ၊ အသုဘခေါင်းလောင်းသံတွေအဖြစ် အပြင်သို့ ထွေးထုတ်ခဲ့ပြီလား မသိပါ။ နောက်ဆုံးတော့လည်း မန်းမာတေဦးသည် မောပန်းနွမ်းနယ်စွာ ကျွန်တော်တို့ဆီ လာရပ်နေလေတော့သည်။

"အို"

ကျွန်တော် တုန်လှုပ်သွားပါသည်။ ကျွန်တော် ထိုင်ရာမှ ဖြတ်ကနဲ ထလိုက်မိသည်။ ဟိုးရိုးမတောင်ခြေမှ "အမဲသားငါးများပါစေ" ဟူသော အသံကြီးတွေ အင်အားတကြီး လွင့်မျောလာနေတာ။ သူတို့ လာကြလေပြီကော။ ထိုအသံများသည် ခေါ်သံတွေနှင့် တူသွားလေသည်။ ထို့အတူ အော်သံကြီးတွေ ဖြစ်သွားလေတော့သည်။ ကျွန်တော်တို့ကား အတွေးဖြင့် သိထားသော်လည်း တကယ်ရင်ဆိုင်

www.burmeseclassic.com



ရသောအခါ တုန်လှုပ် ချောက်ချားသွားရလေသည်။ လူတစ်ယောက်၏ နိဂုံးကာလများလား။ သူတို့သည် တောလမ်းမှထွက်ကာ ကွင်းအစသို့ ရောက်လာဟန် တူသည်။ အမဲသားငါး များပါစေဟူသော အသံများ၊ သင်နှင့်ငါ သွေးချင်းသားရင်းဟူသော အသံများအားလုံးသည် ကျွန်တော်တို့နှင့် တစ်စတစ်စ နီးလာနေတော့သည်။ ထိုစဉ် လွမ်းမောစရာ အသံတစ်သံက စေးပျစ်လွင့်မျောလာပြန်လေသည်။ စောစောကလို အုံနှင့်ကျင်းနှင့် ဟစ်ကြွေးအော်နေသော အသံမျိုး မဟုတ်တော့။ "တော၏ညဦးတေး" တဲ့လေ။ အသံဝါဝါကြီးက လရောင်ထဲ လွင့်ပါးနေသော တစ်မျိုးတစ်မုံတော့ ခံစားနေရပြန်တော့သည်။

"ရွှေစွန်ညိုလည်း အိမ်ပြန်ပြီ
လင်းနို့ထွက်သည့် ညဦးဘက်ရောက်ပြီ
ကျွဲနွားအုပ်များ ခြံသွင်းထားကြ၊
တောခွေး ငါတို့ ရောင်ပျိုးကို
လှည့်လည်သွားလာနေကြသည်။
ဤကာလကား
လက်သည်းများနှင့် စွယ်သွားချွန်ထက်
တောနက်ခွန်အား သားရဲများတို့
ဝင့်ကြွားတက်ကြွ အ,ကာလကြည့်။
အို...တော၏ဥပဒေကို ရိုသေလေးစား သားရဲများတို့
ကြားကြကုန်လော့ ကြားကုန်လော့
သင်တို့အား အမဲသားငါးများပါစေ...." တဲ့လေ။

www.burmeseclassic.com



ထို့နောက် အသံတွေ တိတ်ဆိတ်သွားကြပြန်လေသည်။ ကျွန်တော်ကား ဆိုင်သည် မဆိုင်သည် မသိတော့။ တိတ်ဆိတ်ညခမ္မသီချင်းကို သတိရလာသည်။ ထို့အတူ သန့်ရှင်းညလို့ တွဲခေါ်တာလည်း ကျွန်တော် မှတ်မိနေပါသေးသည်။ နောက်ဆုံးတော့ ဝံပုလွေတွေက ဘုရားကျောင်းရှေ့ ရောက်လာလေတော့သည်။ သူတို့သည် မဲလေးလှည်းကိုဆွဲရန် ကြိုးကိုကောက်ကိုင်လိုက်ရင်း "ငါတို့တစ်ခေါက်ရောက်လာကြပြန်ပြီ ဖားကလေးရေ"လို့ ဟစ်အော်လိုက်ကြသည်။ မဲလေးလှည်းကလေးကတော့ အထဲမှာ ဘာမှမရှိသလို ငြိမ်သက်လို့ပေါ့။

"တကယ်ခေါ်သွားတော့မှာလားဗျာ"

ကျွန်တော်က တုန်တုန်ဝေဝေ မေးလိုက်မိပေသည်။ သို့သော် အုပ်စုခေါင်းဆောင်ဖြစ်ပုံရသော ဝံပုလွေပြာကြီးက ကျွန်တော့်ကို ဘာမှမပြော။ ကျွန်တော်သည် (ဆရာ)ထင်လင်း၏ မောဂ္ဂလိကို ဖတ်ဖူးလေရာ လသာသောညတစ်ည၌ လူသားငယ်လေး ဖားကလေး မောဂ္ဂလိအတွက် ကျားကြီးရှိရာခန်ကို ဟိန်းဟောက်နေသော ဝံပုလွေပြာကြီး အာကေလာနှင့် ယခု ကျွန်တော့်ရှေ့ရှိ ဝံပုလွေပြာကြီးကား တထေရာတည်းတူနေတာ တွေ့နေရပေသည်။ ထို့အတူ မျိုးဆက်တွေသာ ခြားသွားသော်လည်း သူတို့၏ လူသားငယ်ပေါ်၌ ခံစားတတ်သော ခံစားမှုသည် ပြောင်းလဲသွားဟန်မတူ။ သူတို့ကား ဝမ်းနည်းကြေကွဲနေကြဟန် တူလေသည်။ ဝံပုလွေပြာကြီးက ခပ်ငူငူထိုင်နေရင်း "ဒါဟာ ကြောက်စရာကောင်းတဲ့ ဆုံးရှုံးမှုပဲ"လို့ ပြောနေသည်။ သူ့အသံက ကြေကွဲရိပ်သန်းနေသည်။

www.burmeseclassic.com



"အေ ကွယ်၊ ဒါကို ခင်ဗျားတို့လူသားတွေ သတိမထားကြဘူး"

"ဘာဗျ"

ကျွန်တော်သည် ဝံပုလွေပြာကြီး၏ စကားကို တအံ့တသြ တုန့်ပြန်မိသည်။ ဝံပုလွေပြာကြီး က သူတို့ဆွဲမည့် မဲလေးလှည်း နား တိုးကပ်သွားသည်။ အခြားဝံပုလွေတွေကတော့ ငေးငူတိတ်ဆိတ် နေကြဆဲ။ မြင်ကွင်း က တစ်စတစ်စ ရင့်ရော်လာသော လရောင်အောက် မှာမို့ ဝါဝါယော်မှိုင်းဝေနေပေသည်။ ထိုစဉ် ထိုလရောင်ကြီး ထဲ ဖြတ် သန်းရင်း မန်းမာတေဦး ကော ထရီအားလူပါ ဘယ်သူ့ကိုမှ နှုတ်မဆက် ပဲ ဘုရားကျောင်းဘက် ထွက်သွားလေတော့သည်။ နောက် သူတို့ သည် ဘုရားကျောင်းထဲ ဝင်သွားပြီး ဆူးခက်တွေ၊ သွေးစက်တွေနှင့် သခင်ယေရှု၏ ရွှေနှလုံးတော်ရှေ့၌ ဒူးထောက်ဝတ်ပြုလိုက်ကြတာ။ ထို့နောက် မန်းမာတေဦးသည် သူ့စန္ဒရားအိုကြီးရှေ့၌ ဝင်ရပ်လိုက် ပေသည်။ သို့သော် သူက ခါတိုင်းလို စန္ဒရားကိုမတီး ။ တစ်စုံတစ်ရာ ထိခိုက်ပေါက်ကွဲသူ တစ်ယောက်လို စန္ဒရားခလုတ်တွေကို သူ့လက် ကြီးတွေနှင့် ပစ်ပစ်ရိုက်နေတာ။ အသံတွေက ဖရိုဖရဲ ပူပူလောင်လောင်။ ထရီအားလူက "ဖထီးမန်းမာတေဦး၊ မန်းမာတေဦး"လို့ ဟစ်အော် သတိပေးနေတာ။ ကျွန်တော်ကား ဘာလုပ်ရမည် မသိတော့။ မြင် ကွင်းကလည်း ကြည့်လို့မကောင်းတော့။ ဘုရားကျောင်းကလေးထဲ၌ ဖရောင်းမီးပွင့်ကလေး ထွန်းထားပေရာ ကျွန်တော်မှာ ဘုရားကျောင်း ကလေးထဲ အတိုင်းသား လှမ်းမြင်နေရသည်။

ဝံပုလွေပြာကြီးကလည်း ဘုရားကျောင်းထဲ မေရီရင်ပို့လို့ ကြေကွဲသွားဟန် ရှိလေသည်။

www.burmeseclassic.com



"သူက ခေါက်ရိုးကျိုးလူသားတစ်ဦး ဖြစ်သွားပြီမှတ်လား၊ မမှန်ကန်တဲ့ သူ့ရင်ခုန်သံအတွက် ဖြင်ဆင်ပြောင်းလဲဖို့ သူမကြိုးစားတော့ဘူး မှတ်လား"

"ဘာဗျ"

ကျွန်တော် ပိုပြီးတုန့်လှုပ်သွားပါသည်။

"ဟုတ်တယ်၊ သူက တစ်ခြမ်းသာ ကျန်တော့တဲ့လူ။ ကာလရဲ့ တိုက်စားမှု၊ ဒေသရဲ့တိုက်စားမှု၊ ပရောဂရဲ့တိုက်စားမှု၊ အဲဒီတိုက်စားမှု သုံးခုကြားမှာ သူဟာ လုံးပါးပါးသွားရင်း တစ်ခြမ်းသာ ကျန်ခဲ့တဲ့လူ။ ဖားကလေးစောင် မဟုတ်တော့ဘူး၊ ဖားပြုပ်တစ်ခြမ်းနဲ့ လွမ်းကျန်တဲ့သူ"

ဝံပုလွေပြာကြီးက သူ့စကားမဆုံးခင်ပင် နာနာကျင်ကျင် အော်ဟာစ်ရယ်မောလိုက်ပေသည်။ သို့သော် သူသည် ရုတ်ချည်း တည်ငြိမ်သွားပြန်တော့သည်။

"ခင်ဗျားတို့ လူတွေဟာ မြွေလိုလဲ အရေလဲကြ၊ ဖားလိုလဲ ဖားပေါင်စင်းကြ"

"ဘာဗျ"

ကျွန်တော်ကား သူ့စကား၌ ပိုလို့တုန်လှုပ်သွားရပြန်လေသည်။

"မအံ့ဩပါနဲ့ဗျာ၊ ကျုပ်တို့လဲ စာနာတတ်သူတွေပါ။ အယ် သတ္တဝါဖြစ်ဖြစ် အပြဋ္ဌာန်းခံရတာတွေ ရှိတာပဲ။ ဒါပေမယ့် ရုန်းထွက်ရမှာက အဲသည်ပုဂ္ဂိုလ်ဗျ။ အဲသည်လို ရုန်းထွက်ရင်းနဲ့ တခြားအပြဋ္ဌာန်း ငှားရမ်းခံရသူတွေကို မေ့လျော့သွားရင် အဲသည့်လူဟာ တစ်ကိုယ်ကောင်းဆန်သွားပြန်ရော"

www.burmeseclassic.com



ဝံပုလွေပြာကြီးရဲ့ အသံက ပကတိ တိုးသက်လာနေသည်။ သူ့စကားလုံးတွေက ကျွန်တော့်ခံစားမှုကို လာပြီးထိခိုက်နေသလိုပင်။ လရောင်က ပိုပြီးပြာရီလာဆဲ။ ပန်းမာတေဦး၏ စန္ဒရားသံကို လေးတွဲတွဲ ကြားလာနေသည်။ စောစောက ထိခိုက်ပေါက်ကွဲနေသော မန်းမာတေဦးသည် အထိုက်အလျောက်တော့ တည်ငြိမ်သွားပြီ ထင်ပါသည်။

"ဖားကလေးကိုတော့ ကျုပ်တို့ ပြန်ခေါ်သွားကြရမယ်။ ကျုပ်တို့အဘိုး အာကေလာက ဖားကလေးမောဂ္ဂလိကို လူ့လောကထဲပို့တုန်းက သူဟာ အကောင်းအတိုင်းပဲ။ ခု ဖားကလေးမောဂ္ဂလိရဲ့မြေး ဖားကလေးကျတော့ ကြေကွဲစရာပါဗျာ"

သူ့အသံက ဆို့နင့်ကြေကွဲလာနေသည်။ ကျွန်တော့်ရင်ထဲ သူပြောသော "မြွေလိုလဲ အရေလဲကြ၊ ဖားလိုလဲ ဖားပေါင်စင်းကြ" ဆိုသော အသံတွေက ပဲ့တင်ဟပ်ဆဲ။ သူက ... တရားခံကို စီရင်ချက်ချမည့် တရားသူကြီးတစ်ယောက်၏ ဟန်ပန်မျိုးမဟုတ်။ သတ္တဝါများအပေါ်၌ ကရုဏာကြီးမားသော သူတော်စင်တစ်ဦး၏ ဟန်ပန်မျိုး ဖြစ်နေပေသည်။

"ခုကော့ ငါးညမြောက်ခဲ့ပေါ့။ အင်းလေ ... ငါးညပဲဖြစ်ဖြစ်၊ ငါးနှစ်ပဲဖြစ်ဖြစ်၊ ဒါဟာ သတ်မှတ်ချက်တစ်ခုသက်သက်ပါ။ ဘယ်လိုနေမလဲ၊ ဘယ်လိုသေမလဲဆိုတာသာ ကျုပ်တို့ရဲ့ အကြောင်းပါ။ ကျုပ်တို့အတွက် ရွေးချယ်ခွင့်မရှိတဲ့အခါ စင်းခံနိုင်ကြတာက အရည်အချင်းတစ်ရပ်ဖြစ်ပြီး ရွေးချယ်ခွင့်ရှိလို့ မရွေးချယ်ဘဲ ဖားတစ်ကောင်လို ဖားပေါင်စင်းနေရင်တော့ ဒါဟာ ကျုပ်တို့ရဲ့ အမှားကြီးပဲဗျ။

www.burmeseclassic.com



ခု ဖားကလေးမောင်ဂ္ဂလိရဲ့မြေး ဖားကလေးရဲ့အဖြစ်က ကြေကွဲစရာပါဗျ”

သူ့အသံက တိမ်ဝင်သွားသည်။ ကျွန်တော့်ရင်ထဲက တဒိတ်ဒိတ်ခုန်လာနေသည်။ သူတို့ကား နောက်ဆုံးတော့....နောက်ဆုံးပေါ့လို့ နှုတ်ဆက်ကြပေတော့မည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ဝံပုလွေပြာကြီးက မဲလေးလှည်းကို စဆွဲတော့မည့်ဟန်နှင့် ကြိုးကို ကောက်ကိုင်လိုက်သည်။ ထိုအခါ “တစ်ခုလုံးကိုသာလွမ်း”ဆိုပြီး ဝံပုလွေတွေက သူတို့၏ ဓမ္မတေးဆန်သော သီချင်းကို တစ်ပြိုင်တည်းကောက်ဆိုလိုက်သည်။

မဲလေးလှည်း၏ ဘီးများကား စတင်ရွေ့လျားနေကြပြီ။

ထိုစဉ် ဘုရားကျောင်းဆီမှ ကြောက်မက်ဖွယ်ရာ အသုဘခေါင်းလောင်းသံတွေက အဆုံးမထင် လွင့်ပါးလာနေတော့သည်။

ကျွန်တော်ကား “နေရစ်ကြပေတော့ဗျို့၊ ခင်ဗျားတို့ရဲ့ ဖားပြုပ်ကလေးတစ်ခြမ်းကို လွမ်းပြီး နေရစ်ကြပေတော့”လို့ ဝံပုလွေတွေရဲ့ ကွဲအက်ဆို့နင့် နှုတ်ဆက်သံတွေကို နားထောင်ရင်း လရောင်ထဲ တရွေ့ရွေ့လွင့်ပါးနေသော မဲလေးလှည်းကို လှမ်းကြည့်နေမိသည်။ သွားပေဦးတော့ ဖားကလေးရေလို့ ကျွန်တော် နှုတ်မဆက်နိုင်တော့ပါ။

ကျွန်တော်သည် မဲလေးလှည်းကလေးကို ငေးရီနေမိဆဲ။

ကျွန်တော့်မျက်လုံးအိမ်၌ မျက်ရည်တွေက တွေကနဲကျလာပြန်လေသည်။ ဩော်....ထိုတစ်ညဉ့်၌ လရောင်ထဲ မျက်ရည်စက်လက်နှင့် လူတစ်ယောက်သည် မြေကြီးပေါ်၌ ရပ်ထားသော သူ့ခြေထောက်တွေကို သူ့ခြေထောက်တွေမှ ဟုတ်ရဲ့လားဟု သံသယနှင့် ပြန်ကြည့်နေတာကိုတော့ ဘယ်သူမှ သိနိုင်ကြမည် မဟုတ်ပါ။ ။

www.burmeseclassic.com



မရောက်ဖြစ်တော့။ အာပတ်ဖြေရန် တနင်္ဂနွေဆုတောင်းပွဲ၌ ကိုယ်တော်မြတ်ပင့်ယူရန် ဒီလောက်ပဲ ရောက်တော့သည်။

တစ်ခုသောမိုးဥတု မနက်ဆည်းဆာသည် စိုးရိမ်မိုးရိပ်ကြောင့် နက်ကြုတ်နေဆဲ။ ခဲသားရောင် အမှောင်ပိန်းပိန်းထဲတွင် မီးခွက် ၇လင်းက အားနည်းနွမ်းဖျော့နေပြန်သည်။ မီးငွေ့ပါသောလေက ဆိုင်ကလေးထဲ တိုးဝင်ဖော့ခတ်လိုက်သောအခါ မီးခွက်အလင်းသည် ဖျတ်ခနဲ ငြိမ်းသွားပြန်တော့သည်။ ကျွန်တော်က ဒီဇယ်မီးခွက်ကလေးကို ပြန်ပြီးထွန်းလိုက်ရပြန်သည်။ လေက ငြိမ်သွားလိုက်၊ ပြန်တိုးလာလိုက်နှင့် ယိမ်းယိမ်းယိုင်ယိုင် တက်လာသော မီးငွေ့တို့သည် ခနိုမိုးနှင့် ထိခတ်ကာ နောက်ဆုံး ပျောက်ကွယ်သွားပြန်တော့သည်။

ဟောင်းနွမ်းနေသော အချို့ပန်းကန်တို့ကို ချိတ်ဆွဲပြီးစ၊ ထင်းမီးပူကြောင့် ရေနွေးအိုးလည်း ဆူဝေလာစ။ ကျွန်တော်သည် ပလိန်းကိတ်မုန့်တစ်တုံးမှ ပလိန်းကိတ်မုန့်ချပ်ပါးပါးကလေးတွေကို

www.burmeseclassic.com


လှီးယူနေမိသည်။ ပလိန်းကိတ်မုန့်တစ်တုံးမှ မုန့်ချပ်ပါးပါးကလေး တွေ လှီးယူသောအခါတိုင်း၊ လှီးပြီးသော မုန့်ချပ်ကလေးလေးတွေကို ဖန်ပုလင်းထဲသို့ထည့်သောအခါတိုင်း၊ ထည့်ပြီးသား မုန့်ချပ်ကလေး တွေကို ဝယ်ယူလာသောအခါတိုင်း ကျွန်တော်သည် ကျွန်တော့် သူငယ်ချင်း ပလိန်းကိတ်ကို သတိရနေမိသည်။

ထိုအခါ၌ အတိတ်သည်လည်းကောင်း၊ အတိတ်နှင့်ပတ်သက် ခဲ့သော ရုပ်ပစ္စည်းများ၊ အသံပစ္စည်းများ၊ အတွေးပစ္စည်းများသည် လည်းကောင်း ကျွန်တော့်အာရုံထဲ၌ လင်းသစ်ထက်မြက်စွာ ဖြတ်သန်း နေတတ်ပေသည်။ ပလိန်းကိတ် သူ၏ လယ်ကွင်းများ၊ နွားငေါက်သံ၊ တလင်းနယ်ရင်း သီချင်းဆိုသံအားလုံးသည် ရိုးအီနေသော မြင်ကွင်း များ ဖြစ်ပါလျက် ပလိန်းကိတ်နှင့် ပတ်သက်လာလျှင် ကျွန်တော် သည် ဆွတ်ပျံ့နာကျင်စွာ ခံစားနေရတတ်ပေသည်။ လေးထောင့်ကျကျ မျက်ခွက်ကြီး၊ တင်းစေ့ထားသော နှုတ်ခမ်း၊ ပါးစပ်ကိုပင်ဖုံးနေသည့် နက်မှောက်သော နှုတ်ခမ်းမွေး၊ ရီဝေမှုန်ငေးနေသော မျက်လုံးအစုံ၊ ရီမောခဲသော်လည်း ရီမောလိုက်လျှင် ဟက်ဟက်ပက်ပက်ရှိတတ်သော ထိုစရိုက်လက္ခဏာတို့က ကျွန်တော့်ရင်ကို လာရောက်ထိခိုက်နေပြန် တော့သည်။ ဆိုင်မဖွင့်ခင် ဟိုးတရံရောမျှားကတော့ ကျွန်တော်လည်း သူတို့ရွာကလေးသို့ မကြာခဏ ရောက်သွားတတ်ပေသည်။ ထိုအခါ များ၌ သူလည်း ကျွန်တော့်ကို ဝမ်းစာအကြောင်း၊ နွားအကြောင်း၊ ဆိုင်ကြွေးအကြောင်းတွေ ပြောနေပြန်တော့သည်။ နောက်ဆုံးတော့ လည်း ပလိန်းကိတ်သည် ပြောစရာစကားတွေ မဲ့ခမ်းသွားသလို တစ်နေရာစုသို့ မှုန်မှုန်ဝေဝေငေးတတ်ပြန်သည်။

www.burmeseclassic.com



ပိတောက်တွေ ပွင့်ဝေလာစ၊ သင်္ကြန် လက်ဆေးမိုးလေး တဖြည်းဖြည်း တဖြိုက်ဖြိုက်နဲ့ ရွာလာစ၊ မြေသင်းနံ့ထဲတွင် ကံ့ကော် ရနံ့ကို ထိတွေ့ရစ။ ဦးတည်ရာမဲ့ လွမ်းတတ်သော အလွမ်းတွေ ထဲတွင် ပလိန်းကိတ်တစ်ယောက်လည်း ပါလာတတ်ပြန်သည်။ ကျွန်တော်သည် လှီးပြီးသား ပလိန်းကိတ်မုန့်ချပ်ကလေးများကို ဖန်ပုလင်းထဲထည့်ပြီး ခပေါင်စီးကရက်ဘူးဘေးတွင် ယှဉ်ချထား လိုက်သည်။ ခြူးနဂါးနှင့် ရွှေဂဲဆေးသိပ်ထုပ်ကြွေကိုတော့ မကုန်သေး လို့ အသစ်ဖောက်ရန် မလိုသေး။ အချိုခြောက်လည်း ဖောက်ပြီးပြီမို့ ကျွန်တော်လည်း အကြမ်းတစ်ခွက်ကို ငုံ့သောက်နေမိသဲ။ ပန်းကန် စင်ထွင် ချိတ်ဆွဲထားသော အချိုပန်းကန်များကို ငေးနေမိပြန်သည်။ နွမ်းဖျော့သော မီးခွက်အလင်းက ပန်းကန်ကလေးများကို တစ်ဝက် တစ်ပျက် ပွေ့ဖက်ထားနေသည်။ ပန်းကန်ကလေးများသည် အစင်း အကြောင်းတွေနဲ့ အတော်ဟောင်းနွမ်းခဲ့လေပြီ။ အချို့ ကွဲအက်သွား တာပင် ဘယ်နှစ်လုံးရှိပြီကို မမှတ်မိနိုင်တော့။ ဩော်...အချိန်တွေ စီးမျောသွားပါဂကော။

ယခုမှ ပြန်၍ရေတွက်သော် ပလိန်းကိတ်ဆုံးသွားပြီးနောက် ပိတောက်တွေ ဘယ်လောက်ပွင့်ခဲ့ပြီကို မမှတ်မိချင်တော့။ သင်္ကြန် ပြီးစ မိုးပြေးလေးတစ်ဖြိုက် ရွာလိုက်ပြီးစ၊ ပိတောက်တွေ မွှင့်ဝေ လာစ၊ ကံ့ကော်ရနံ့တွေ ထုံဝေလာစ။ ပြီး၍ တစ်ခုသောညနေခင်း တွင်ပလိန်းကိတ် ဆုံးသွားခဲ့လေပြီ။ သူသည် သာမန်လူတစ်ယောက် လိုပင် သာမန်ရောဂါတစ်ခုခုရှိပြီး သာမန်လူတစ်ယောက်လိုပင် မတတ်နိုင်မှုက ဖိစီးလိုက်သောအခါ သာမန်လူတစ်ယောက်လိုပင် သေဆုံးသွားခဲ့ပေသည်။

www.burmeseclassic.com



ကျွန်တော်သည် အတွေးတစ်ပုံတစ်ပင်နှင့် ထိုင်နေဆဲ။ ဆရာကလေး ဦးစိုးထိုက်က ဆိုင်ထဲသို့ ဝင်လာပေသည်။ ထိုအခါ ပလိန်းကိတ်နှင့် ပတ်သက်သော အတွေးများလည်း ပြတ်တောက်သွားရတော့သည်။ ဆရာကလေးသည် သူထိုင်နေကျ ချောင်ကျကျ စားပွဲကလေးတွင် သူ့စရိုက်အတိုင်း ခပ်ကုပ်ကုပ် ဝင်ထိုင်လိုက်ပေသည်။ ဆရာကလေးကား ကျွန်တော့်ဆိုင်ကလေးသို့ ဒီလိုပဲ အစောကြီးရောက်လာတတ်သူ။ အပြင်ဘက်၌ မိုးတွေ မှုန်မှုန်ဖွဲဖွဲရွာနေဆဲ။ သို့သော် နံနက်ခင်း၏ အလင်းအစအနတို့ စွန်းထင်းစပြုလာနေပြီ။ ရွှေမြစ်၏ ဟိုမှာဘက်ကမ်းရှိ ကုက္ကိုတောတန်းကြီးကို ထိုအလင်းအစအနတွေကြား၌ မှိုင်းမှိုင်းညှို့ညှို့ တွေ့လာနေရသည်။ နွေကလိုမကြည်လင်တော့သော ရွှေမြစ်ရေသည် ဝါးလုံးထိုး စီးဆင်းသွားနေသည်။ မိုးတွင်းမို့ မြစ်ညာရေက တအားထိုးပေရာ ရွှေမြစ်ရေစီးလည်း တအားသန်နေပေတော့သည်။ ဖောင်စီးကကျန်းများလည်း ဖောင်စီးခဲ့လေပြီ။ ကကျန်းကျချိန်၌ ရွှေမြစ်သည် ကကျန်းခပ်သူတို့၏ အသံဖြင့် ဆူညံလှုပ်ရှားနေတတ်ပေသည်။ ယခုတော့လည်း ရွှေမြစ်ထဲ၌ ဗေဒါတို့က အသံမဲ့ မျောပါနေတော့သည်။

ဆရာကလေးဦးစိုးထိုက်ကို သူနှစ်သက်သော လက်ဖက်ရည်ကျကျတစ်ခွက် ဖျော်ပေးလိုက်သည်။

"ဆရာလေး၊ ပလိန်းကိတ် စားဦးမှာလား"

ဆရာကလေးက ကျွန်တော့်ကို မော့ကြည့်လိုက်သည်။

"မင်း တော်တော်တုံးသေးတဲ့ကောင်ပဲ၊ ငါလိုကောင်မျိုးက ပေါင်မုန့်လဲ မစားဘူး၊ ကိတ်မုန့်လဲ မစားဘူးလေကွ၊ မဟုတ်ဘူးလား၊ ဟား....ဟား...."

www.burmeseclassic.com



ဆရာကလေးက သူ့စကားအဆုံးတွင် ရယ်လိုက်ပြန်လေသည်။ ကျွန်တော်ကတော့ ဆရာလေးတစ်ယောက် ရယ်စရာမဟုတ်တာကို ရယ်မောရန်ကောလို့ အံ့ဩနေမိပေသည်။ ဆရာကလေးဦးစိုးထိုက်ကတော့ သည်လိုပါပဲ။ တစ်ခါက ဒီလိုပဲ ဆရာကလေး ကျွန်တော့်ဆိုင်၌ ထိုင်နေစဉ် ကျွန်တော့်ကြောင့် အချိုပန်းကန်တစ်လုံး ကျကွဲသွားခဲ့ပေသည်။ ကျွန်တော်ကတော့ ထိုကွဲသွားသောပန်းကန် လေးအတွက် နှမြောတသနေဆဲ။ ဆရာကလေးက ပန်းကန်ကွဲတာကိုပင် ရယ်မောစရာတစ်ခု တွေ့သလို ရယ်မောလိုက်ရင်း "ဟော့ကောင်၊ ကျကွဲတယ်ဆိုတာ ဒါပဲကွယ့်၊ ကျရင်တော့ ကွဲတာပဲမောင်ရေ့" ဆိုပြီး မျက်မှန်ထူထူကြီးအောက်က မျက်လုံးတွေပိတ်အောင် ရယ်မောနေပြန်တော့သည်။ ထို့နောက် ဆရာကလေးသည် ကျွန်တော် လိုးပြီးထည့်ထားသော ပလိန်းကိတ်မုန့်ချပ်ကလေးတွေကို ငေးမောရင်း သူလည်း သူ့တပည့် ပလိန်းကိတ်ကို သတိရဟန်တူပေသည်။

"ဒါပေမယ့် မင်းသူငယ်ချင်း ပလိန်းကိတ်ကတော့ မကျဘဲ ကွဲတာပါကွာ"

ဆရာကလေး အသံတုန်ယင်သွားပေသည်။ ထိုအခါက ပလိန်းကိတ်ဆုံးပြီးစ မနက်ခင်းများ ဖြစ်ပေသည်။ ဆရာကလေးကား သူချစ်သော သူ့တပည့် ပလိန်းကိတ်ကို တမ်းတတတ်ဆဲ။ ကျွန်တော်လည်း ပလိန်းကိတ်အကြောင်းကို တွေးမိလျှင် ဆရာကလေးလိုပဲ ကြေကွဲရိဝေနေတတ်ပေသည်။ ကျွန်တော်တို့တစ်တွေ ပြည်တော်သာ ကျောင်းသားဘဝ၊ ဆရာကလေးဦးစိုးထိုက်လည်း ထိုကျောင်းသို့ ကျောင်းဆရာအသစ်ကလေးအဖြစ် ပြောင်းလာစ၊ ပလိန်းကိတ်

www.burmeseclassic.com



လည်း လယ်ကွင်းများကို ဖြတ်သန်းကာ ကျောင်းသို့ အစောကြီး ရောက်လာတတ်ပေသည်။ မိုးဦးကျစ ဖားပေါ်ချိန် ဖား၊ ငါးရစ်တက်ချိန် ငါး၊ ငါးမြွေထိုး၊ မှိုပွင့်ချိန် မှို၊ ပလိန်းကိတ်သည် ကျောင်းမတက်ခင် ရွာထဲသို့ လှည့်ရောင်းနေတတ်ပြန်သည်။ ညနေ ကျောင်းဆင်းသောအခါတွင်လည်း သူ့လွယ်အိတ်ထဲတွင် စာအုပ်တွေ၊ ကျောက်သင်ပုန်းတွေအပြင် ငရုတ်သီးလေးအစ၊ ကြက်သွန်လေးအစ ပါသွားတတ်ပေသည်။ သို့သော် ပလိန်းကိတ်၏ စာသင်ရက်များသည် တိုတောင်းလွန်းလှပေသည်။ စတုတ္ထတန်း စာသင်နှစ်ဆုံးသောအခါ သူသည် ကျောင်းသို့ ပြန်မလာတော့။

ကျောင်းထွက်သွားသော်လည်း သားငါးလာရောင်းတိုင်း၊ ဈေးဝယ်လာတိုင်း ပလိန်းကိတ်သည် ကျွန်တော်တို့အိမ်ကလေးသို့ ရောက်လာတတ်ပေသည်။ ထို့နောက် ကျွန်တော် မြို့ကျောင်းသို့ရောက်သောအခါ ကျောင်းပိတ်ချိန်မှအပ သူနှင့် သိပ်မတွေ့ရတော့။ သို့သော် ကျွန်တော်တို့ကား အနေစိမ်း၍မသွားကြ။ ကျောင်းပိတ်ရက်များတွင် ကျွန်တော်လည်း သူ့တလင်းထဲသို့ ရောက်နေတတ်ပြန်သည်။ ကောက်လှိုင်းပုံဘေးရှိ သူ၏ ကောက်ရိုးတဲကလေးသည် ကျွန်တော်တို့၏ တစ်ခုတည်းသောဆွေးနွေးရာ ဖြစ်နေပြန်တော့သည်။ ထိုအခါ ညများသည် လရောင်တွေနှင့် တကယ်ပင် ဆွတ်ပျံ့ဖွယ်ကောင်းနေပြန်တော့သည်။ ကြည်စင်သော ဖန်သားအပြာရောင်ကောင်းကင်၌ ကြယ်ကလေးတွေ ကြဲပက်ထားဆဲ။ တလင်းဘေး ကုက္ကိုပင်ကြီးသည် လရောင်ဖြင့် ထိတွေ့သောအခါ ကွက်ပြောက်သောအရိပ်က ရိုးပြတ်တောင်ပေါ်သို့ လဲကျနေပြန်တော့သည်။

www.burmeseclassic.com


လရောင်ထဲမှာမိုး ပလိန်းကိတ်လည်း ဆွတ်ပျံ့လာဟန် တူပေသည်။ ထိုတစ်ညဌ် သီချင်းဆိုခဲ့သော သူက သီချင်းတစ်ပုဒ်ကို ကြေကြေကွဲကွဲကြီး ဆိုနေပြန်တော့သည်။

"မောင့်မှာခင်နဲ့ဝေးရပဘာ ကြာပါပြီကောကွယ်...
ကြာပါပြီကောကွယ်....
မိုးတွေညို့ရင် မျက်ရည်စို့တယ်"
တဲ့လေ။

ကျွန်တော်က သူ့သီချင်းကို သဘောကျနေပြီး "ဟေ့ကောင်၊ ဘယ်မှာ မိုးတွေညို့လို့လဲကွ"ဟု နောက်ပြောင်ရယ်မောလိုက်သော အခါ သူသည် မရယ်မောဘဲလျက် ကျွန်တော့်ကို ခပ်ငူငူကြည့်နေပြန်တော့သည်။

ဩော်....လရောင်၊ ကြယ်ပွင့်၊ သစ်ရိပ်နှင့် အလွမ်းတစ်ညပေတကား။

လရောင်စိုဝေသော ထိုတစ်ရံရောတစ်ညဌ် သူပြောသောစကားတွေထဲတွင် သူမိန်းမယူတော့မယ့်အကြောင်းလည်း ပါပေသည်။ နောက်နှစ် ကျောင်းပိတ်၍ ကျွန်တော် ရွာပြန်သောအခါ သူသည် အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပေတော့သည်။ ကျွန်တော်ရောက်သွားသောအခါ သူ့မိန်းမက ရွှန်းရွှန်းမြမြကြီးပြုံးရင်း "ဒါတောင်နှင့်သူငယ်ချင်း ယူချင်သေးတာမဟုတ်ဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ ဘာရှိမှ ညာရှိမှနဲ့ အရိုးများသလေ ချေးခါးသလေ လုပ်နေသေးတယ်"ဆိုပြီး ရယ်မောနေပြန်တော့သည်။ ကျွန်တော်လည်း သူမပြောတာကို သဘောကျကာ ထိုမိန်းကလေးနှင့် လိုက်လံရယ်မောမိ

www.burmeseclassic.com



သည်။ ပလိန်းကိတ်ကတော့ သူ့မိဘတွေက စက်တုံးတစ်တုံးနှင့် လယ်ငါးဧကခွဲပေးကြောင်း၊ နွားတော့ အဖေတို့လဲ မရှိလို့ ငှားပဲ ခိုင်းနေရတဲ့အကြောင်းတွေ ပြောပြနေသည်။

ထိုနှစ်က ကျောင်းပြန်ဖွင့်သောအခါ ကျွန်တော်လည်း ကျောင်းပြန်မတက်နိုင်တော့ပေ။ ထိုဘဝအဂျိုးအကွေ့တစ်ခု၌ ပလိန်းကိတ်နှင့် ကျွန်တော်လည်း ပိုမိုနီးကပ်လာပြန်သည်။ အနေနီးစပ်သူများအဖို့ ဘဝ၏ အသံဗလံတို့ကို အတိုင်းသားကြားနေရပေသည်။ ကျွန်တော် အိမ်ထောင်ပြုသောအခါ ဘယ်သူ့ကိုမှမဖိတ်မိဘဲလျက် သူ အပြေးအလွှားရောက်လာသည်။ သူ့လယ်ကထွက်သော ကောက်ညှင်းတစ်ခွဲခန့်လည်း ပေးသွားသည်။

"ငါ့လယ်က ထွက်တာပါကွာ၊ အားမနာပါနဲ့၊ ရောင်းလဲရောင်း စားလဲစားပေါ့"

သူက ဒါပဲပြောကာကျွန်တော်တို့အိမ်ကလေးမှ ထွက်သွားခဲ့ပေသည်။

ထို့နောက် အချိန်တော်တော်ကြာ သူရောက်မလာပြန်တော့။ ထိုအချိန်၌ ကျွန်တော်လည်း ကျွန်တော်တို့ရွာ၏ တစ်ခုတည်းသော သင်္ဘောဆိပ်အနီး၌ ဆိုင်ကလေးကို ထူထောင်လိုက်ပေသည်။ တစ်ခါတလေတော့လည်း ကျွန်တော်သည် သစ်ရိပ်ဝေဝေဖားဖားကြီးတွေအောက်က ကျွန်တော့် လက်ဖက်ရည်ဆိုင်ငယ်ငယ်ကလေးကို ကျောင်းသခ်မ်းကလေးတစ်ခုလို ခံစားနေရပြန်သည်။ ဆိုင်ကလေးရဲ့ ပတ်ပတ်လည်၌ ဗုဒ္ဓသရဏတောကြီးက ဟည်းထနေလျက်။ တစ်ခါတလေတော့လည်း ကျောင်းသားကလေးတွေသည် ကျွန်တော့်ဆိုင်ကလေးထဲ

www.burmeseclassic.com



လာထိုင်လျက် ခုန်ကလေးတွေခေါက်ကာ "အချိန်ကုန်ခဲ့လို့ အသည်းကျွမ်းလှပြီကွယ်၊ နွေကန္တာရရှိလည်း နွမ်းလျပြီကွယ်"လို့ တိုးတိုးနွမ်းနွမ်း ဆိုနေကြသည်။ တစ်ခါတလေတော့လည်း မြင်ကွင်းက ကြေကွဲဖွယ်ပင်။ ကျွန်တော့်ဆိုင်ကလေးသည် အပေါင်ဆိုင်သို့လည်းကောင်း၊ ရဲစခန်းသို့လည်းကောင်း သွားရာလမ်းတွေ ရှိနေလျက်။ လယ်သမားကြီးများသည် လှည်းဘီးကြီးများ လိမ့်သွားနေလျက်၊ စက်တုံးများကို ထမ်းသွား နေလျက်။ အချို့ပိုက်သမားတွေက ပိုက်ထုပ်ကြီးများကိုထမ်းလျက် ပြန်သူကပြန်၊ လာသူကလာကြနှင့်။

တစ်ခါတလေတော့ ကျွန်တော်သည် မြင်ကွင်းများ၌ ရီဝေနေဆဲ။ ပလိန်းကိတ်သည် ထိုလူတွေထဲက လူတစ်ယောက်လို ကျွန်တော့်ဆိုင်ကလေးကို ဖြတ်သန်းရင်း ကျွန်တော့်ထံသို့ ရောက်လာပြန်လေသည်။ သူဘယ်ပျောက်နေသလဲ မေးသောအခါ အိမ်တိုင်တစ်စုံလှော်ကို လိုချင်လို့ အနောက်တောသို့ သွားနေကြောင်း၊ အနောက်တောမှ အိမ်တိုင်မရဘဲ ငှက်ဖျားမိပြီး ပြန်လာရကြောင်း ပြောပြသည်။ ထို့နေ့က သူပြန်ကာနီး ဝယ်သွားသော ဈေးထုပ်တွေထဲတွင် အဖျားဖြတ်ဆေးအထုပ်ကလေးကိုပါ တွေ့လိုက်ရပေသည်။

ဆံရာလေးဦးစိုးထိုက်၏အသံက ကျွန်တော့်အတွေးများကို ပြတ်တောက်သွားစေပြန်သည်။ ဆရာကလေးက ကျပ်တန်နွမ်းနွမ်းကလေးနှစ်ရွက် ထုတ်ပေးနေသည်။ ကျွန်တော်က "လခထုတ်ပြီးမှ ပေးပါလား"လို့ပြောတော့ သူက အားတုန့်အားနာ "ဈေးဦးပေါက်ကြီးကွာ"လို့ ပြောနေပေသေးသည်။ နောက်ဆုံးတော့လည်း ဆရာကလေးသည် သူ့ကျပ်တန်ကလေးတွေကို အိပ်ထဲပြန်ထည့်ကာ သူ့

www.burmeseclassic.com



ထီးအိုကလေးကို ဖွင့်ဆောင်းလျက် ရွာလမ်းကလေးအတိုင်း လျှောက်သွားနေတော့သည်။

ဟိုးတရံရောအများ၏ မိုးရွာသောနေ့တစ်နေ့၌လည်း ပလိန်းကိတ်သည် ကျွန်တော့်ဆိုင်ကလေးကို ဒီလိုင်ပင် ကျောခိုင်းထွက်ခွာသွားခဲ့သည်ကို ကျွန်တော်အမှတ်ရလာနေမိတော့သည်။ ထိုနေ့က ပလိန်းကိတ်သည် အဆောင်းဆို၍ ကဒ္ဒူးကလေးမှပင်မပါဘဲ ကျွန်တော့်ဆိုင်ထဲသို့ ဝင်လာသည်။ မိုးရေတွေလဲ သူ့တစ်ကိုယ်လုံး ရွှဲနစ်နေလျက်။ ကျွန်တော်က ပုဆိုးလဲထားဖို့ ပြောသော်လည်း သူက “ခုပဲပြန်မှာ”ဟု ပြောနေသည်။ ကျွန်တော်က လယ်ထဲဝင်နေပလား မေးသောအခါ သူက“အနိမ့်ကွင်းတွေပင် မြက်စိမ်းပိုင်းလို့ မပြီးသေး”ဟု ပြောနေသည်။ နောက်ဆုံးတော့ သူစက်တုံးရွှေးတာ ပိုက်ဆံလိုနေလို့ နှစ်ကျပ်ချေးပါ ပြောနေသည်။

ကျွန်တော်ကား သူ့စကား၌ထိခိုက်သွားရကာ သူ့ကို ခပ်ဝေဝေကြည့်နေမိလိုက်သည်။ နောက်မှ သူချေးသော ငွေနှစ်ကျပ်ကို ယူပေးလိုက်မိသည်။ သူသည် ကျွန်တောပေးလိုက်သော ငွေနှစ်ကျပ်ကိုယူလျက် ကျွန်တော့်ဆိုင်ကလေးကို ကျောခိုင်းကာ မိုးရေကြီးထဲထွက်သွားတော့သည်။ သူသည် ကျွန်တော့်ဆိုင်ကလေးသို့ နောက်ဆုံးအခေါက်လာသွားခြင်းပါလားဟု ထိုအခါက ကျွန်တော်မသိနိုင်သေး။

ပလိန်းကိတ်သည် နွေစပါးပေါ်ချိန်၌ အပြင်းဖျားကာ ပြန်ကောင်းမလာတော့ဘဲ ထိုတစ်နွေ၏ ဧပြီလတွင် ဆုံးသွားခဲ့ပေသည်။

သူဆုံးသွားသောအခါ သူ့မိန်းမက ကိုယ်ဝန်ကလေးနှင့်ကျန်ခဲ့သတဲ့လေ။ ကျွန်တော်တို့ကား မနေနိုင်ကြတော့။ ကျွန်တော်

www.burmeseclassic.com



ရော ဆရာကလေးဦးစိုးထိုက်ပါ ရောက်သွားရပြန်လေသည်။ ကျွန်တော်မှာ နှစ်ယောက်လျှောက်သွားနေသည်ကို တစ်ယောက်တည်း လျှောက်သွားရသလို ခံစားနေမိသည်။

ကျွန်တော်သည် မှုလောင်စူးရှသော အသံမှန်သမျှ ကင်းဝေး ပြတ်တောက်နေချင်သည်။ သို့သော် နာကျင်ခြင်းသည် ရင်ထဲ၌ ကပ်ငြိလိုက်ပါလာနေဆဲ။ နွေအပူဖြင့် နွမ်းရော်နေသော ခြံနွယ် ပိတ်ပေါင်းတွေနှင့် လမ်းကလေးသည် အဆုံးမထင်တော့။ သွားနေကျ လမ်းကလေးဖြစ်ပါလျက် ယခုအသွားတွင်မှ ပိုပြီးမောသည် ထင်ရသည်။ မတ်ဝန်းကျင်မြင်ကွင်းတွေက မကောင်းပြန်တော့ ကြည့်မြင်သူ၏ ပြောင်းလဲခြင်းလော၊ မြင်ကွင်းတွေ၏ ပြောင်းလဲခြင်းလော၊ တစ်ခုခုတော့ဖြစ်မည် ထင်ပေသည်။

အလင်းသည် ဝန်ကိုစေးနည်းလာနေသည်။

ဖြစ်တည်စအမှောင်သည် တောင်တန်းကလေးကို အုပ်မိုးခိုးဝေ လာနေဆဲ။ နေ့လယ်က ကြွေကျခဲ့သော ရွှေအိုရောင် နွေသစ်ရွက် တွေလည်း လမ်းဘေးနေရာအနှံ့အပြားတွင် လဲကျသေဆုံးနေကြသည်။ လေရူးသည် သွေ့သားခမ်းခြောက်နေသော သစ်ကိုင်းများကို တိုးဝှေ့ ကာ ကျယ်လောင်ညည်းမောသံကို ပြုသွားနေသည်။ သေဆုံးသူ သစ်ရွက်တွေအတွက် အသုဘတေးသံပေတကား။ ဆည်းဆာအိုသည် ရွှေးမြစ်၏ ဟိုမှာဘက်ကမ်း ကုက္ကိုတောတန်းနောက်ဘက်သို့ ဝမ်းနည်း တိတ်ဆိတ်စွာ ခိုဝင်သွားပေတော့သည်။

ဘုရားကျောင်းမှ ခေါင်းလောင်းသံသည် တိုးညင်းသောအသွင် ကိုဆောင်လျက် နားထဲသို့ ဝင်လာနေသည်။ သူတို့သည် ပလိန်းကိတ်

www.burmeseclassic.com



သို့မဟုတ် ရာဖာအဲ(ဘာသာဝင်နာမည်)အတွက် ဆုတောင်းနေကြပေသည်။

ကျွန်တော်ကား ဘုရားကျောင်း မတက်ချင်တော့လို့ ဆရာကလေးနှင့်အတူ နေရစ်ခဲ့ပေသည်။ ကျွန်တော်တို့ကား ဘုရားကျောင်းဆင်းလေလျှင် ပလိန်းကိတ်ရဲ့မိန်းမ ကိုယ်ဝန်သည်မလေးကို နှုတ်ဆက်ရပေဦးမည်။ ထိုအခါ သူမလည်း ဝမ်းနည်းအားငယ်စွာ ကျွန်တော်တို့ကို ပြန်လည်နှုတ်ဆက်ပေလိမ့်မည်။ ခေါင်းလောင်းသံတွေကို ကြားနေရဆဲ။ ခေါင်းလောင်းသံတွေက ခါတိုင်းလို မချိုကြည်၊ အက်ကွဲနေသည်။ ဆို့နစ်နေသည်။ ဝေဒနာတွေ စွန်းထင်းနေသောအသံမျိုး ဖြစ်သည်။ ကျွန်တော်သည် လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် ထိန်းနေမိသည်။ ဆရာကလေးဦးစိုးထိုက်လည်း ကျွန်တော့်လိုပင် ခံစားနေရ၍လားမသိ ဘာစကားမှမပြောဘဲ ကျွန်တော်တို့ရပ်နေရာ မြရာပင်အောက်မှနေ၍ ဘုရားကျောင်းကလေးဘက် ငေးနေပြန်တော့သည်။ ဘုရားကျောင်းကလေးက မြေနီရောင်တောင်ကလေးပေါ်၌ အထီးကျန်ဆန်နေပြန်တော့သည်။

ဩော်....ကျွန်တော်တို့သည် နေ့လယ်ကပင် ထိုဘုရားကျောင်းကလေးကို ဖြတ်သန်းလျက် ကျွန်တော်တို့ချစ်သော ပလိန်းကိတ်၏အသုဘကို ပို့ခဲ့ပြီးပြီ မဟုတ်ပါလား။

ခေါင်းလောင်းသံများ၊ ဓမ္မသီချင်းသံများ၊ ဖာသာ၏ ကောင်းချီးပေးသံများ၊ ဆုတောင်းသံများ၊ ပရိတ်တော်စည်ရနံ့များ၊ အနက်ရောင်ဝတ်စုံများ။ ပလိန်းကိတ်၏ တတိယမြောက် ဆုတောင်းညနေလည်း ပြီးဆုံးပေတော့မည်။

www.burmeseclassic.com



တအောင့်ကြာလျှင် ဘုရားကျောင်းဆင်းလာကြလေသည်။ ပလိန်းကိတ်တို့ ရွာသားများသည် မှိုင်းဝေနေလျက်။ ပလိန် ကိတ်ရဲ့ မိန်းမ ကိုယ်ဝန်သည်မလေးသည်လည်း မှိုင်းမှိုင်းဝေဝေပင်။ သူမသည် ကျွန်တော်တို့ရပ်နေရာ မြယာပင်ကလေး ဆီသို့ လျှောက်လာနေသည်။ သူမ၏ခေါင်းတွင် အနက်ရောင်ခေါင်းစည်းလေး စည်းနှောင်ထား လျက်။ မြေနီရောင်တောင်ကုန်း၊ ဘုရားကျောင်း၊ ခေါင်းလောင်းစင်၊ ကိုယ်ဝန်သည်မလေး။ မြင်ကွင်းက လွမ်းမောဖွယ်ကောင်းနေပေသည်။ သူမသည် ကျွန်တော်တို့အနား ရောက်လာကာ ကျပ်တန်လေးနှစ်ရွက် ကိုင်ထားပြီး "နင့်ကို နေခင်းကတည်းက ပေးဖို့ပဲဟယ်၊ ပလိန်းကိတ် နင့်ဆီက ငွေနှစ်ကျပ်ချေးဖူးတယ်ဆို၊ အဲဒီငွေနှစ်ကျပ်ဆပ်ဖို့ သူမသေ ခင်က ငါ့ကို တဖွဖွမှာသွားတယ်ဟယ်" လို့ ပြောနေပေသည်။

သူမစကားကြောင့် ကျွန်တော့်ရင်ထဲက နင့်ကနဲဖြစ်သွားသည်။ ကျွန်တော် ဘာမှမပြောမိ။ သို့သော် ဆရာကလေးဦးစိုးထိုက်က "စိတ်မကောင်းစရာတွေ ပြောမနေနဲ့၊ ဒီငွေနှစ်ကျပ် မဆပ်လို့ရော ဘာဖြစ်မှာလဲ၊ ပြန်သိမ်းထားလိုက်" လို့ ပြောလိုက်ပေသည်။

ကိုယ်ဝန်သည်မလေးက ကျပ်တန်အစိမ်းကလေးကို ကိုင်ထား နေဆဲ။

"စိတ်မကောင်းစရာတွေကို မတွေးနဲ့တော့၊ ကိုယ့်ကိုကိုယ် ကျန်းမာအောင်နေ၊ နင်က မပေါ့မပါးကြီးနဲ့ မဟုတ်လား၊ ဒါပေမယ့် နင်ကဖြေသာပါတယ်၊ တချို့မိန်းမတွေများ လင်ယောကျ်ားသေရင် ကလေးတစ်ပုံကြီးနဲ့ ဖရိုဖရဲဖြစ်ကျန်ရစ်တာ၊ နင့်ကျတော့ နင့်ယောကျ်ား ပလိန်းကိတ်က လယ်ငါးကေတောင် ကျန်ရစ်ခဲ့နိုင်သေးတာ။

"ဘာပြောတယ် ဆရာလေးရဲ့"

www.burmeseclassic.com



"ဪ....နင့်ယောက်ျားက လယ်ငါးဧက ကျန်ရစ်ခဲ့သေးတယ်လို့ပြောတာ"

ဆရာကလေးကို စိုက်ကြည့်နေသော ကိုယ်ဝန်သည်မလေးက စိုက်ကြည့်နေဆဲ ဟပ်ခနဲ တစ်ချက်ရယ်လိုက်ကာ မျက်ရည်တွေ တွေကနဲကျလာပေသည်။

"ဆရာလေးပြောလို့ ကျွန်မကလဲပြောရဦးမယ်၊ ဆရာလေး တမည့် မလီနီးတော်က ကျွန်မအတွက် လယ်ငါးဧကအပြင် အဲဒီလယ် လုပ်လို့ တင်တဲ့ ကျွေးတွေလဲ ထားရစ်ခဲ့သေးတယ် ဆရာလေးရဲ့"

"ဘာ"

ဆရာကလေး၏ "ဘာ" ဆိုသော မေါက်ကွဲသံ၊ ကိုယ်ဝန်သည်မလေး၏ စကားသံတွေက ကျွန်တော့်နားထဲ ရှန်းရင်းဆန်ခတ် ဖြစ်သွားသည်။ ကျွန်တော်က မျက်ရည်တွေနဲ့ ကိုယ်ဝန်သည်မလေးကို ငေးနေလိုက်မိသည်။ ထိုစဏ၌ မမွေးခင်က ကြွေးတင်တယ်ဆိုသော စကားကလေးတစ်ခုသည် ကျွန်တော့်ရင်ထဲ ခင်လာပြန်တော့သည်။

ဪ...ဆည်းဆာအိုသည် ရွှေမြစ်၏ ဟိုမှာဘက်ကမ်း ကုက္ကိုတောတန်းနောက်သို့ ဝမ်းနည်းတကြီးဆိတ်စွာ ခိုဝင်သွားခဲ့ပြီ ဖြစ်ပေရာ ကျွန်တော်လည်း နေညို့ချိန်၌ ဆိုင်းမိတ်ရပေဦးတော့မည်။

✡

www.burmeseclassic.com

# အမှာ

## (သို့မဟုတ်)

## တမ်းတခြင်းသချိုင်းမြေ

ပေါင်မုန့်၊ အုတ်ဂူ၊ သင်္ချိုင်းမြေနှင့် တယောသံများပေတကား။ ကျွန်တော့်မှာ ကြေကွဲသွားရလေတော့သည်။

ဆာရာယေဗိုမြို့ အော်ပရာအဖွဲ့ချုပ်မှ ချယ်လိုတယောသမား 'ဗက်ဒရန်စမေလိုဗစ်'သည် ၁၉၉၂ ခုနှစ်က ပေါင်မုန့်တန်းစီရင်း ဆော့ဘ်တို့၏ကျည်သင့် ကွယ်လွန်သူ ဆာရာယေဗိုမြို့သူမြို့သား နှစ်ဆယ့်နှစ်ယောက်အတွက် ဂုဏ်ပြုသည့်အနေဖြင့် ထိုနေရာတွင် နှစ်ဆယ့်နှစ်ရက်တိုင်တိုင် တယောထိုးခဲ့တယ်တဲ့လေ။ ထို့နောက် အုတ်ဂူသင်္ချိုင်းမြေ၊ ဘော့စနီးယား၊ သူ၏တယောသံ၊ ၁၉၉၂။ ကျွန်တော့်နားထဲမှာတော့ ဟိုးဝေးလံလွန်းသောအရပ်မှ သူ၏တယောသံများသာ။ နောက်ဆုံး ထိုတယောသံများသည် ဟိုးတစ်ရံရောမှားက 'ဒင်ညာမြစ်ပြာ'နှင့် အသားတကျ ရောပေါင်းတော့သွားသလိုပင်။ ကျွန်တော့်မှာ ကိုယ်တိုင်ကိုယ်ကျ ကြားနာခွင့်မကြုံခဲ့သော ထိုစေးပျစ်ပျစ် တယောသံတွေထဲ ခံစားမှုဖြင့် တုန်ဝေသွားပြီထင်ပါသည်။ 'ကို'

www.burmeseclassic.com


ကတော့ မကြားရသော ပြောသံတွေကို ပိုလို့ချိုသတဲ့လေ။ သို့သော် ကျွန်တော့်အတွက်ကတော့ ကြားရသောတေးသံဖြစ်ဖြစ်၊ မကြားရသောတေးသံဖြစ်ဖြစ် ဘယ်လိုမှ ချိုကြည်တော့မည် မဟုတ်တော့ပါ။ ကျွန်တော်သည် တစ်ခုသော သံတိုင်စိုက်တံခါးမှတစ်ဆင့် အပြင်သို့ လှမ်းကြည့်နေလိုက်မိသည်။ ကြေကွဲငေးရီဆိုတာ ဒါမျိုးဖြစ်မည် ထင်ပါသည်။ ကျွန်တော့်မှာ ထိုခံစားမှုဖြင့်ပင် အဆုံးမသတ်နိုင်ခဲ့သော ကဗျာတစ်ပိုင်းတစ်စကို ရေးခဲ့မိတာလည်း ကျွန်တော့်ဘာသာ မှတ်မိနေပါသေးသည်။

....ဘော့စနီးယားည
ကြေမွလရောင် ကွဲရှလရောင်
ဒေါင်းတစ်ကောင်နှင့် ပျားရည်အိုးမဟုတ်
ဒေါင်းအတောင်နှင့် ပျားရည်အိုးအကွဲ
ကြေကွဲဝမ်းနည်းစရာ
ငါမြန်မာလို ခံစားခဲ့မိပေါ့....(လို)

ကျွန်တော်ကား ထိုကဗျာတစ်ပိုင်းတစ်စကို ဘာကြောင့်ရယ် မသိ။ အမှိုက်တစ်စလို လွှင့်ပစ်လိုက်မိတာလည်း ကျွန်တော့်ဘာသာ မှတ်မိနေနိုင်ပါသေးသည်။ ထိုအခါကတော့ ဇူလိုင်မိုးစက်တွေအောက်၌ လောကသည် သေဆုံးသူတစ်ဦးလို ညိုပုပ်ပုပ်ကြီးနှင့် တောင့်တင်း အေးစက်နေလျက်။ မိုးစက်ကြွေ အသေတွေနှင့်။ ကောင်းကင်ကြီး ကတော့ ကြွေနေသော ကျွန်တော်တို့ ဦးခေါင်းများအပေါ်၌ မြင် မကောင်းလောက်အောင် ထက်ခြိမ်းပွဲလို့ပေါ့။ သူငယ်ချင်းကဗျာဆရာ သည် ဒီဂရီနည်းနေပြီဖြစ်သော သူ၏ မျက်မှန်ထူထူကြီးနှင့် ထို

www.burmeseclassic.com


ကောင်းကင်ကို အေးတိအေးစက် ငေးကြည့်နေရင်း 'ဒါခေတ်ပြိုင် မိုးကောင်းကင်ကြီးပေါ့'လို့ ခပ်ငေါ့ငေါ့ခံစားနေခဲ့တာ။ ကျွန်တော့်မှာ သူ့ကို ချဉ်ဖတ်ထည့်သူတစ်ဦးလို မမြင်နိုင်တော့။ ကျွန်တော်လည်း သည်လိုပင်ခံစားနေရပြန်လေသည်။ တကယ်လို့ ဒါကိုပင် စိတ် အချဉ်ပေါက်နေသည်ဟု မြင်လျှင်တော့....ဪ....ကျွန်တော်တို့သည် ဒီချဉ်ဖတ်ထည့်သူများပေတကား။ ကျွန်တော့်မှာ သည်လိုပါပဲလေ။ ကျွန်တော်သည် အရာရာကို မမေ့နိုင်သေး။ တဝဂ္ဂုများ၊ သစ်ပင်မဲ့ မြေတလင်းများ၊ သွေးသားခမ်းခြောက်နေသော နံရံများ၊ အောက်သိုးသိုး လူများ၊ ရစ်သမ်မဲ့ ရင်ခုန်သံများ၊ ခံစားမှုသက်သက် ဝတ္ထုတိုများ၊ ရေသေပင်လယ်များ၊ ဘာသာစကားမဲ့ ကဗျာများ၊ အေးတိအေးစက် ဆင်ခြင်တုံတရားများ၊ အလဟဿ လိင်စိတ်များ၊ အချိန်ကာလမဲ့ နာရီများ၊ ပစ္စုပ္ပန်မဲ့ ထွက်သက်ဝင်သက်များ၊ ကျန်းမာသန်စွမ်းနေသော ဝေဒနာများ၊ သောက်ရန်နှင့် မိလ္လာသုံးရန် ခွဲခြားမရသော ရေများ၊ တက်ရေကျရေ အချိန်မှန်သော ထမင်းများ၊ လွှင့်ပစ်လိုက်မိသော တောင်ပုံရာပုံ စကားလုံးများ၊ ကွဲအက်အက်ရယ် မောသံများ၊ ခဏခဏပြန်ရှည်လာသော ခံစားမှုများ၊ ခဏခဏ အညှပ်ခံရသော ဆံပင်များ၊ အော်သံနှင့်ဆင်ဆင်တူသွားသော သီချင်းသံ များ၊ မိမိကိုယ်မိမိ ချော့သိပ်သော ခန္ဓာကိုယ်ပုခက်များ၊ လောင်ကျွမ်းနေ သော ကိုယ်ချင်းစာတရားများ၊ ဖွင့်မရသော စာအုပ်များ၊ သံသယတွေ ပေကျံနေသော မျက်လုံးများ၊ အရေပြားဖြင့် ဖုံးအုပ်မရသော အတ္တများ၊ တစ်စတစ်စ ပါးလျားသွားသော မျှော်လင့်ခြင်း တောကြီးမျက်မည်း များ၊ အချစ်တရားတွေ ရှင်သန်နေသော ဖုန်းဆိုးမြေများ၊ နွေးထွေး

www.burmeseclassic.com



နေသော လက်များ၊ ချိန်းတွေ့ကြသော သွက်ချာပါဒနေ့ရက်များ၊ ဖြတ်မျှသွားသော ဦးတည်ရာမဲ့ နာမည်ရေးမထားသော ငှက်များ။ ကျွန်တော့်မှာ ဘာကိုမှ မမေ့နိုင်သေး။ ကျွန်တော်ငယ်ငယ် ကျွန်တော်နေထိုင်ဖူးရာ တစ်ခုသော သာသနာပြုကျောင်းရှိ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းစင်၊ ခမ္မသီချင်း၊ စန္ဒရားသံ၊ သမ္မာကျမ်း၊ သခင်ယေရှု၏ ရွှေနှလုံးတော်၊ လက်ဝါးကားတိုင်၊ အေဒင်ဥယျာဉ်၊ ထိုဥယျာဉ်မှ နှင်အထုတ်ခံရသူများ၊ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော်…တဲ့လေ။ နောက်ဆုံးညစာပန်းချီကားဘေး၌ မယ်တော်၏ရုပ်တုနှင့် နှင်းဆီပွင့်များ။ ကျွန်တော်မှာ မမေ့နိုင်သေး။

…ဆာဝဟာ

မဲလေးလှည်းတစ်စင်းလိုပဲ

မသေသေးတဲ့ ငါ့အသုဘကို

ခပ်ပြင်းပြင်း တင်ဆွဲသွားတဲ့ခါ

ငါကိုယ်တိုင်က သုဘရာဇာ

ငါ့ကိုယ်ငါဆွဲ

မကြေကွဲကြပါနှင့်တော့

ခပ်ဖျော့ဖျော့ ကလိုရိုဖီးတွေနှင့် ရာဇဝင်ထဲက

သေကွဲရှင်ကွဲ ထိုနှစ်တွဲနဲ့….

နောက်ဆုံးတော့ ကျွန်တော်သည် တံတွေးစက်တွေလိုပင် ကဗျာအပိုင်းအစတွေကို မိလ္လာခွက်ထဲ ထွေးပစ်လိုက်မိတာ။ မမေ့နိုင်သေး။ ထိုအခါကတော့ ကျွန်တော်သည် ကျွန်တော်နေထိုင်ရာ

www.burmeseclassic.com


တဝဂူလေးထဲ မိမိကိုယ်မိမိ နာကျင်ပင်ပန်းစွာ လိုက်ပြီးရှာဖွေနေမိပြန် လေသည်။ လသာရက်များ ရောက်လျှင်တော့ လရောင်သည် လဲကျ နေသော သံတိုင်တွေ စွန်းထင်းပေကျံသွားပြန်တော့သည်။ သေခြင်း တရား၏ မျက်ခွက်ပေါ်၌ အိမ်မြှောင်တို့သည် သူတို့မစိုက်ပျိုးဘဲ လျက် ဘဝတကျော့ဖြင့် စေးပိုင်နေသော မီးရောင်ထဲက ပိုးဖလံတို့ကို တစ်ကောင်ချင်း ရိတ်သိမ်းစားသောက်နေလျက်။ ကျွန်တော်တို့အရပ်၌ အရာရာသည် လေးသိပ်နက်ရှိုင်းနေပြန်တော့သည်။ ကျွန်တော့် အခန်းဖော် ကဗျာရေးစ ညိုတိုတို ကုပ်ကိုင်းကိုင်း ကဗျာဆရာကလေး ကတော့ ထိုရွှံ့စောင်းစောင်း ဆေးကမံတရားကြီးထဲ ခြေပစ်လက်ပစ် နေထိုင်ရင်း ချောင်းဆိုးသွေးပါ ရောဂါသည်တစ်ဦးကို စေးပျစ် အားကောင်းသော နိမိတ်ပုံတွေကို ထွေးထွေးထုတ်နေတာ။ ပြီးတော့ သူသည် တပ်မက်ခြင်းကြီးသူတစ်ဦးလို နောက်တစ်ခါ ထွေးထုတ် နေပြန်တော့သည်။ ထိုအတူ ကျွန်တော့်အခန်းဖော် ဖြူရော်ရော် ပိန်လှီလှီ ပန်းချီဆရာကလေးက သူချစ်သော အရောင်တွေကို သူ မင်တွေ့ခွင့်ရသလောက် ကောင်းကင်ကြီးထဲ လွမ်းရိပေးမောရှာဖွေ နေပြန်လေသည်။ ရံဖန်ရံခါတော့ ထိုဖြူရော်ရော် ပန်းချီဆရာငယ် သည် ဘာကြောင့်ရယ်မသိ။ နံရံ၌ထွင်းထုထားသော ပန်းပုရုပ်တုလို နံရံ၌ ပိကပ်နေအောင် နေထိုင်ရင်း "စကားလုံးတွေကို မယုံကြည် ဘူး" လို့ ရိုးသားစွာ ပေါက်ကွဲနေတတ်တာ။ ထိုအခါမျိုး၌ ညိုတိုတို ကုပ်ကိုင်းကိုင်း ကဗျာဆရာလေးကလည်း သူ နာကျင်ပင်ပန်းစွာ ထွေးအန်လိုက်ရသော စကားလုံးတွေအတွက် ရိုးသားစွာ ကြေကွဲနေ ပြန်လေသည်။ ကျွန်တော်ကား ဘာမှဝင်မပြောမိတော့။ ယုံခွင့်

မယုံခွင့် သူတို့မှာ ရှိနေကြတာပဲ။ ကျွန်တော်မယုံကြည်တာကတော့ စကားလုံးတိုင်းကိုမဟုတ်၊ လူတိုင်းကိုမဟုတ်။ ကျွန်တော်သည် ပေါ့ပေါ့ပါးပါးနှင့် ပေါလောမျောနေသော စကားလုံးများကို မယုံကြည်မိသလို ကြီးမားလေးနက်သော အဖြစ်အပျက်နောက်ခံနှင့် စကားလုံးများကို ကျွန်တော်ငြင်းလို့ရမည် မဟုတ်ပါ။ အို...ငြင်းမရသော စကားလုံးများသည် အရှင်လတ်လတ် ခုတ်ထစ်လှွင့်ပစ်ခံလိုက်ရသော အသားဆိုင် အသားခဲစတွေလို လောကကြီးထဲ မြုပ်မျောမျောနေကြတတ်ပေသည်။ သို့သော် ပန်းချီဆရာသည် သူရှာဖွေတွေ့ရှိသော တပ်မက်ဖွယ် အရောင်တွေအကြောင်းကို ပြောတိုင်း သူမယုံကြည်သော စကားလုံးတွေနှင့်ပင် ပြောပြောနေရတာ။

ဩော်....ကျွန်တော့်မှာ ကြေကွဲသွားရပြန်လေသည်။

ထုအခါမျိုး၌ ကျွန်တော်သည် ထိုကြေကွဲစိတ်ဖြင့်ပင် စီပွန်ဒီဗူးဗွားကို သတိရနေမိတတ်ပါသည်။

ဒီဗူးဗွားက "လွတ်လပ်သော ကမ္ဘာကြီးထဲသို့ ကျွန်မခုန်ဝင်လိုက်သောအခါ ကျွန်မဦးခေါင်းပေါ်မှာ မကွဲအက်သေးသော မိုးကောင်းကင်ကြီးကို **တွေ့**ရပါသည်"ဟု ရေးခဲ့ပါသည်။

(ဘာသာပြန်ပေးသော ဆရာမောင်ရဲခိုင်ကို ကျေးဇူးတင်မိပါသည်။)

သို့သော် ဒီဗူးဗွားသည် ထိုစာကိုရေးစဉ် အချိန်ကာလ၌ သူမ၏ဦးခေါင်းပေါ်ရှိ မိုးကောင်းကင်ကြီး အက်ကွဲခဲ့ပြီဆိုတာ သူမရေးပြသော စကားလုံးတွေအရ ကျွန်တော်သိလိုက်ပါသည်။ ထိုစကားလုံးများကို ကျွန်တော် မယုံကြည်ဘဲ နေလို့ရမည်မဟုတ်ပါ။

www.burmeseclassic.com


ကျွန်တော်သည် 'စကားလုံးများ' အကြောင်းကိုတွေးရင်း သူမ၏ စကားလုံးများကို ဆက်ပြီးသတိရမိပြန်ပါသည်။

"ထိုအချိန်လောက်မှာပင် ကမူး၏ ပလိပ်ထွက်လာသည်။ 'စည်းအပြင်ကလူ' ထဲ၌ ကြားခဲ့ရသော အသံကိုပင် ဟိုနားသည်နားမှာ ပြန်ကြားရသည်။ ထိုအသံသည် ကမူး၏အသံ ဖြစ်ပါ၏။ ထိုအသံသည် ကျွန်မတို့ထိရှပါ၏။ သို့သော် ဂျာမန်သိမ်းပိုက်မှုကို သဘာဝဘေးဒဏ်နှင့် နှိုင်းယှဉ်ထားခြင်းမှာ ပကတိပြဿနာနှင့် သမိုင်းမှ ထွက်ပြေးခြင်းသာ ဖြစ်ပါသည်"

ဩော်....စကားလုံးများပေတကား။

ယခုတော့လည်း ကျွန်တော်သည် ကျွန်တော်ချစ်သော ဖြူရော်ရော် ပန်းချီဆရာကလေးနှင့် ကျွန်တော်ချစ်သော ကုပ်ကိုင်းကိုင်း ကဗျာဆရာလေးကိုသာ အခါအားလျော်စွာ သတိရနေမိတတ်ပါသည်။ ထိုအခါမျိုး၌ ကျွန်တော်သည် ကျွန်တော်တို့ဦးခေါင်းတွေပေါ်ရှိ မိုးကောင်းကင်ကို လွမ်းရီရီငေးနေမိတတ်ပြန်ပါသည်။ ကျွန်တော်တို့ကား အဖြစ်အပျက်များကို ငြင်းလို့မရကြတော့။ အချို့အရာတို့သည် ကျွန်တော်တို့ စိတ်ဆန္ဒမပါဘဲ သူ့သဘောသူဆောင်ကာ သူ့ဘာသာပင် ဖြစ်ပျက်သွားကြလေသည်။ ထိုအဖြစ်အပျက်များကြောင့် ကျွန်တော်တို့ ရင်ထဲ အနယ်တွေလို ထိုင်ကျန်ရစ်တာကတော့ ခံစားမှုများပင် ဖြစ်လေသည်။ သို့သော် ကျွန်တော့်ခံစားမှုသည် ကျွန်တော်ဖြတ်သန်းခဲ့ရသော နှစ်ကာလကို ကိုယ်စားမပြုနိုင်ကြောင်း ကျွန်တော်ဘာသာပင် သိနေရပြန်သည်။ ခံစားမှုအားကောင်းသော၊ အတွေ့အကြုံကြီးမားသော၊ တုန့်ပြန်မှုမှန်ကန်သော ကျွန်တော်တို့၏ ရှေ့ကလူများ၊ စူးရှ

www.burmeseclassic.com

ထက်မြက်သော လူငယ်ပွင့်သစ်များကို ကျွန်တော် မလေးစားဘဲ နေလို့ မရတော့ပါ။

(သည်အထဲ ကျွန်တော်၏ ထိခံစားမှုများသည် ပါစပက်တစ်လွဲနေသော ဇန်ကိုး၏ ဟုလားထိုင်တစ်လုံးနှင့် ဆင်ဆင်တူသွားသော အခါ ကျွန်တော့်မှာ ရယ်ရယ်မောမောနှင့် ကြေကွဲနေရတာလည်း လောကဓာတ်ခုံကြီး၏၏ နင့်သီးသော ပျက်လုံးတစ်ခုကြောင့် ဖြစ်မည် ထင်ပါသည်။)

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ကျွန်တော်တို့၏ ရှေ့က လူများ၊ စူးရှထက်မြက်သော လူငယ်ပွင့်သစ်များ၏ ရင်ထဲ၌ ဖြစ်တည် နေသော ရင်ခုန်သံများ၊ သမိုင်းဆိုင်ရာ ဝေဒနာများကို လိုက်လံရှာဖွေ မိပါသည်။ ဖြစ်တည်မှုကား ပဓာနကျပါသည်။ သို့သော် ဖြစ်တည်မှု အဆင့် မရောက်ဘဲ လျော့ကျသွားသော စကားလုံးများ၊ အရောင် များ၊ အသံများလည်း သူတို့ရင်ထဲ ရှိနေကြမည် ထင်ပါသည်။ ထိုအခါ သူတို့သည် သန္ဓေသားပျက်ကျသော မိခင်တွေလို နာကျင် ပင်ပန်းနေကြမည် ထင်ပါသည်။ ထိုနာကျင်ပင်ပန်းသူများကြောင့် ပင် ကျွန်တော်နှင့်တကွ ကမ္ဘာကြီးသည် ကဗျာများကို ရလိုက်သည်။ ဝတ္ထုများကို ရလိုက်သည်။ ပန်းချီကားများကို ရလိုက်သည်။ ပေါက်ကွဲသံစဉ်များကို ရလိုက်သည်။

ကျွန်တော်သည် အရာအားလုံးကို သတိရနေမိပါတော့သည်။ အချစ်ဖြင့် စေးပိုင်နေသူများကို ကျွန်တော့်ခန္ဓာကိုယ်မှ ကြွေကျသွား သော ဦးခေါင်းတစ်လုံးလို သတိရနေမိတတ်ပါသည်။ ထို့အတူ အမှန် တရားလို ငမ်းငမ်းတက်ရှာဖွေနေသူများကိုလည်း သတိရနေမိတတ်ပါသည်။

www.burmeseclassic.com

ရုံဖန်ရံခါ လွမ်းမောဖွယ်ညများ၌ ကျွန်တော်သည် ပီကာဆိုကို သတိရနေမိသည်ဟုပြောလျှင် ဘယ်သူကမှ ရယ်မောကြမည် မထင်ပါ။ (ရယ်စရာလို့ထင်၍ ရယ်မောကြလျှင်လည်း ကျွန်တော် ဘာမှ ပြန်ပြောမည် မဟုတ်ပါ။) ကျွန်တော် ပီကာဆိုကို လွမ်းပါသည်။ သူ၏ ဂွါရနီကာကို လွမ်းပါသည်။ ထိုဂွါရနီကာမြစ်ဖျားခံရာ ပိုလန်ရွာကလေးကို လွမ်းပါသည်။ ထို့အတူ ပီကာဆိုကို ခံစားရပါသည်။ ထို့အတူ လူအပိုင်းအစများ၊ တိရစ္ဆာန်အပိုင်းအစများ၊ ပစ္စည်းအပိုင်းအစများနှင့် သူ၏ ဂွါရနီကာပန်းချီကားကို ခံစားရပါသည်။ သို့သော် ဂွါရနီကာကိုပင် ပိုလို့နက်ရှိုင်းစွာ ပြိုကွဲကမ္ဘာ၊ ရှုပ်သွပ်မှု၊ မုန်းတီးမှု၊ စိတ်ပျက်မှု၊ သက်ရှိဖြစ်လျက် သက်ရှိမဖြစ်မှုတွေလို ခံစားပြသောအခါ ကျွန်တော့်မှာ အံ့ဩမိတာကော တုန်လှုပ်ချောက်ချားရတာကိုပါ တစ်ပြိုင်နက်တည်း ခံစားရလေတော့သည်။ (ခံစားပြသော ဆရာမြသန်းတင့်၏ ကျေးဇူးတရားတွေအတွက် ဤနေရာမှ ကျေးဇူးဆိုပါသည်။)

အနုပညာရှင်များကို ကျေးဇူးတင်ပါသည်။ ဖန်တီးသူများကို ကျေးဇူးတင်ပါသည်။

သက်ရှိဖြစ်လျက် သက်ရှိမဖြစ်မှု ဆိုပါလား။

ဟုတ်တော့လည်း ဟုတ်ပါရဲ့။ မြစ်ရေတွေကား ဝါးလုံးထိုးစီးသွားသည်။ 'ဘလော့'၏ 'ဝင်းပလေ'သည် နာတာရှည်ရောဂါသည်တစ်ဦးကို တိုးတိုးအက်အက် ညည်းညူလဲကျသွားလျက်။ ထိုခါမျိုး၌ ကျွန်တော်သည် တိရစ္ဆာန်တစ်ကောင်နှင့်ပင် ပို၍ဆင်ဆင်တူသွားသေးတော့။ ကျွန်တော်သည် မိမိကိုယ်ပေါ်မှ မိမိ အခါခါလျှောကျ

နေလျက်။ မျောက်တစ်ကောင်လိုပင် အခါခါတွယ်တက်နေရလျက်။ ကျွန်တော့်မှာ နာကျင်ပင်ပန်းနေရပြန်တော့သည်။ ကျွန်တော်မှမဟုတ်ပါ။ တချို့ငေးရီ၊ တချို့ကြေကွဲ၊ တချို့ပေါက်ကွဲ၊ တချို့လဲကျ။ ကျွန်တော့်ကျောအောက်က ဖျာကလေးသည် ဖျာတစ်ချပ်နှင့်ဆင်ဆင်တူတော့မည် မဟုတ်ပါ။ တူချင်းတူလျှင် အေးမသာတင်ဖျာကလေးနှင့်သာ တူဖို့ရှိပါသည်။ ကဗျာဆရာတစ်ယောက်သည် တုံးလုံးလဲနေသည်။ အခြားတစ်ယောက်က နေဝင်ရီတရောကို ကြည့်နေသည်။ သူတို့ကား ဒေါသနာကြားသူများ ဖြစ်ချင်ဖြစ်နေနိုင်ပါသည်။ တစ်ပြိုင်နက်တည်းမှာ ဝေဒနာကြားသူတွေလည်း ဖြစ်ချင်ဖြစ်နေနိုင်ပါသည်။ ကျွန်တော်တို့အတွက်ကား ဘာမှမရေရာတော့။ သို့သော်အံ့သြစရာကောင်းတာကတော့ ကျွန်တော်တို့မှာ အရာရာရှိနေသေးတာပင် ဖြစ်လေသည်။

တစ်ရံရောလရောင်၊ တစ်ရံရောက ကြယ်ပွင့်၊ တစ်ရံရောက နှင်းဆီ၊ တစ်ရံရောကအုတ်ဂူ၊ တစ်ရံရောကအချစ်၊ တစ်ရံရောက မြစ်ရေ။

ကျွန်တော်က သည်လိုပင် တမ်းတနေမိတတ်ပြန်လေသည်။ ထိုအခါကတော့ ကျွန်တော်တို့၏ တမ်းတမှုတွေထဲ ကဗျာများ၊ ဝတ္ထုများ၊ ပန်းချီကားများ၊ သီချင်းများကလည်း မထူးဆန်းစွာ ပါဝင်နေပြန်တော့သည်။ (ထမင်းစားမလား၊ ကဗျာစားမလားဟု မေးရာ နှစ်ခုစလုံးစားမယ်ဟုပြောပြီး ရယ်မောပစ်မိတာကိုလည်း သတိရမိပါသေးသည်။) အနုပညာအကြောင်း ပြောသောအခါ အကြောင်းအရာတွေ၊ ပုံသဏ္ဌာန်တွေ ပါလာသည်။ သိပ်တော့လည်း

www.burmeseclassic.com 

မထူးဆန်းတော့ပါ။ တစ်ရံရောက ပွဲတင်သံတစ်ပိုင်းတစ်စကို ပြန်ကြားရတာလည်း ဖြစ်လေသည်။ ကျွန်တော်ကား မြစ်တစ်မြစ်ထဲမှာ ရေဘယ်နှစ်ခါချိုးခဲ့မိသည်ကို မမှတ်မိနိုင်တော့။ မြစ်ရေတွေ စီးသွားနေကြသည်။ ကျွန်တော်က "ရိုရယ်လစ်ဇင်နဲ့တင် မလုံလောက်နိုင်တော့ဘူး"လို့ တဖွဖွပြောနေမိသည်။ သို့သော် ဘဝတွေက ရှိနေသည်။ အရောင်တွေက ရင့်နိုင်းသည်။ အဖြစ်အပျက်တွေက နက်ရှိုင်းကျယ်ပြန့်သည်။ ကျွန်တော် မတတ်နိုင်တော့။ရင်ကိုခွဲပြီး ရင်ထဲက ဝေဒနာကို ရင်ထဲသို့ တစ်ဖန်ပြန်ထည့်လိုက်မိသည်။ တစ်ဖန်ပြန်လို့ အနာအကျင်ခံပြီး ထွေးအန်လျှင်တော့ ဝေဒနာနှင်ဆံ့တဲ့ ပုံသဏ္ဌာန်တစ်ခု ရမှာပေါ့။ ကျွန်တော့်မှာ ခံစားနေရပြန်လေသည်။ မိတ်ဆွေကဗျာဆရာက "ကျွန်တော်တို့ တစ်ခရီးတည်း အတူသွားနေကြတာပါဗျာ"လို့ ရီဝေဝေပြောလိုက်ပေသည်။ သူက ခရီးနှင့်ကာလကို သတိထားသူ ဖြစ်ပေသည်။ နောက်ဆုံးတော့လည်း ကျွန်တော်တို့သည် တကယ့်ဘဝထဲ ရောက်သွားရပြန်လေသည်။ ထိုတကယ့်ဘဝထဲ၌ တကယ်ပင် ရေပဲသောက်စရာရှိလို့ "ရေသောက်ပြီးလျှင် သေးပေါက်ချင်သည်၊ အသင် ဘာပြောချင်သနည်း" လို့ ဆိုပြီး ကျွန်တော်တို့ အော်ဟစ်ရယ်မောခဲ့ကြတာ။ ရယ်မေနေကြတာဖြစ်လျက် ရယ်မောခြင်းမဖြစ်မှုလား မပြောတတ်တော့ပါ။

ဩော်...ခုတော့လည်း ကျွန်တော်သည် သူတို့နှင့်အတူ နေထိုင်ဖူးရာ တောမြို့ကလေးကို ကျောခိုင်း၍ ကျွန်တော့်ရွာကလေးဆီသို့ ပြန်လာခဲ့ရလေသည်။

www.burmeseclassic.com

သို့သော် ကျွန်တော်သည် လွမ်းတတ်နေမိဆဲ။ ယခု ကျွန်တော် လွမ်းမိသော အလွမ်းတွေထဲ မိုးကောင်းကင်ကြီးတစ်ခု ပါချင်ပါနိုင်ပါသည်။ ထို့အတူ မဟာလေးချိုးကြီးတွေ၊ ရင်ခုန်သံ အကြေအမွတွေနှင့် ကဗျာတွေ၊ အေးစက်ပေါက်ကွဲနေသော ဝတ္ထုတွေ။ ပြီးတော့ အရောင်တွေ၊ အသံတွေ အဟောင်းဖြစ်ချင်ဖြစ်မည်။ အသစ်ဖြစ်ချင်ဖြစ်မည်။ နိုင်ငံတကာကလည်း ဖြစ်နိုင်သည်။ ကျွန်တော်တို့ဆီကလည်း ဖြစ်နိုင်သည်။ ထိုအခါမျိုး၌ အရာရာသည် ဖြစ်ချင်သလိုဖြစ်နေနိုင်ပါသည်။ ကျွန်တော်ကား ရင်ခုန်သံကလွဲပြီး ဘာကိုမှ တူးဆွမရှာဖွေချင်တော့။ သစ်ရွက်တွေက သည်လိုပင် ကြွေကျသွားကြပေါ့။ ဩော်...ကျွန်တော်ကတော့ တစ်တောလုံးကြွေကို ရေးခဲ့မိလေသည်။

ထို့အတူ နှင်းတွေဝေကျွန်းက ခရစ္စတီးနား၏ ကမ္ဘာ၊ အိုင်ပက်သူများ၊ နှင်းမှုန်ကျေးလက် လွမ်းမိရက်ဝေဝေ...စသည်စသည် ဝတ္ထုတိုများကို ရေးခဲ့မိလေသည်။ ကျွန်တော်ကား လူသားဆန်စွာ ရံဖန်ရံခါ ကျွန်တော့်ဝတ္ထုတိုကလေးတွေကို လွမ်းလွမ်းနေမိတတ်ပြန်သည်။ စာရေးသူတစ်ယောက်အဖို့ သည်လိုအတ္တကြီးတာလည်း ကျွန်တော် လိပ်ပြာသန့်နိုင်ပါသည်။ ကျွန်တော်ကား ကမ္ဘာလောကကြီးကို စကားများများပြောနိုင်သူ မဟုတ်ပါ။ ကျွန်တော်သည် ကျွန်တော် ခံစားရသလိုသာ နေထိုင်ခဲ့မိသူ၊ ကျွန်တော်ခံစားရသလိုသာ ရေးခဲ့မိသူဖြစ်ပါသည်။ ထို့အတူ ကျွန်တော်သည် ကျွန်တော့်ဝတ္ထုများအတွက်လည်း ဘာမှပြောတော့မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ရေးခဲ့ပြီး[illegible]ဖြစ်ပါသည်။ ကျွန်တော်ကား ကျွန်တော်ရေးခဲ့

www.burmeseclassic.com


ပြီးသော ဝတ္ထုများအတွက် ကောင်းကံဆိုးကံ ထိုနှစ်တန်ကို ခါးစည်းခံရှုံသာရှိပါတော့သည်။

သို့သော် ကျွန်တော်သည် ကျွန်တော် တွေ့ကြုံခံစားရသည်များကို ရေးခဲ့သည်ဖြစ်ပေရာ တစ်ခါတလေတော့ ကျွန်တော့်ဝတ္ထုထဲက ဇာတ်ကောင်များကို လွမ်းပြီးနေတတ်ပြန်ပါသည်။ ပလိန်းကိတ်ကို လွမ်းသည်။ ဦးလေးပြောကို လွမ်းသည်။ ငိုမခဲကို လွမ်းသည်။ ကျွန်တော်သည် ပလိန်းကိတ်ကို ပြန်ပြီးတွေ့ခွင့် မကြုံတော့။ ဦးလေးပြောလည်း သူနေထိုင်ရာ ရိုးမတောင်စွယ် တောင်ငယ်ကလေးပေါ်က မြေဝါကောင်းရွာကလေးမှာပင် သစ်ဆွဲရင်း၊ သစ်ဖြတ်ရင်း၊ ရေမျှောသစ်လုပ်ရင်း၊ ဝါးခုတ်ရင်း၊ နွယ်နုတ်ရင်းနှင့် သခါရဓမ္မကို မလွန်ဆန်နိုင်ပဲ ကွယ်လွန်သွားရှာပတဲ့လေ။ ယခုနောက်ဆုံး ငိုမနှင့် ပြန်တွေ့ခွင့်ရတာကတော့ ယခင်ကထက်ပို၍သေးကွေးကြုံလှီသွားသော သူ၏ကဲသာသာ အိမ်ကလေးထဲမှာပင် ဖြစ်လေသည်။ ဖျာပုံချောင်းကလေးသည်လည်း ဟိုတစ်ရိုးဇီးရာကလိုပင် သူ့အိမ်ရှေ့ ဓနိတောထဲ ခေါင်းထောင်ထနေသော ဝါးတံတားဟောင်းကလေးအောက်၌ ကွေ့ခွေခွေစီးဆင်းသွားနေဆဲ။ ဗုံလုံပင်ကလေးတွေကလည်း ပိုလို့အိမင်းရင့်ရော်သွားတာကလွဲလို့ တစ်ရံရောကလိုပင် ဇိုင်းဇိုက်စိမ်းဝေနေဆဲ။ ဗုံလုံပွင့်ဖြူဖြူတွေကလည်း နှင်းမှုန်ကြီးတဲ့ တဖွေးဖွေး ကြွေကျနေကြပြန်လေသည်။ ငိုမခဲကား သူ့အိမ်ကလေး၏ ဝါးကြမ်းခင်းပေါ်၌ ရီဝေဝေထိုင်နေလျက်။ သူ့နှုတ်ခမ်းပေါ်က ထူထဲသော နှုတ်ခမ်းမွေးတွေပင် အချို့ ဖြူနေလေပြော့သည်။ သူကား အရွယ်မတိုင်မီ အိုမင်းခဲ့ပြီလား မပြောတတ်ပါ။ သူ့လက်ထဲမှာတော့ ခါတိုင်း သူ

www.burmeseclassic.com


ကိုင်နေကျကွင်းတွေထက်ကြီးသော ငါးမျှားကွင်းတစ်ကွင်းလေ။ သူက တီကောင်တွေတစ်ထွေးကြီးနှင့် မျှော်လင့်ချက်တွေ ပျော်ဝင်နေသော ငါးမျှာချိတ်၌ ငါးစာတတ်နေပြန်လေသည်။ တန်းသွားချမလို့တဲ့လေ။

ဩော်....

ကျွန်တော်မှာ အဆုံးမထင်သော မိုးကုပ်စက်ဝိုင်းကြီးကိုသာ ငေးနေလိုက်မိတော့သည်။

ထိုအခါ ကမ္ဘာလောကကြီးသည် ပို၍ ပဥ္စလက်ဆန်သွားပြီ ထင်ပါသည်။

ကျွန်တော်ငေးနေမိရာ အဆုံးမထင်သော မိုးကုပ်စက်ဝိုင်း ဆီမှ တယောသံတို့သည် အဆုံးမထင် မျောလာကြပြန်လေသည်။

ဩော်....တီကောင်၊ ပေါင်မုန့်၊ အုတ်ဂူ၊ သချိုင်းမြေနှင့် တယောသံများပေတကား။ ။

၁၉၉၅ ခု၊ ဧပြီလ(၁၄)ရက်။

www.burmeseclassic.com 

# တယောတံဆိပ်မီးခြစ်နှင့် ဆေးလိပ်တိုများ

နှင့်ငွေ့ကျန်

လေပြန်လောင်း ညှာညောင်းကြွေလု စုံတစ်ခွင် စုံတစ်ခွင်။

ကျွန်တော်သည် သီချင်းတစ်ပိုင်းတစ်စကို ဆိုနေရင်း တစ်စုံတစ်ရာ ထိခိုက်ခံစားလာရသလို ဆို့နင့်ကြေကွဲနေမိသည်။

သမီးလေး၏ တစာစာငိုကြွေးသံကိုလည်း မကြားရတော့။ သမီးကလေးက နှစ်ခြိုက်စွာ အိပ်ပျော်သွားနေပြီ။ ကျွန်တော်သည် သမီးကလေး အိပ်ပျော်နေရာ ဆာလာပြာပုခက်ကို ခပ်ရီရီငေးနေလိုက်မိသည်။ သမီးကလေးက ငိုးရလွန်း၍ မောပန်းနေကာ နောက်ဆုံး ကျွန်တော့်သီချင့်သံတွေကြားထဲတွင် မွန်းနှစ်အိပ်ပျော်သွားတော့သည်။ သမီးကလေးသည် မနက်ကတည်းက နို့မစို့ရ၊ နို့ဆာ၍ ငိုနေသော သမီးကလေးကို ဘာမျှပေးစရာမရှိ ဟူသော အသိက ကျွန်တော့်ရင်ကို ဆုပ်ညှစ်ခြေပစ်နေသည်။ ထိုလှိုက်လှဲကြေကွဲခြင်းက သီချင်းဆိုနေသော ကျွန်တော့်ကို ပိုပြီးဆို့နင့်လာစေသည်ဟု ထင်မိပေသည်။ ကျွန်တော့်သီချင်းသံသည် ချိုကြည်စရာ အကြောင်းမရှိတော့ပါ။ ကျွန်တော်လည်း ဆိုလက်စ သီချင်းကို ရပ်ပစ်လိုက်မိတော့သည်။

www.burmeseclassic.com

သို့သော် ကျွန်တော့်ရင်သည် လှိုက်ဖိုမွန်ဝေနေဆဲ။

ကျွန်တော့်မှာ သီချင်းဆို၍ သမီးကလေးကို သိပ်သောအခါ တိုင်း ဒီလိုပင် ခံစားနေရတော့သည်။ ကျွန်တော်သည် ထိခိုက်ခံစား လွယ်သူတစ်ယောက်တော့ မဟုတ်ခဲ့ပါ။ အမေဆုံးပါးဖူးသော ကျွန်တော်သည် သမီးကလေးကို ရရှိသောအခါ အမေ့ကိုသတိရ ခြင်းသည် ထိခိုက်ခံစားလွယ်လို့တော့ ဟုတ်မည်မထင်ပါ။ အမေဆုံးပါး ခြင်းနှင့် သမီးကလေးရရှိခြင်းဟူသော အကြောင်းတိုက်ဆိုင်ခြင်း ကြောင့်ဖြစ်မည် ထင်မိပေသည်။

ကျွန်တော်သည် ဒီလိုပင် သီချင်းတစ်ပုဒ်ကို ကြေကွဲထိခိုက်စွာ ဆိုနေမိဆဲ။ သမီးကလေး၏အမေ နော်လုသည် "အစ်ကို ငိုနေပါ လား‌ဝေ့"လို့ ကျွန်တော့်ကို နောက်ပြောင်ရယ်မောတတ်ပေသည်။

"အေးလေဝေ၊ ဟုတ်ပါရဲ့ကွယ်၊ ငါသီချင်းဆိုတာလဲ ငိုတာနဲ့ တူနေပြီ"။ ကျွန်တော်သည် ခပ်ဟဟရယ်မောရင်း နော်လုကို ပြော လိုက်မိသည်။ ထိုအခါ ကျွန်တော့်ရယ်မောသံတို့သည် နားထောင်လို့ ကောင်းမည်မထင်ပါ။ နော်လုသည် ကျွန်တော့်ရယ်မောသံအဆုံးတွင် ဘာမျှမပြောတော့ဘဲ ပုခက်ကို တုတ်လွှဲကာ အဝေးကြာကြာကြီး ငြိမ်သက်သွားတော့သည်။ သူမသည် အိပ်ပျော်နေသော သမီးကလေး အနီးကိုစောင့်ရင်း နို့တွေသက်လာသောအခါ အိမ်ပေါက်ဝ ကဲလား ‌လေးအောက် ပြေးဆင်းသွားရင်း နို့တွေ မြေကြီးပေါ်ကို ညှစ်ချနေ တော့သည်။

အကိုင်းခြောက်မည်းနှင့် သစ်ပင်သေကြီး၊ နေအပူဒဏ် ခနီဟွေ ကြွပ်ခြောက်ဝါရော်နေသော အိမ်ကလေး၊ နို့ညှစ်နေသော နော်လု၊

www.burmeseclassic.com


အားလုံးကို ပေါင်းစည်းလိုက်သောအခါ မြင်ကွင်းသည် ကြည့်လို့မကောင်းပြန်တော့ပေ။ ထို့နောက် နော်လုသည် ခပ်မှိုင်းမှိုင်းပင် အိမ်ပေါ်သို့ ပြန်တက်လာတော့သည်။ ကျွန်တော်တို့အိမ်ကလေး၌ အသံမှန်သမျှတို့ ပျောက်ဆုံးသွားကြပြန်တော့သည်။ နော်လုသည် သမီးကလေးနှင့်ပတ်သက်လာလျှင် ဒီလိုပင် မှိုင်းမှုန်ရီဝေတတ်ပေရဲ့။ သမီးကလေးက ကျွန်တော်တို့၏ သမီးကလေးပင်။ သမီးမွေးစ ညများကဆိုလျှင် သီချင်းမဆိုတတ်သော နော်လုက ခမ္မသီချင်းတွေကို သီချင်းလုပ်ပြီး ဆိုနေသည်မှာ ဆွတ်ပျံ့ဖွယ်ပင် ကောင်းသေးတော့သည်။ ထိုအခါက ညများ၌ လသာလျှင် နော်လုသည် မအိပ်တော့ပေ။ သမီးကလေးနှင့် ပတ်သက်သော သမီးကလေးငိုတာ၊ သမီးကလေး ရယ်တာ၊ သမီးကလေး နို့စို့နိုင်တာ၊ ပန်းပွင့်ကြီးတစ်ပွင့်လို လှပနေတာ၊ ဆေးကြောခြင်းခံတုန်းကလည်း ခိုးခိုးခစ်ခစ်ရယ်မောနေတာတွေ နော်လုကား ပြောမဆုံးတော့။

ထိုအခါက နော်လုအသံတွေလည်း လှိုက်လှဲမှုဖြင့် တုန်ဝေနေခဲ့သည်။ ကျွန်တော်သည် ထိုရက်များ၌ သမီးကလေးနှင့်အတူ မနေခဲ့ရပေ။ လယ်ဝင်ချိန်မို့ လယ်ထဲရောက်နေသည်။ နော်လုသာ သမီးကလေးနှင့် ကျန်ရစ်နေသည်။ သမီးကလေး မမွေးခင်ကဆိုလျှင် သူမသည်လည်း ကျွန်တော်နှင့်အတူ လယ်ထဲသို့ ရောက်နေတတ်ပေသည်။ ကောက်စိုက်ချိန်၊ ပျိုးနုတ်ချိန်၊ ကောက်ရိတ်ချိန်။ ကျွန်တော်တို့ကား တစ်နှစ်တလေတွင် ကိုကြိုင်ထံတွင် ပင်တိုင်ဝင်လုပ်ပြီး ကြေးမြီကင်းရှင်းသော နှစ်များတွင် ယာယီသာ လုပ်တော့သည်။ ကျွန်တော်တို့သည် မြရာစုရှိ လယ်ကွင်းများ၊ ဒရယ်ပေါက်၊ ဖားအိုင်

ရှိ လယ်ကွင်းများတွင် တစ်ကွင်းဝင်တစ်ကွင်းထွက်ဖြင့် စာရင်းငှား အဖြစ် နေထိုင်ခဲ့ကြပေသည်။

ကျွန်တော်တို့လုပ်သောလယ်၌ စပါးပင်တွေ 'ရွက်ပျော့ပစ်' သောနှစ်က နော်လုမှာ ကိုယ်ဝန်ရှိလာခဲ့သည်။ ကိုယ်ဝန်ကြီးနှင့်သူမကို ကျွန်တော်က လယ်ထဲမဆင်းဖို့ ပြောခဲ့မိပေသည်။ သို့သော် သူမက ကျွန်တော့်စကားကို ခပ်ဟဟရယ်မောတုန့်ပြန်ရင်း "မီးနေစရိတ် အတွက်လေ အစ်ကိုရဲ့"လို့ ပြောနေတော့သည်။ ထိုအခါ ကျွန်တော် လည်း သူမ၏စကားကို သဘောကျမိကာ ဟက်ဟက်ပက်ပက် ရယ်မောခဲ့မိသည်။ ကျွန်တော့်ရယ်မောသံတို့သည် နားထောင်လို့ ကောင်းဦးမည် ထင်ပါသည်။

တွေးနေရင်း ပုခက်ရပ်သွားသောကြောင့် သမီးကလေး တစ်ချက်လွန့်သွားတော့ ကျွန်တော့်မှာ ပြာဝေသွားရသည်။

နော်လုပြန်မလာခင် သမီးကလေးနိုးသွားမှာကို ကျွန်တော် ကြောက်ရွံ့စိုးထိတ်နေမိသည်။ ကျွန်တော်သည် ပုခက်ကို ပျာယီး ပျာယာ ပြန်လွှဲနေရင်း ရိုးပြတ်လမ်းကလေးအတိုင်း ရွာထဲသို့ငေးနေ လိုက်မိသည်။ မြရာစုရွာကလေးကို မြူမှုန်မှုန်တွေကြားထဲတွင် အေးစက်စက်တွေ့ရပေသည်။ မြရာပင်ပျိုတို့သည် ရွာနောက်ဖေးကို စည်းရိုးသဖွယ် ကာထားနေသည်။ ထိုရွာကိုတည်စ ရွာဦးလူသား တို့သည် စုဝေးပေါက်ရောက်နေသော မြရာတောစုစုကို အစွဲပြု၍ မြရာစုဟု အမည်ပေးခဲ့ဟန်တူပေသည်။ သို့သော် မြရာပင်ဟောင်း တို့ကား ကုန်လွန်ပျောက်ကွယ်သွားခဲ့ပြီ။ ယခုမြင်နေရသော မြရာပင် တို့ကား မြရာမျိုးဆက်သစ်များပင်။ ယခင်တုန်းကတော့ မြရာပင်များကို

www.burmeseclassic.com


မီးသွေးထင်းအဖြစ် အသုံးပြုခဲ့ကြပေသည်။ ထိုအခါ မြရာပင်တို့လည်း တစ်စတစ်စ ရှားပါးသွားကြပြန်တော့သည်။ ထင်းတွေ မရှားခင် မြရာတောကြီးသည်လည်း စိမ်းမှိုင်းအုပ်ဝေနေဆဲ။ ကျွန်တော် ကျောင်းထွက်စ ကျွန်တော်သည် မြရာတောက မီးသွေးဖိုများတွင် ဖိုတက်ခဲ့ဖူးပေသည်။ ထင်းစည်းရတာ၊ မီးထိုးရတာ၊ ဖိုပိတ်ရတာ၊ နောက်ဆုံး မီးသွေးထုတ်တော့ အပူဟပ်ခံရသော ကျွန်တော်တို့သည် ချွေးတွေ တရားလွန်ထွက်ကာ ဆီးတွေလည်းခမ်းလာပြီး ပိုးဟပ်ဖြူတစ်ကောင်လို ဖြူဖပ်ဖြူရော် ဖြစ်နေတော့သည်။ နောက်တော့လည်း ထင်းတွေ တစ်စတစ်စ ရှားပါးလာသောအခါ မီးသွေးဖိုပိုင်ရှင်တို့လည်း မီးသွေး မဖုတ်နိုင်ကြတော့ဘဲ မီးသွေးဖိုတွေကို ဒီအတိုင်း ပစ်ထားလိုက်ကြတော့သည်။ ထိုအခါ အိမ်မဲ့ယာမဲ့တို့သည် ထိုမီးသွေးဖိုတွေကို အပိုင်စီးလိုက်ကြကာ ဖိုဘေး ကဲလားတွေအောက်၌ အခန်းဖွဲ့ပြီး နေထိုင်လိုက်ကြပြန်သည်။ ထိုအထဲတွင် ကျွန်တော်တို့လင်မယား နှစ်ယောက်လည်း ပါဝင်ခဲ့ကြပေသည်။ သို့သော် နောက်ဆုံး၌ မီးသွေးဖိုတို့ ပြိုလဲပျက်စီးလာသောအခါ ကျွန်တော်တို့သည် မီးသွေးဖိုတွေကို စွန့်ခွာခဲ့ကြပြန်သည်။ မီးသွေးဖိုတွေက သစ်ရိပ်မည်းမည်းကြီးတွေအောက်၌ ရှေးဟောင်းသချိုင်းအုတ်ဂူတွေလို အေးစက်တိတ်ငြိမ် ကျန်ရစ်ခဲ့ကြတော့သည်။

ကျွန်တောနှင့် နော်လုတို့သည် ထိုမီးသွေးဖိုတွေမှာပင် တွေ့ဆုံချစ်ကြိုက်ခဲ့ကြခြင်း ဖြစ်သည်။ ကျွန်တော် ဖိုတက်သောအခါ နော်လုက မီးသွေးအိတ်သွပ်ခဲ့ပေသည်။ နော်လုက မီးသွေးအိတ်ထိပ်ဖုံးချောင်းကလေးတွေ ဖြတ်နေဆဲ။ ကျွန်တော်သည် 'သည်ဆောင်း

 www.burmeseclassic.com 

ဟောမန်’ကို ရှိုက်ငင်ရှိုက်ငင် ဆိုတတ်ပေသည်။ ထိုအခါ မြရာစုရွာကလေး၏ အနောက်ဘက် မီးသွေးဖိုကန်းသည် နှင်းမှုန်ထုကြီးအောက်တွင် နစ်မြုပ်နေပြန်တော့သည်။ မီးသွေးဖိုလေပေါက်မှ မီးခိုးငွေ့တို့သည် မြောက်ပြန်လေ၌ တလူလူလွင့်မျောနေပေသည်။ ဖို့နောက်ဆောင်းရက်များသည်လည်း နှင်းတွေနဲ့အတူ ကုန်ဆုံးပျောက်ကွယ်သွားကြပြန်သည်။ နွေဦး၌ သစ်ရွက်တွေ ကြွေလေဟန်က ဆွတ်ပျံ့လွမ်းမောစရာပင်။ သို့သော် ထိုနွေနေကြီးထဲ၌ ထင်းစည်းရသောအခါ ကျွန်တော်တို့သည် သီချင်းမဆိုနိုင်တော့ပါ။ ထို့နောက် မုတ်သုန်ရနံ့ကို ထိတွေ့လာရပြန်သည်။ တောင်ပင်လယ်ဘက်၊ အနောက်ပင်လယ်ဘက်တွေ၌ မိုးတိမ်တို့လည်း ငှက်ခါးတောင်အရောင်ပေါက်လေပြီ။ သို့သော် လဆန်းရက်များ၌ မိုးခဲတစ်စသည် လဝန်းကြီးကိုဖြတ်သန်းလွန်မြောက်ဆဲ။ လရောင်ထဲ မိုးမှုန်မှုန်ကလေးများ ကြွေကျနေသည်ကို ကျွန်တော်လည်း ငေးမောနေရင်း ‘မိုးဒေဝါ’ကို တရှိုက်ငင်ငင် ဆိုမိပြန်တော့သည်။ ကျွန်တော်သည် အချစ်၌ ရိဝေခဲ့ပေသည်တကား။

သို့သော် အချစ်စိတ်နှင့် ရိဝေနေသော ကျွန်တော်သည် မီးသွေးတစ်အိတ်သွပ်မ တစ်ပတ်ရတာကို လေးသိပ်ပင်ပန်းစွာတွေးနေမိတတ်သည်။ သို့သော် သိပ်မကြာလိုက်ပါ။ နော်လုတို့မိန်းကလေးများသည် မီးသွေးဖိုတွေကို စွန့်ခွာသွားကြကာ ခနိုးတောထဲသို့ ရောက်သွားကြပြန်တော့သည်။

“သာရာနားဟယ်လို့တော့ မဟုတ်ဘူးပေါ့ဝေ၊ တို့တစ်တွေက လုပ်မှစားရတာ မဟုတ်လား၊ မီးသွေးအိတ်သွပ်တာထက်စာရင် ခနိုခုတ်တာကတော့ အသက်ရှူနည်းနည်းချောင့်တာပေါ့”

www.burmeseclassic.com


နော်လုက ကျွန်တော့်ကို တိုးတိုးယဲ့ယဲ့ ပြောနေသည်။ ကျွန်တော်ကား သူတို့ကို နားလည်တတ်သူ ဖြစ်ပါသည်။ ကျွန်တော်တို့သည် လုပ်မှစားရသူများပေတကား။ တကယ်တော့ ကျွန်တော်တို့သည် မလုပ်ဘဲစားနေရသူများကိုလည်း တွေ့နေရပါသည်။ နော်လုကတော့ ရှုသမျှနှင့် ရောင့်ရဲတင်းတိမ်နေတတ်တာ။ "ဘုရားသခင် အလိုကော်ကျအတိုင်းပေါ့"လို့ ပြောနေတတ်ပေသည်။

သို့ဖြင့်ပင် ကျွန်တော်နှင့် နော်လုလည်း လက်ထပ်ဖြစ်ခဲ့ပေသည်။

ကျွန်တော်တို့သည် သူများတွေလိုပင် အိမ်ထောင်ပြုခဲ့ကြပေသည်။ ဘာမျှထူးခြားမှု မရှိပါ။ ဘုရားကျောင်းမှ ခေါင်းလောင်းသံသည် ချိုရိမိန်းမောဖွယ် ကောင်းဆဲ။ ဖာသာက ကျွန်တော်တို့နှစ်ယောက်ကို လက်ထပ်ပေးခဲ့ပါသည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်သည် သူများတွေနှင့်အတူ ဆုတောင်းသည်။ သူများတွေနှင့်အတူ ကိုယ်တော်မြတ် ပင့်ယူသည်။ သူများတွေနှင့်အတူ ဓမ္မသီချင်းဆိုသည်။ ဒါပါပဲ။ သို့သော် ချိုလွင်အားကောင်းသော ဆုတောင်းသံဟာ ကျွန်တော့်ကိုပင် ရီဝေစေတော့သည်။

"ကောင်းကင်ဘုံ၌ရှိတော်မူသော
ကျွန်ုပ်တို့၏အဘ
ကိုယ်တော်၏ နာမတော်အား
ရိုသေလေးမြတ်ခြင်းရှိပါစေသော
နိုင်ငံတော်တည်ထောင်ပါစေသော
အလိုတော်သည် ကောင်းကင်ဘုံ၌

 www.burmeseclassic.com 

ပြည့်စုံသကဲ့သို့
မြေကြီးပေါ်မှာ ပြည့်စုံပါစေသော
အသက်မွေးလောက်သော အစာကို
ကျွန်ုပ်တို့အား
ယနေ့ ပေးသနားတော်မူပါ”

ဆုတောင်းသံတို့သည် အပြန်လမ်း၌ပင် အားကောင်းအုပ်ဝေနေဆဲ။ နောက်တော့လည်း ကျွန်တော်တို့သည် ဘုရားကျောင်းသို့ မရောက်ကြပြန်တော့။ နော်လုသည် ကျွန်တော်ဝတ်ဖို့ ပါကစ္စတန်ထည်တစ်ထည်ကို အကြွေးဝယ်လိုက်သောအခါ ဒီအကြွေးကလေးကျေရေးအတွက် ခနိတောထဲက မတက်တော့ပေ။

ကျွန်တော်တို့သည် သမီးကလေးတစ်ယောက် ရသည့်တိုင်ဒီလိုပင် စားသောက်နေထိုင်ခဲ့ကြပေသည်။

ယခုတော့လည်း မြရာစုအနောက်ဘက်ရှိ မီးသွေးဖိုတွေလည်း မရှိကြတော့ပေ။ နှစ်ကာလမြစ်ရေတို့ကား စီးသွားကြပေပြီ။ မြရာရွက်တွေ ကြွေသောအခါ နှင်းငွေ့တွေ ပြယ်သွားကြပြန်သည်။ ရွှေမြစ်သည် ဖန်သားလို ကြည်စင်လာဆဲ။ ရေငန်ဝင်လာပြီမို့ မြစ်သည် ထိလိုက်လျှင် ပိုးစုန်းကြူးတောက်သွားတော့သည်။ ခုတ်ပြီးခနိတောကြီးသည်လည်း တစ်ရံ ဖူးတံတစ်ချောင်းစီနှင့် ကျိုးကျိုးကျဲကျဲ ဖြစ်နေတော့သည်။

ထိုရက်များ၌ ကျွန်တော်လည်း အလုပ်လက်မဲ့ ဖြစ်သွားပြန်တော့သည်။ ထိုအခါ မရှိသောကျွန်တော်သည် ရှိသောတင်မြင့်ထံ ရောက်ရပြန်တော့သည်။

www.burmeseclassic.com


"တင်မြင့်ရေ၊ ငါတော့ အလုပ်မရှိပြန်ဘူးဝေ့၊ အဲဒီတော့ မင်းကွန်နဲ့ မင်းလှေ ငါ့ငှားကွာ၊ လယ်မဝင်ခင်တော့ ကွန်ပဲပစ်ရတော့မှာပဲဝေး၊ အဖိုးအခကတော့ ခါတိုင်းလိုပေါ့"

တင်မြင့်က "ရွှေးမြစ်တရိုးလုံးလဲ မင်းလက်မင်းခြေချည်းပါလားကွ"လို့ နောက်ပြောင်ရယ်မောနေပြန်သည်။ ကျွန်တော်က ဘာမှမပြောခဲ့မိ။ သူ့ဆီကကွန်ကို ထမ်းလာရင်း ကွန်ပစ်ရင်း သီချင်းဆိုရတာ၊ အသိမရှိလျှင် နော်လုနှင့် နောက်ပြောင်ရယ်မောနေရတာတွေကို တွေးနေလိုက်မိသည်။ တစ်ခါတလေတော့ ရွှေးမြစ်ကြီး စိမ်းမှိုင်းနေတာ၊ ကောင်းကင်ကြီးပြာဝေနေတာ၊ သစ်ပင် တောတန်းတွေ ငြိမ်သက်နေတာတွေ ငေးဝေမိရင်း ဆွတ်ကျင်ကျင်ဖြစ်လာကာ "ပြန်လမ်း မကြုံတဲ့ ယမုံနာဦးဝယ်"လို့ သီးချင်းတစ်ပိုင်းတစ်စကို ဆိုမိတော့ နောက်က သမ္ဗာန်ခတ်နေသော နော်လုက နိမိတ်မရှိ၊ နမာမရှိ၊ အစ်ကိုဝေးလို့ အော်ဟစ်ပြောနေတတ်ပြန်သည်။

ဩော်....ရွှေးမြစ်ကွန်ပစ်သူများနှင့် ပြန်လမ်းမကြုံတဲ့ ယမုံနာဦးဝယ်သီချင်းအပိုင်းအစပေကား။

မြရာစုမှ ထွက်လာသောအခါ နှမ်းလုံးကြိုင်တောကြီးကို လှမ်းမြင်နေရသည်။ ထိုတောကြီးရှေ့၌ ကျွန်တော်တို့အိမ်ကလေးသည် သေးသေးမှုန်မှုန်ပင်။ ကွေ့ခွေခွေရိုးပြတ်လမ်းကလေးသည် ကျွန်တော်တို့ အိမ်ရှေ့၌ ဦးတိုက်ကုန်ဆုံးသွားပေလိမ့်မည်။

ကျွန်တော်တို့ကား ရွာထဲတွင် မနေနိုင်ကြပေ။ လူဦးရေ ထူထပ်သိပ်သည်းလာသောအခါ မြေဈေးတွေ တက်သွားကြပေသည်။ ထိုအခါ ကျွန်တော်တို့သည် လယ်ပိုင်ကြီးကိုကြိုင်ထံ ခွင့်ပန်ကာ

www.burmeseclassic.com



သူ့ လယ်ထဲက နှမ်းလုံးကြိုင်တောကြီးဘေး၌ နေရရုံ အိမ်ကလေး တစ်လုံး ဆောက်လိုက်ပေတော့သည်။ ကျွန်တော်တို့၏ နေထိုင်မှုက ဒီအတိုင်းပင်။

ကွန်ကိုထမ်း၍ အိမ်ထဲသို့ဝင်လိုက်သောအခါ သမီးကလေးကို နို့တိုက်နေသော နော်လုက 'အကြော်အဖန်တော့ ထည့်လာပြန်ပါပေါ့ဝေး' ဟု ဆိုပြီး ရယ်မောနေပြန်တော့သည်။ ကျွန်တော်လည်း သူမ၏ ရယ်မောသံ၌ လန်းဆန်းနေမိကာ သမီးကလေးကို ငုံ့နမ်းလိုက်မိသည်။ သို့သော် ကျွန်တော်သည် သမီးကလေးနှင့် နော်လုကို ထားခဲ့ကာ အလုပ်ဆက်ရပြန်သည်။ ကျွန်တော်ယူလာသောကွန်က အချို့နေရာတွေပေါက်ပြဲနေသည်။ တင်မြင့်က ပိုက်ဖာရန် ချည်သားပေးလိုက်သော်လည်း အုပ်စည်းမပေးလိုက်ပေ။ အုပ်စည်းလုပ်ရန် ဝါးသွားခုတ်ရပေဦးမည်။ သို့ဖြစ်ပင် တစ်နေ့လုံး ကွန်ပစ်ဖြသွားတော့သည်။ အခါတိုင်းနေ့တွေဆိုလျှင်တော့ ကျွန်တော်ကွန်ပစ်ရာသို့ နော်လု ပါလာတတ်သည်။ သို့သော် ယခုတော့ သူမသည် သမီးကလေးနှင့်အတူ ကျန်ရစ်သည်။ နော်လုအစား တက်မကိုင်ရန် ပေါက်တူးကို တစ်ကျပ်ပေးပြီး ခေါ်ခေါ်နေရသည်။ ကျွန်တော်ပြန်လာတော့ ရလာသော ပုစွန်တွေ၊ ငါးတွေကို နော်လုက ဈေးဗန်းခေါင်းရွက်ပြီး ရွာထဲထွက်ရောင်းပေတော့သည်။

ထိုအခါမျိုး၌ ကျွန်တော်သည် သမီးကလေးနှင့်အတူ အိမ်တွင် ကျန်ရစ်နေရပြန်သည်။ သမီးကလေးသည် ကျွန်တော်နှင့် ကျန်ရစ်နေသောအခါတိုင်း ငိုပါသည်။ သမီးကလေးနို့ဆာ၍ငိုမှန်း ကျွန်တော် နားလည်ခံစားနေရပေသည်။ ထိုအခါ၌ ကျွန်တော်သည် သမီးကလေးကို

www.burmeseclassic.com



သီချင်းဆို၍ ချော့သိပ်ရပါသည်။ ကျွန်တော်သည့် သီချင်းဖော်တော်များများကို ဆိုတတ်ပါသည်။ ကောက်စိုက်ရင်း၊ ပျိုးနုတ်ရင်း၊ လှယ်ထွန်ရင်း၊ ကောက်ရိတ်ရင်း၊ ကောက်လှိုင်းထမ်းရင်း၊ တလင်းနယ်ရင်း၊ မီးသွေးဖိုတက်ရင်း၊ ဂွန်ပစ်ရင်း၊ လှေသေးရင်း၊ ငိုက်ဖားရင်း သီချင်းဆိုတတ်ပါသည်။ သီချင်းဆိုလိုက်သောအခါ ရင်ထဲ၌ ဘဝနှင့်ပတ်သက်၍ တင်းကြပ်နေမှုများ ပျောက်ပြယ်ကာ ပေါ့ပါးလန်းဆန်းသွားပေတော့သည်။

ထို့ကြောင့် ကျွန်တော် သီချင်းဆိုပါသည်။ တစ်ခါတစ်ရံ အရက်သောက်မိသော်လည်း အရက်ကို သီချင်းဖြင့် မလဲလိုပါ။ အရက်သည် မေ့မူးရီဝေသွားသော်လည်း ပိုက်ဆံကုန်တတ်ပါသည်။ သီချင်းဆိုတာလည်း အရက်လိုပင် မေ့မူးရီဝေတတ်သော်ငြား ပိုက်ဆံမကုန်ပါ။ ထိုအခါ အရက်နေ့တိုင်းသောက်ရန် ပိုက်ဆံမရှိသော ကျွန်တော်တို့သည် တစ်စုံတစ်ခုသော အကြောင်းအရာမှ မေ့မူးရီဝေသွားစေရန် သီချင်းဆိုမိပါတော့သည်။

ရုံဖန်ရံခါ လာသောသောညများ၌ သူငယ်ချင်းတွေဆုံမိလျှင် ဗနိုမော်တင်အောင်၊ သခင်မြသန်း၊ ဓားကောင်း၊ မြန်မာပြည်မြောက်ပိုင်း၊ ငါတို့ခေတ်နှင့်အပြိုင်၊ ဒဂုန်တာရာ၊ ကြည်အေးအပါအဝင် စာအကြောင်း၊ ကဗျာအကြောင်း ပြောကြပြီး ညဉ့်နက်ပိုင်း အိမ်ပြန်လာသောအခါ ကျွန်တော်သည် ပုဆိုးကိုခြုံဆဲ၊ သီချင်းတစ်ပုဒ်ကိုလည်း ဆို့ဆို့နစ်နစ်ဆိုဆဲ၊ နော်လုတို့အိမ်နားရောက်သောအခါ နော်လုကနားနစ်ဖက်ကို ပိတ်ထားနေပြီ။ ငိုမိမှာစိုးလို့ပဟု နောက်ပြောင်ရယ်မောနေတတ်ပြန်သည်။ ထိုအခါ သူမနှင့်အတူပျော်ရွှင်လန်းကြည်စွာ လိုက်လံရယ်မောခဲ့ဖူးပေသည်။

 www.burmeseclassic.com 

ဪ....ကျွန်တော်သည် ဆွတ်ပျံ့ကြည်နူးစွာ သီချင်းဆိုခဲ့ပေသည်တကား။

ယခုသီချင်းဆိုသောအခါ ယခင်ကနှင့်မတူကြောင်း ကျွန်တော် ရိပ်မိသိရှိလာပါသည်။ ဆွတ်ပျံ့ကြည်နူးတာနှင့် ကြေကွဲထိခိုက်တာ တူနိုင်မည်မဟုတ်ပါ။ ယခုတော့သည်းကျွန်တော်သည် သီချင်းဆိုနေရင်း ထိခိုက်ကြေကွဲနေတတ်ပေသည်။ (သီချင်းဆိုပြီးလျှင် ရင်ထဲလင်းသွားတာကို ဝန်ခံပါသည်။) ကျွန်တော်၏ ထိုအဖြစ်ကို သမီးကလေးကတော့ သိနိုင်မည်မထင်ပါ။ တစ်ခါတလေတော့ နော်လုသည် မနောက်ပြောင်၊ မရယ်မောဘဲလျက် သမီးလေးကို သီချင်းဆိုသိပ်နေသော ကျွန်တော့်ကိုကြည့်ပြီး အစ်ကို ဘာလို့ဒီလောက်တောင်စိတ်ထိခိုက်နေရတာလဲဝေး ဟု မေးတတ်ပြန်သည်။ ကျွန်တော်မဖြေမိ သူမပြောသလို စိတ်ထိခိုက်နေသလားရယ်လို့ မိမိကိုယ်မိမိ မေးနေမိပြန်သည်။ စိတ်ထိခိုက်နေပါလား ဟု မိမိကိုယ်မိမိ တွေ့မြင်လိုက်ရသောအခါ ဘာကြောင့်ဒီလိုဖြစ်ရကြောင်း ဆက်ပြီး တွေးမိပြန်သည်။

နော်လုသည် ဈေးသွားရောင်းလျှင် ရောင်းနေပေလိမ့်မည်။ ဈေးရောင်းမှ ပြန်လာသောအခါ ထမင်းချက်လျှင် ချက်နေပေလိမ့်မည်။ တကယ်တော့ ကျွန်တော်တို့သည် ရောင်းပြီးမှ ဝယ်စားသူများ ဖြစ်ပါသည်။ ယခုလည်း နော်လုသည် ဈေးဗန်းတစ်ဗန်းနှင့် ရွာထဲထွက်သွားသည်မှာ မနက်ကတည်းကဖြစ်ပါသည်။ ဈေးရောင်းမှ ပြန်လာလျှင် သူမနှင့်အတူ ဆန် ပါလာပေလိမ့်မည်။ ထိုအခါ သမီးကလေးနိုးနေလျှင် ကျွန်တော် ထမင်းချက်ရပေမည်။ သမီးကလေး အိပ်ပျော်နေဆဲဆိုလျှင် သူမပဲ ထမင်းချက်ပေလိမ့်မည်။ ကျွန်တော့်မှာ

www.burmeseclassic.com


ပုခက်ကိုသာ မှန်မှန်လွှဲနေရသည်။ ဆာဆာလောင်လောင်နှင့် အိပ်ပျော်သွားသော သမီးကလေးကို နိုးလာသောအခါ သမီးကလေးဆာလောင်မှု မည်သို့ဖြေဖျောက်ပေးရမည်ဆိုသော အတွေးက စိုးမိုးလာနေပါသည်။ ထို့အတူ နော်လုလည်း ဈေးရောင်းရင်း ဆာနေပေလိမ့်မည်။ တကယ်တော့ ကျွန်တော်တို့သည် အဆာပြေ စားသူများ မဟုတ်ကြပါ။ အချိန်ကျ၍စားလျှင် အဝစားသူများသာ ဖြစ်ကြပေသည်။ ယခု စားချိန်ကျ၍ မစားရသေးသောအခါ ကျွန်တော်ဆာနေပါသည်။ ဆာနေသောအခါ ကျွန်တော်သည် သီချင်း မဆိုဝံ့တော့ပါ။ ဆာနေတုန်း သီချင်းဆိုလျှင် ငိုတာနဲ့ ပိုတူတယ်လို့ ပြောဖူးသော နော်လု၏စကားတစ်ခွန်းက ကျွန်တော့်ကို ခြောက်လှန့်နေ ပေသည်။ ကျွန်တော်က မဆာစေချင်ရင် နင် စောစောပြန်လာပေါ့လို့ ပြောမိဆဲ။ နော်လုသည် ထိုးရယ်နေလျက် ဈေးသွားရောင်းတာပဲ အစ်ကိုရေဝေး၊ ကုန်မှပဲ ပြန်လာနိုင်တော့မပေါ့ လို့ ပြောနေပြန်တော့သည်။

ထို့နောက် ကျွန်တော်တို့အိမ်ကလေးသည်လည်း ချောက်ချားဖွယ်ရာ တိတ်ဆိတ်သွားပြန်တော့သည်။ ကျွန်တော်သည် တိတ်ဆိတ်နေတာကို ကြောက်ရွံ့နေမိသည်။ သမီးကလေးငိုပါစေလို့ ဆုတောင်းမိပြန်သည်။ တိတ်ဆိတ်နေတာထက်စာလျှင် သမီးကလေးရဲ့ ငိုသံကမှ နားထောင်လို့ကောင်းဦးမည်။ ဒီအကြောင်း နော်လုကိုပြောပြမိတော့ ပေါက်တီးပေါက်ရှာတွေအစ်ကိုရယ်လို့ ပြောရင်း သူမ ရယ်မောနေပြန်တော့သည်။ ထိုအခါ ကျွန်တော်လည်း ရယ်စရာဟုထင်မိကာ ရယ်မိပြန်တော့သည်။ နော်လုလဲ ပျော်ရွှင်သွားတယ်ထင်ပါရဲ့၊ တကယ်တော့ ကျွန်တော်တို့သည် ဟာဒရရွှင်ဆေး နားမထောင်ကြရပါ။

 www.burmeseclassic.com 

(မိုးအလင်း သုံးကာ ရုပ်ရှင်ရှိသော်လည်း ကျွန်တော်တို့ မကြည့်ဖြစ်ပါ။) ကျွန်တော်တို့သည် ပျော်စရာတစ်ခုခုကို မှိုမိဘာသာရှာကြံပြီး ပျော်မော ပစ်တတ်ကြပါသည်။

နေသာလုပြန်မလာသေး။ မြရာစုရွာမှ သွပ်မိုးအိမ်အချို့ကို နေ ရောင်အောက်၌ ပြိုးပြိုးပြက်ပြက် တွေ့နေရပေသည်။ နေသည် ရင့်ရော်စပြုလာနေပြီ။ ရိုးပြတ်ငုတ်တို့သည် အစောက နှင်းကြွင်းတွေ မေကျုံနေသော်လည်း ယခုသော် ခြောက်သွေ့ကွပ်ဆတ်နေကြပေ လိမ့်မည်။ သစ်ရိပ်တွေလည်း ကျွန်တော်တို့အိမ်ကလေးရှေ့သို့ လဲကျ လာနေပြီ။

သမီးလေးသည် အဲ့ဟု တစ်ချက်မြည်ကာ လွန့်လူးပ်လိုက်ပေ သည်။ ကျွန်တော်လည်း စိုးထိတ်ပြာဝေသွားကာ 'အို...အို' လို့ ချော့ဆဲ။ သမီးကလေးသည် မနိုးတစ်ဝက်နိုးတစ်ဝက် ဖြစ်နေဟန်တူ ပေသည်။ ကျွန်တော်လည်း စိုးရိမ်စိတ်လွန်ကဲနေကာ သမီးကလေး ဆက်ပြီး အိပ်ပျော်ပါစေတော့လို့ ပန်းမြိုင်လယ်ကို ကောက်ဆိုလိုက်မိ သည်။ သည်တွင်... "ရွှေဘဝင်လွန်လှိုက်လှဲ့+ပူလောင်ကြည်ကွဲ+ ငိုယောင်ဆီလဲ+သည်လည်းဖြေပဲအောင်သာ" အပိုဒ်သို့ ရောက်သော် အခါ အံ့သြတုန်လှုပ်စွာ ရပ်ပြစ်လိုက်မိတော့သည်။ သီချင်းဆို၍ သမီးကလေးကို သိပ်နေသည်လား။ သီချင်းဆိုရင်းဖင့် မိမိဘာသာမိမိ ကြေကွဲထိခိုက်နေသည်လား။

ကျွန်တော်မဖြေအားလိုက်ပါ။ သမီးကလေးမနိုးသေးဘူးလား ဟူသော မေးသံနှင့်အတူ နော်လုသည် အိမ်ပေါ်သို့ လှမ်းတက်လာနေ သည်။ သူမသည် ဆန်ထုပ်ကလေးနှင့် ဈေးဗန်းကို ကြမ်းပေါ်သို့ချ

www.burmeseclassic.com


လှိုက်ကာ ခေါင်းခုကလေးကို မျက်နှာပေါ်မှ ချွေးများကို သုတ်ယူနေသည်။ ထို့နောက် သူမသည် ကျွန်တော့်နားလာကာ ဆေးလိပ်ကို ဖွာရင်း ခပ်ငူငူထိုင်နေပြန်တော့သည်။

'သမီးကလေး တော်တော်ငိုသလားဝေး'

'ငိုတာပေါ့၊ နို့ရလွန်းလို့ မောပြီးအိပ်ပျော်သွားတာ'

'သမီးကလေးတော့ နို့တော်တော်ဆာနေမှာပဲနော်'

'ဆာမှာပေါ့ကွယ်၊ ဆာလို့ငိုတာပေါ့'

'အစ်ကိုကော ထမင်းဆာပလားဝေး'

'ဆာတာပေါ့'

ကျွန်တော်က တိုးတိုးသက်သက်ပင် ပြန်ဖြေလိုက်မိသည်။

'သမီးကလေးငိုတော့ အစ်ကို သီချင်းဆိုသိပ်ရသေးလားဝေး'

'ဆိုတာပေါ့'

'ဟင်...ဒါဖြင့် အစ်ကို သီချင်းဆိုရင်း ငိုသေးတာပေါ့ ဟုတ်လား၊ ဟား...ဟား'

နော်လှုက ကျယ်ကျယ်လောင်လောင်ကြီး အော်ဟစ် ရယ်မောနေပြန်တော့သည်။

'ဈေးရောင်းကာလဲ ရယ်ရတယ် အစ်ကိုဝေး'

သူမက ဆက်ပြောနေပြန်သည်။

'ပုစွန်တွေ၊ ငါးတွေ ...ကုန်ကြွေးကျလာတယ် အစ်ကိုရဲ့၊ ကိုယ်ရောင်းရတာလဲကြွေးဆိုတော့ ကိုယ်ဝယ်တော့လဲကြွေးပဲဝေ၊ ဆီ၊ ဆန်၊ ရေတာ၊ ကြက်သွန် အကုန်ကြွေး၊ ကြွေးပဲ'

www.burmeseclassic.com

သူမသည် ပြောရင်း ရယ်မောနေဆဲ။ သမီးကလေးရဲ့ပုခက်ကို တစ်ချက်လှမ်းကြည့်ကာ သမီးကလေးကလဲ ခုထိမနိုးသေးဘူး၊ နို့တွေ သက်လာပြန်ပြီအစ်ကိုရယ်၊ ဆိုကာ အိမ်ပေါက်ဝကဲလားအောက် ပြေးဆင်းကာ နို့တွေကို မြေကြီးပေါ်သို့ ညှစ်ချနေပြန်သည်။

ကျွန်မနို့လည်း သမီးကလေးစို့ရတယ်လို့ကိုမရှိဘူး၊ သမီးကလေး နို့ဆာချိန်ကျ ဈေးသွားရောင်းနေရ၊ ဈေးရောင်းကပြန်လာတော့ သမီးကလေးက နို့ဆာလို့ငိုပြီး မောလို့ အိပ်ပျော်နေပြီ။ သူမသည် ဆို့ဆို့နစ်နစ် ပြောလိုက်ပေသည်။ ကျွန်တော်သည် စောစောကသီချင်း ဆိုတာကို သတိရလိုက်မိသည်။ ခုနေ သီချင်းဆိုရမည်ဆိုလျှင် ကျွန်တော် ဆိုဝံ့မည်မဟုတ်ပါ။ ကျွန်တော်သည် မေ့မူး ရီဝေသွားစေရန် အတွက် အရက်သောက်ချင်လာသည်။ သို့သော် ကျွန်တော်သည် ထိုအချိန်၌ အရက်သောက်နိုင်သူမဟုတ်ပါ။ ထိုအခါ ကျွန်တော်သည် နေ့ဘ်လု ချထားခဲ့သော ဆေးလိပ်ကို ကောက်ပြီး ဖွာလိုက်မိသည်။ ဆေးလိပ်မီးခိုးငွေ့တွေက တထောင်းထောင်းလွင့်မျော ထွက်သွားနေသည်။

မီးသည် ဆေးလိပ်တစ်ခုတည်းကိုသာ လောင်ကျွမ်းနေသည်ဟု ကျွန်တော်မထင်ပါ။

**မိုးဝေမဂ္ဂဇင်းတွင် ၁၉၈၄ ခု နှအောက်တိုဘာလတွင်**
**ပုံနှိပ်ပြီးဖြစ်သည်။**

www.burmeseclassic.com

## နှင်းငွေ့ဝေမှုန်ရင်ခုန်ခဲ့ရ ငါ့ဘဝ၌ ညပေါင်းများစွာ

ဒီဇင်ဘာဟု
ယေရှုသခင်၊ မီးသန့်စင်ချိန်
မိခင်၏သား၊ ဟောကြားမေ့မ
တေးလှပခဲ့၊ ယစ်မြဲချိုနွေး၊ မွှေးသက်ရှုနှင့်
မျက်စမှိတ်လင်း၊ ထင်းရှူးမီးပင်
ကြယ်ပွင့်ရှင်မျက်၊ လက်ဆောင်ဆင်လဲ
ခံ့မင်ချစ်မွေ့၊ အိမ်သားစေ့င
တွေ့ဆုံကြမြဲ၊ အိမ်ပြန်ပွဲ၌
ကြေကွဲဖုံးဝှက်၊ ငါချည်းသက်သက်

ကြည်အေး

\+ + +

နှင်းငွေမှုန်ဝေ....။

'ခရာတော' တဲ့လေ။ နှင်းငွေ့ဝေတဲ့ မနက်ခင်းတွေမှာ ဒီအိုပဲငြိမ်သက်နေတတ်တယ်ထင်ပါရဲ့။ တစ်ခါတလေတော့ မြောက်ပြန်လေ၌ ယိမ်းလှုပ်သွားတဲ့ သစ်ရွက်ချင်း ထိခတ်သံတွေ တိုးတိုးရှဲရှဲ ကြားရပြန်တော့သည်။ အနေနီးသော်လည်း အရောက်အပေါက်နည်းသူမို့ ခရာတောကို သူစိမ်းဆန်ဆန် ကြည့်မိပေသည်။ သစ်ပင်တွေ စိမ်းမြတာ၊ ကောက်ပင်တွေ အိပြိုလဲကျနေတာ၊ ကွမ်းသီးပင်တွေ၊ အုန်းပင်တွေ မှိုင်းညို့တာ တခြားမြစ်ဝကျွန်းပေါ်က ရွာကလေးတွေလိုပါပဲ။ တစ်ခါတလေ ဥသြကလေးတစ်ကောင် တွန်ကျူးလိုက်တာ၊ ချိုးငှက်ကလေးတစ်ကောင် တွန်ကျူးလိုက်တာကို ဆွတ်ပျံ့ဘွယ် ကြားနေရပြန်တော့သည်။ ဘုရားကျောင်းမှ ခမ္မသီးချင်းသံတွေ၊ တုန်ယင်ဆွေးမြည့်သလိုခံစားလိုက်ရတဲ့ ခေါင်းလောင်းသံတွေလည်း တိတ်ဆိတ်ခဲ့လေပြီ။

ဩော်....ကြာလှပြီပဲ မေရယ်။

နှင်းငွေ၊ ဒီဇင်ဘာ၊ ခမ္မသီချင်း အားလုံး သည်ညထဲ၌ လှပနေတော့သည်။

မေ့အသံတွေက ကျွန်တော့နှလုံးအိမ်မှာ တိုးဝင်စီးမျောနေဆဲ၊ အတူနေခွင့်ရတာကလေးတစ်ခုထဲနဲ့တော့ မပြည့်စုံနိုင်သေးဘူး ထင်ပါရဲ့ တဲ့လေ။ ခရစ္စမတ်ညပေါ့။ ညကလေး နှင်းငွေ့တွေဝေဆဲ၊ ကြယ်ပွင့်ကလေးတွေ ဝင်းလက်ဆဲ၊ ဖယောင်းမီးပွင့်တွေ ဖျော့မှိန်လင်းဆဲ၊ နှင်းဆီရနံ့တွေ ထုံဝေဆဲ။ မယ်တော်ရုပ်ထုကို ရီရီဝေဝေငေးမောရင်း မေပြောခဲ့တာလေ။

ကျွန်တော်သည် သည်အကြောင်းတွေ ပြန်ပြောပြတော့ ဒံနီအဲက ရယ်မောနေသည်။ ကျွန်တော်တို့နှစ်ယောက် စကားပြောကြရင်း လျှောက်လာနေကြဆဲပါ။ ကျွန်တော်တို့သည် ခရာတောမှ ပြန်လာခဲ့ကြပြီး ခရေစွမတ်မှာ မေနေတဲ့ရွာကလေးကို ကျွန်တော်နှစ်တိုင်းသွားလည်ဖြစ်ပါသည်။ တစ်ခါတလေ ဒံနီအဲလည်း ပါလာတတ်သည်။ သည်နှစ်လည်း သူ ကျွန်တော်နှင့်အတူ ပါလာသည်။ မနှစ်ကတော့ သူ့မိန်းမမျက်နှာမြင်နေသောကြောင့် ကျွန်တော်နှင့်အတူ မလိုက်နိုင်ခဲ့ပေ။ ဒံနီအဲကလည်း မေတို့ရွာကိုသွားမည်ဆိုလျှင် လိုက်ချင်နေတာပဲ။ တကယ်က မေရယ်၊ ဒံနီအဲရယ်၊ ကျွန်တော်ရယ်က သူငယ်ချင်းတွေ။ အဖေတစ်ခါတလေဆိုတဲ့ သီချင်းထဲက 'ကျောင်းသားအရွယ် သူငယ်ချင်းသုံးယောက်ရှိလေသည်' ဆိုတာလိုပေါ့။ ကျွန်တော်တို့က ကျောင်းနေဖက် သူငယ်ချင်းတွေ။ မြရာမြို့ကလေးက အာရ်စီအမ်ကျောင်းမှာ ကျွန်တော်တို့တွေ နှစ်တော်တော်ကြာ နေခဲ့ကြဖူးတာကို။ ဒါပေမယ့် ခုတော့လည်း ကျွန်တော်တို့သည် ကျောင်းသားတွေ မဟုတ်တော့သလို ကျောင်းသားအရွယ်တွေလည်း မဟုတ်ကြတော့ပြီ။

ဒံနီအဲကတော့ မြစ်ရေတွေ ဘယ်နှစ်ခါစီးသွားပြီလဲမှ မသိတာဆိုပြီး ကျောင်းနေ့ရက်တွေကို တသတတ်သေးသည်။

ကျွန်တော်တို့သည် တရွေ့ရွေ့လျှောက်လာနေဆဲ။ ခရာတောသည်လည်း ဝေဝေမှုန်မှုန်ကျန်ရစ်နေဆဲ။ ခရာတောကို ဖြတ်ပြီးစီးလာသည့် ချောင်းကလေးသို့ ရောက်ပေပြီ။ ပြေပြေညင်ညင်စီးတတ်သည့် ခရာချောင်းရေကလည်း ခနိုဖောင်တွေ၊ ဗုံလုံသီးတွေကို သယ်ဆောင်ပြီး ရွှေးမြစ်ထဲစီးဝင်သွားပေရဲ့။

www.burmeseclassic.com

တစ်ခေါ်လောက်လျှောက်အပြီး 'လတာချောင်းရွာ'အဖျား ဒံနီအဲတို့ ခြံသို့ရောက်ပေတော့မည်။ နှင်းငွေ့တွေက သူ၏ခြံကို ဖြူဖြူစိုစို အုပ်ဝေနေဆဲ။ မနက်အလင်းသည် အားမကောင်းသေး။ ကျွန်တော်တို့ ခြံထဲသို့ဝင်လိုက်စ ဒံနီအဲ၏ သားတွေ၊ သမီးတွေ အော်ဟစ်နှုတ် ဆက်သည်မှာ ဆူညံသွားတော့သည်။ ကျွန်တော့်မျက်နှာ မှိုင်းဝေနေလို့ လားမသိ။ ဒံနီအဲရဲ့မိန်းမ နန်းစောက "ဒီနှစ်လည်း မနီးပြန်တော့ဘူးတူတယ်" လို့ပြောနေဆဲ။ ခါးထစ်ခွင်ထားတဲ့ကလေး က နို့ကို အတင်းငုံ့စို့နေတော့သည်။ ဒံနီအဲက "မနီးဝေး မနီး" ဆိုပြီးရယ်မောလိုက်သည်မှာ ကျွန်တော့်ကို လှုပ်ရှားသွားစေသည်။

"ပြန်တော့မယ်ကွာ"လို့ ကျွန်တော် ပြောနေမိသည်။ အိမ်ထဲဝင် ပါဦးလားဟု နန်းစောက ဖိတ်သည်။ ဒံနီအဲက "ငါလဲ ရွာထဲလိုက် ဦးမယ်" ဆိုကာ ကျွန်တော်တို့နှစ်ယောက် ဆက်လျှောက်ဖြစ်ကြပြန် သည်။ အုန်းပင်များ၊ ကွမ်းသီးပင်များဖြင့် စိမ်းမှိုင်းအုပ်ဝေနေသော သူ၏ဥယျာဉ်ထဲမှထွက်လိုက်သောအခါ အေးစက်သော ဆောင်းလေကို ထိတွေ့ရပြန်သည်။ ဒံနီအဲက"အေဒင်ဥယျာဉ်တော့မဟုတ်ဘူး၊ ကွမ်းသီး ခြံထဲကအလွမ်းပေါ့ဝေး"ဆိုပြီး ဆက်ရယ်မောနေပြန်သည်။ ရယ်သံတွေ က တစ်မျှော်တစ်ခေါ် စီးမျောသွားနေလျှက်။ ကျွန်သည် ဒံနီအဲ သည်လောက် ရယ်မောနေသည်ကို အံ့ဩနေမိသည်။ ကျွန်တော်တို့ ကြွေသိလာရတာတွေက ရယ်မောစရာတွေမဟုတ်။ သို့သော် ကျွန်တော် တွေးနေမိဆဲ။

ဒံနီအဲက မရယ်တော့ပဲ "မင်းရဲ့မေကို အပြစ်မတင်ပါနဲ့ကွာ၊ မိန်းကလေးပဲ ဒီလောက်တော့စဉ်းစားမှာပေါ့"လို့ ကျွန်တော့် နှစ်သိမ့်

www.burmeseclassic.com


နေပြန်သည်။ ထို့နောက် "နက်ဖြန်တွေ အများကြီးကျန်သေးတာပဲဝေး" ဆိုကာ နှင်းမှုန်တွေထဲ မရဲတရဲတိုးဝင်လာသည့် နေလုံးကြီးရှိရာ အရှေ့ဘက် တောတန်းဆီ ငေးနေပြန်တော့သည်။ ချိုးငှက်ကလေး၏ ကူသံကို ဟိုတောစပ် မအူပင်ကြီးဆီမှ ကြားလိုက်ရပေသည်။

"မင်း ရွာထဲလိုက်ဦးမလားဝေး"

ဒံနီအဲကမေးနေသည်။ ရီဝေသောသူ့မျက်လုံးတွေနှင့်ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ငြိမ်သက်သွားတော့သည်။ ကျွန်တော် သူ့အမေးကို ဟော့အေးလို့ ပြန်ဖြေလိုက်မိသည်။ လူတွေသူတွေ ငြီးစီလှုပ်ရှားမယ့် နေရာတွေသို့ ကျွန်တော် မသွားချင်။ ငြိမ်းချမ်း ငြိမ်သက်နေချင်မိပေရဲ့။ သို့သော် ကျွန်တော်သည် အိမ်သို့လည်း မပြန်ချင်သေးပေ။ ရင်ထဲမှာ လပ်ဟာနေသလိုလား၊ မွန်းကြပ်ပြည့်သိပ်နေတာလား ကျွန်တော် ခွဲခြားလို့မရတတ်။ ဒံနီအဲနှင့် စကားပြောရတာတော့ နှစ်သက်သာယာမိသလို။ သို့သော် သူက ရယ်စရာမဟုတ်တာတွေမှာ ရယ်နေပြန်ရော။ ကျွန်တော့အဖို့ ရယ်သံတွေက နားထောင်လို့ မကောင်း။

မေလည်း ဒံနီအဲလို ရယ်မောပြောဆိုတတ်သူပေပဲ။ မေ့ရယ်မောသံတွေ အဆက်မပြတ်ကြားရတော့ တစ်ရွက်ချင်းဝေ့ဝဲကြွေကျနေတဲ့ သစ်ရွက်တွေကို သွားပြီးသတိရနေမိသည်။ "ရယ်မောတာဟာ အသက်ရှည်ပါတယ်ဟယ်"လို့ မေကပြောတတ်ပေသေးသည်။ ဘဝကို ရယ်ရယ်မောမောနှင့် နေထိုင်သူများပေတကား။

ကျွန်တော် မေ့ကို တွေးနေမိဆဲ။ နှင်းငွေ့တွေပါးလျားနေတာ သတိထားမိသည်။

www.burmeseclassic.com


အိမ်ပြန်ချင်စိတ်က ကျွန်တော့်ရင်ထဲဖြစ်တည်မလာသေး။ ငြိမ်းချမ်း ဆိတ်ငြိမ်တဲ့အရပ်တွေဆီ လျှောက်သွားနေချင်တာပါပဲ။ လယ်သာပြီးပြီးဆိုလျှင် ကျွန်တော် အိမ်သို့ ပြန်တော့မည်မဟုတ်။ တစ်ကွင်းပြီးတစ်ကွင်း၊ တစ်တဲပြီးတစ်တဲ ကျွန်တော်လျှောက်သွားနေမိတော့မှာပဲ။ ခုတော့ လယ်ကမပြီးသေး။ ပြီးတော့ ကျွန်တော်က စာရင်းငှား။ တချို့စပါးပင်တွေကလည်း ရင့်မှည့်ကုန်ကြပြီ။ တချို့လယ်တွေဆို ရိတ်တောင်ပြီးကုန်ကြပြီ။

အသိတွေက ကျွန်တော့်ကို တုန့်ဆွဲထားသည်။ အိမ်ပြန်လျှင် အဖေက အရက်တွေ မူးဝေနေလျက်။ သူ၏ ပန်းမြိုင်လယ်သီချင်းကို ကြေကြေကွဲကွဲ ဆိုနေတာကြားရပေဦးမည်။ ကျွန်တော်ပြန်လာတာ မြင်လျှင် ပြေကျနေသော သူ၏သျှောင်ကို ပြန်ထုံးရင်း မင်းမိန်းကလေးက ငြင်းလိုက်ပြန်ပြီ မဟုတ်လားဟု မေးကာ ကျွန်တော့်အဖြေကို မစောင့်ပဲလျက် "တယ် သတ္တိနည်းတဲ့ မိန်းကလေးကိုကွယ်"ဟု သူ့ဘာသာပြောပြီး ငြိမ်သွားပေလိမ့်မည်။ ထို့နောက် အဖေသည် ဘာစကားမှမပြောတော့ပဲ သမ္မာကျမ်းစာကို ဖတ်ချင်ဖတ်နေမည်။ မျက်လုံးတွေ သီဝေမိုက်မူးလာလျှင် သူ့သူငယ်ချင်း မာဒေါနန်းတို့ တဲဘက်သို့ ထွက်သွားပေလိမ့်မည်။ ထိုအခါ ကျွန်တော်သည် မဆုံးနိုင်သော အတွေးတွေဖြင့် သက်ပြင်းတစ်ချက် ညည်းရှိုက်ကာ ကျွန်တော်ချစ်သောမေ့ကို သတိရနေပေဦးမည်။

ဒံနီအဲ၏ခြံနှင့် တစ်စတစ်စဝေးလာနေဆဲ၊ ရွှေးမြစ်ကိုတွေ့ရပေသည်။ ရွှေးမြစ်သည်လည်း နှင်းမှုန်တွေအောက်မှာ အေးစက်စက် စီးဆင်းနေပေရဲ့။ ရွှေးမြစ်ထဲမှ လွင့်ပျံ့လာသောသီချင်းအပိုင်းအစတွေကို

www.burmeseclassic.com


ကြားလာ နေရသည်။ တချို့က စိုင်းထီးဆိုင်လို ကြေကွဲ ဆို့နစ်နေသည်။ ယမ့်နာကို လွမ်းလွမ်းဆွတ်ဆွတ် သီဆိုနေသူတစ်ဦးကတော့ လူငယ် တစ်ဦးဟုတ်ဟန်မတူ။ ဒံနီအဲကတော့ တယ်လွမ်းနေကြပါလားဆိုပြီး ရယ်မောလိုက်ပြန်သည်။ တစ်စင်းစနှစ်စင်းစ ပိုက်လေ့တွေက ပိုက်ပစ်နေဆဲ။ ရေကရေဦးလည်စ။

ဩော်....နှင်းပွင့်၊ ဆိုင်းထီးဆိုင်၊ ငါးသလောက်ပိုက်လေ့နှင့် ရွှေးမြစ်အပိုင်းအစပေတကား။

ကျွန်တော်က ဒံနီအဲကို "အိမ်ကိုလိုက်ဦးမလား"ဟု မေးမိသည်။ သူက မလိုက်ဟု ဖြေသည်။ ကိုခင်ဝို့စာအုပ်တွေအငှားဆိုင်မှာ မဂ္ဂဇင်းအသစ်တွေ ရောက်နေပြီတဲ့။ သွားငှားမည် ပြောနေသည်။ ကျွန်တော့်မှာလည်း စိတ်တွေတွေဝေကာ ဆောက်တည်ရာမရောက် တော့သလို ဒံနီအဲကို အိမ်သို့လိုက်စေချင်နေပြန်သည်။ အို....အိမ် ရောက်လျှင် အဖေနှင့် ဒံနီအဲတို့ ရယ်စရာမောစရာတွေ ပြောကြဦး မှာပါလား။

အဖေနှင့်ဒံနီအဲက အရွယ်ချင်း ကွာဟကြသော်လည်း သူငယ် ချင်းတွေလို။ ဒံနီအဲ အဖေ့နာမည်မှာ မန်းလို့ပင်ထည့်မခေါ်။ တချို့ ရွယ်တူချင်းတွေကမှ မန်းပန်းလို့ခေါ်သေးသည်။ ဒံနီအဲကတော့ ပန်းမြိုင်လယ်ဟုပင် ခေါ်သည်။

အိမ်သို့ ရောက်လို့ အဖေ့ပါးစပ်မှ အရက်နံ့ရလျှင် သူက ပန်းမြိုင်လယ် သာနယ်ဗွေ....မျှော်လေ့တိုင်း၊ ပြာရီဆိုင်း၊ ရီမှိုင်းမှုန်ဝေ၊ ဆိုပြီး စနောက်နေတတ်ပေသည်။ အဖေက ဒံနီအဲ စနောက်တာကို "ဟော့ကောင် ငါမမူးပါဘူးကွ" ဟု ပြန်လည်ချေပနေပြန်သည်။

www.burmeseclassic.com


တအောင့်အကြာတွင် ဒံနီအဲက မစမနောက်တော့ပဲ ရုတ်ချည်း ငြိမ်သွားပြန်သည်။ ဒံနီအဲက အဖေ့ဝေဒနာကို နားလည်သူတစ်ယောက် လို "ကွဲနေတဲ့ မှန်စတွေပေါ့ဝေး" လို့ ကျွန်တော့်ကို တိုးတိုးပြောပေ သည်။ ကျွန်တော်က သူ့စကားကို နားလည်လိုက်သလိုလို။ ထို့နောက် ကျွန်တော်တို့တတွေမှာ စကားမဲ့နေကြပြန်တော့သည်။

နှင်းတွေက တစ်စတစ်စ လျော့ပါးပျောက်ကွယ်လာစ။ အပြာရောင်ကောင်းကင်သည် ကြည်စင်လာနေဆဲ။ နှင်းစက်တွေ ပေကျံနေတဲ့ သစ်ရွက်တွေကတော့ နေရောင်အေးအေးအောက်မှာ စိန်ပွင့်တွေလို တဖျပ်ဖျပ်။ ကောက်ပြတ်စ လယ်ကွင်းတွေထဲ၌ နွားကျောင်းသားကလေးတစ်ယောက် ပုဆိုးခြုံပြီး နွားကျောင်းနေသည်။ စိမ်းမှိုင်းသောတောတန်းသည် အရောင်တွေ ဖျော့လာနေသည်။

လယ်ကွင်းတော်တော်များများကို ဖြတ်သန်းပြီးသောအခါ ဒံနီအဲ၏ဥယျာဉ်သည် ဝေးလံရာအရပ်တစ်နေရာတွင် အုံ့အုံ့ပျပျ ကျန်ရစ်နေသည်။ ကွင်းရိုးအတိုင်း လျှောက်လာနေဆဲ။ ခနိုတောကိုလွန် သောအခါ ရွှေးမြစ်ထဲသို့ စီးဝင်ဝင်နေသော လတာချောင်း၏အစပ် ရှိ ကျွန်တော်တို့အိမ်ကလေးကို တွေ့လိုက်ရသည်။

အိမ်ကလေးကို ခနိုပင်တွေက ဝိုင်းကာထားသည်။ ခနိုတော တွင် ထီးထီးရပ်နေသော ကျီးပင်က ကျွန်တော်တို့အိမ်ကလေးကို အုပ်မိုးထားသလို။ ကျီးပွင့်တွေကြွေလျှင် ကျွန်တော်တို့အိမ်အမိုးသည် ကျီးပွင့်ကြွေတွေနှင့် ရဲရဲလှုပ်နေတတ်သည်။ ဒံနီအဲသည် အိမ်သို့ ရောက်လာသောအခါတိုင်း "ဩော်....ပန်းမြိုင်လယ်၊ ပန်မြိုင်လယ်၊ အသက်လဲ ကြီးလှပြီ၊ ခုထက်ထိ ကိုယ်ပိုင်မြေ တစ်နေရာစာမရှိသေး ဘူး"ဟု နောက်ပြောင်ရယ်မောနေတတ်ပြန်သည်။ ထိုအခါ အဖေသည်

www.burmeseclassic.com

ဒံနီအဲလိုပင် နောက်ပြောင်ရယ်မောကာ "ဟော့ကောင်၊ လူတစ်ကိုယ် မြေဘယ်လောက်လိုသလဲကွ"လို့ ပြေနေတတ်ပြန်သည်။

တစ်ညတလေတွင် ဒံနီအဲသည် ကျွန်တော်တို့ အိမ်တွင် ညအိပ်သွားတတ်ပြန်ပေသည်။ ထိုအခါမျိုး၌ ဒံနီအဲသည် တရားနာ ပရိသတ်တစ်ဦး ဖြစ်နေပြန်တော့သည်။ အဖေသည် ထွေပြားဆန်း ကြယ်ခြင်းမရှိသော သူ့ဘဝဖြစ်စဉ်ကို ပြန်ပြောနေတတ်ပေသည်။ ပန်းမြိုင်လယ်သီချင်းအဆိုကောင်း၍ သူ့နာမည်ရင်းပျောက်ပြီး ပန်းမြိုင် လယ်အမည်တွင်နေပုံကအစ ဂျပန်ခေတ်တွင် ခနိုဖောင်ကို ဆားချက် တာတွေအဆုံးပါသည်။ ဒံနီအဲက အသက်ဘယ်လောက်ရှိပြီလဲဟု မေးသောအခါ ခုနစ်ဆယ်လို့ ငုံးတိတိဖြေပြီးအဆုံးတွင် သေဖို့နီးပြီဝေး လို့ပြောကာ ဘုရားစင်ပေါ်ရှိ သခင်ယေရှု ရွှေနှလုံးတော်ရုပ်ပုံကို ခပ်ဝေဝေမှုန်မှုန် ငေးနေပြန်သည်။

ဩော်....ပန်းမြိုင်လယ်ပုံပြင်များပေတကား....။

ရှင်ခုနစ်ခဲ့ရာ....။

အချစ်ဦးကို

ယစ်မူးလွမ်းတ၊ တွေ့ရလို၍

စကားမွှေးပွင့်၊ နေခြည်လင့်သော

နှင်းသင့်နံနက်၊ နတ်တော်ရက်မှာ

သိုးရက်ပတ်ထွေး၊ လက်ဖျားအေးစက်

အတွေးငုံ့ငုံ့၊ ခေါင်းစိုက်ငုံ့၍....။

ကြည်အေး။

နှင်းဆီရနံ့သည် ဆွတ်ကျင်ဖွယ် မွှေးမြနေပြန်တော့သည်။

www.burmeseclassic.com


နန်းငြိမ်းမေသည် ခေါင်းစည်းအနက်ကို စည်းပေါင်းထားလျက် နှင်းဆီပန်းတွေပွေ့ပိုက်ကာ ဘုရားကျောင်းထဲသို့ ဝင်လာနေသည်။ နှင်းမှုန်တွေက ဘုရားကျောင်းအပြင်ဖက်တွင် ကျန်ရစ်ကျဆင်းနေဆဲ။ နန်းငြိမ်းမေသည် တရားပလ္လင်သို့ ရောက်သောအခါ ပန်းမရှိသော ကျွန်ချောင်ရေအိုးထဲတွင် နှင်းဆီပွင့်တွေကို စိုက်ထိုးလိုက်ပေသည်။ ထို့နောက် သူမသည် စစ်စတာနှင့်အတူ မယ်တော်ရုပ်ထုရှေ့တွင် ဒူးထောက် ဆုတောင်းနေတော့သည်။ ဘရာသာ၏စန္ဒယားသံသည် တိုးတိုးညင်ညင်သာ။ ဘရာသာက မက်မောရာရေ ဓမ္မသီချင်းတေးသွားကို တီးစမ်းလျှက်ရှိသည်။ ကျောင်းသားကျောင်းသူတွေက စောနေသေး၍လားမသိ၊ မစုံကြသေး။ သည်တနင်္ဂနွေတွင် ကျွန်တော်တို့အဖွဲ့နှင့် နန်းငြိမ်မေတို့အဖွဲ့က ဓမ္မသီချင်းကို ဦးဆောင်သီဆိုရပေမည်။ နန်းငြိမ်းမေသည် ဒူးထောက်ရာမှ ပြန်ထလာကာ စန္ဒရားဘေးတွင် လာရပ်သည်။ ဘရာသာက နင်တို့အဖွဲ့တွေ မလာသေးပါလား မေးသောအခါ “စောပါသေးတယ် ဘရာသာ”ဟု ပြန်ဖြေနေသည်။ ကျွန်တော်က သူမရဲ့အသံတွေတုန်ယင်နေတာ သတိထားလိုက်သည်။ ကျွန်တော်တို့ရှိလို့ ထင်ပါရဲ့။ ကျွန်တော် သူမကိုကြည့်မိသောအခါ အကြည့်ချင်းဆုံသွားကြပြီး သူမသည် ခေါင်းငုံ့ထားနေလိုက်မိသည်။ ကျွန်တော်က လှပတဲ့ပန်းကလေးတစ်ပွင့် ညှိုးငိုက်နေတာမြင်ရသလို ခံစားမိသည်။ ကျွန်တော် သူမကို ရီးစားစာ ပေးထားမိတာကို။ ရီဝေတဲ့မျက်လုံးနှင့် ဖျော့ဖျော့နွမ်းနွမ်းကြည့်တဲ့ သူမကို ကျွန်တော် သနားနေမိသည်။ ညှိုးငယ်လိုက်တာနော်။ ဘာဖြစ်လို့လဲမသိဘူး။ လူတွေဟာ ဒီလိုပဲလား။ ကျွန်တော်တွေးမိပေသည်။

သနားစရာလို့ ပြောမိတော့ ဒံနီအဲက ရယ်မောလိုက်ပေသည်။

www.burmeseclassic.com


ဒံနီအဲကတော့ အရာရာကို ရယ်စရာရယ်လို့ ထင်နေရော့သလား။ မင်းအဖေသာသိရင် ဘယ်လိုပြောမယ်ထင်သလဲလို့လည်း ကျွန်တော်မေးနေသည်။ မင်းအဖေ ပန်းမြိုင်လယ်ကလည်း ရယ်မှာပဲတဲ့။

ဒါပေမယ့် ဒံနီအဲက ကျွန်တော့်ကို အားပေးနေသည်။ ရည်းစားစာ ရေးတာတောင် သူကရေးပေးတာ ကျွန်တော့်ကို မင်း ငြိမ်းမေကို ဘယ်လိုခေါ်မလဲလို့မေးတော့ မေလို့ပဲခေါ်တာပေါ့ကွာဆိုတော့ စာရွက်ထောင့်က ပထမစာကြောင်းမှာ ဒံနီအဲက မေလို့ပဲ ရေးလိုက်ပေသည်။

ထို့နောက် သူသည် ဖတ်ဖူးသောဝတ္ထုစာအုပ်တွေထဲက ဝါကျအချို့ကို ငှားယူကာ တညာမှာ အလွှာငယ် တစ်ဆယ်မကတဲ့၊ စိန်ပန်းရွက်နယ်ဘဝမျိုးလဲ ရှိပါတယ်မေရယ်....။ ပြီးတော့ တစ်ညာမှာ နှစ်လွှာပေါင်းမှ တစ်ရွက်မည်တဲ့ စွယ်တော်ရွက်နယ်ဘဝမျိုးလဲရှိပါတယ်ကွယ်။ မေနဲ့ မောင်ဘဝကလဲလေ....

ကျွန်တော်က သူ့စာကိုဖတ်ပြီး ရင်ခုန်မိပြန်တော့သည်။

ဩော်....ဒီတုန်းကလည်း နှင်းတွေဝေမှုန်နေလျက်ပေတာကား၊

\+ \+ \+

ငါ့ဘဝ၌....။
လရောင်ကြိုးကြွ
ညဝက်ပါ၊ မိုးမှိုင်းပြာဝယ်
မြကြယ်ပြိုးပြက်၊ ကြွေသက်လျှောကျ။
ဘဝအသချေ၊ ကုဋေကုဋာ
စကြဝဠာ၊ ဖြစ်ရာပျက်ရာ
ငါ၏ဘဝ၊ သဲမှုန့်တစ်စ
ဘာမျှမရှိ၊ လက်သည့်စုန်းပိုး....။

ဒဂုန်တာရာ

www.burmeseclassic.com


အချိန်တန်တော့ အိမ်ပြန်ရတော့မှာပေါ့ကွာ။

ကျွန်တော်သည် တိုးတိုးယဲ့ယဲ့ပြောလိုက်မိပေသည်။ ဒံနီအဲကလည်း ကျွန်တော့်အတွက် ထိခိုက်ခံစားနေရပေလိမ့်မည်။ ကျွန်တော်တို့သည် ဘာမျှဆက်မပြောဖြစ်တော့။ ကျောင်းဝိုင်းကြီးသည် ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေတော့သည်။ ဘုရားကျောင်းသည်လည်း ဆည်းဆာအလင်း၌ ငေးငေးငူငူထိုင်နေသလို။ ရိုးတံကျဲသော နွေသစ်ပင်တို့သည်လည်း တိတ်ဆိတ်မှေးငိုက်နေကြသည်။ သစ်ရွက်ကြွေတွေက လေထဲတွင် လွင့်မျောနေကြသည်။

ကျွန်တော်သည် ဒုက္ခဝေဒနာ၏ အမှတ်အသားဖြစ်သော လက်ဝါးကပ်တိုင်ကို လှမ်းကြည့်နေမိသည်။ မြရာတောတန်းကလေးသည် အောက်သို့ ငုပ်ဆင်းသွားနေလျက်။ ကျွန်တော်တို့သည် နိမ့်ပြေပြေ မြေနီလမ်းကလေးအတိုင်း လျှောက်နေကြဆဲ။

"မင်း ငြိမ်းမေကို အသိပေးဖို့ကောင်းတယ်"

ဒံနီအဲက တွေးတွေးဆဆ ပြောနေသည်။

မေကတော့ စိတ်မကောင်းရုံအပြင် ဘာတတ်နိုင်မှာလဲ။

ကျွန်တော့် အသံတိုးတိမ်နေပြီထင်သည်။ ဖာသာ့ကို သွားရောက်နှုတ်ဆက်စဉ် ကျွန်တော်လည်း ဖာသာ့လက်ကို ငုံ့နမ်းနှုတ်ဆက်ပြီးစ "မိဘကို အကူအညီပေးဟာ ဘုရားသခင် ကောင်းချီးပေးမှာပါကွယ်" လို့ဖာသာပြောနေတာတွေကို သတိရလာနေသည်။ ထို့နောက် ဖာသာကပင်ဆက်ပြီး "ရွာပြန်ရောက်ရင် မင်းဘာလုပ်မယ် စိတ်ကူးသလဲ" ဆက်မေးတော့ ဘာလုပ်ရမယ်ဆိုတာခဏတွေးနေပြီး နောက်ဆုံး ဖြစ်နိုင်တယ်ထင်လို့ "အဖေ့လိုပဲ စာရင်းငှားလုပ်ရမှာပေါ့" ဟု ကျွန်တော်ဖြေလိုက်မိသည်။

www.burmeseclassic.com

ဖာသာက မိနစ်တွေ အတော်ကုန်ဆုံးနေသည်အထိ တိတ်ဆိတ်နေပြန်သည်။ ကျွန်တော်သည် သည်လို တိတ်ဆိတ်နေရသည်ကို ရုတ်တရက် ကြောက်ရွံ့လာနေမိပြန်သည်။ ထိုအခါ အတိတ်က အရုပ်တွေ၊ အရိပ်တွေ၊ အသံတွေကို တွေးနေမိပြန်သည်။ ဘော်ဒါသို့ လိုက်ပို့မည်လို့ စီစဉ်စ အဖေ့ကို ကျွန်တော်ငြင်းမိပေသည်။ "ဟော့ကောင် နွားတောင်မှ ကျောင်းရတာကွ" ဆိုပြီး အဖေပန်းမြိုင့်လယ်က ကျောင်းတက်ဖို့တိုက်တွန်းသံတွေ၊ ဖာသာ၏အထောက်အပံ့ဖြင့် ကျောင်းတက်ရစ၊ အဖေက ကျောင်းပို့ပြီးရွာအပြန် တစ်ယောက်တည်း နေရစ်ရတာ အားငယ်ပြီး ကျွန်တော် ငိုတာတွေ။ ဖာသာနှင့် ဘရာသာက ရယ်မောနှစ်သိမ့်နေဆဲ။ ကျွန်တော်က မငိုဘဲလျက် မြေနီလမ်းပေါ်မှ တစ်ရွေ့ရွေ့ လျှောက်သွားနေတဲ့ အဖေ့ကိုကြည့်ပြီး မျက်ရည် တွေတွေကျခဲ့ရတာတွေ။ သြော်...ကြာတော့လည်း ကြာခဲ့ပေပြီ။

ဖာသာက "နက်ဖြန် သဘော်ရှိတယ်နော်"ဟု ဆိုကာ ကျွန်တော့်ကို မော်တော်ခ ထုတ်ပေးမနေသည်။

ကျွန်တော့် တကယ်ပြန်ရတော့မှာလား။

ကျွန်တော်သည် ရဟန်းတော်များကျောင်းပေါ်မှ နေးကွေး လေးလံစွာ ဆင်းလာခဲ့မိသည်။

မြရာပင်တန်းကလေးတွေဆုံးအသွား ဘုရားကျောင်းသို့ရောက်သော် ဒံနီအဲရော ကျွန်တော်ပါ အုတ်လှေကားတွင် ထိုင်လိုက်မိကြသည်။ ဒံနီအဲက ကျွန်တော်ကျောင်းထွက်ရတော့မှာကို မေ့အားအသိပေးဖို့ ကျွန်တော့်ကို ထပ်မံတိုက်တွန်းနေပြန်သည်။ အေးပေါ့လေ၊ ပြောရမှာပေါ့၊ မေက ကျွန်တော့်ဘဝနှင့်အနီးစပ်ဆုံးလူကိုး။

www.burmeseclassic.com



ထိုင်နေကြရင်း ဘာစကားမှ မပြောမိကြပဲလျက် အဖေပေးသော စာထဲက စကားလုံးတွေက ကျွန်တော့်ရင်ထဲ တိုးဝင်လာပြန်သည်။ အမေနေမကောင်းဘာတွေ၊ အမေ့ကိုကြည့်နေရ၍ လယ်ထဲမဆင်းနိုင်တာတွေ၊ မင်းကျောင်းကသာ အပြီးပြန်လာခဲ့ပါ။ ဖာသာ့ဆီကိုလည်း အကျိုးအကြောင်းလျှောက်ထားတဲ့ စာတစ်စောင်ရေးလိုက်ပြီးပြီ။ ဘာတတ်နိုင်ကြမှာလဲကွယ်။

ဘာတတ်နိုင်ကြမှာလည်းကွယ်ဆိုပါလား။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။မေကလည်း ဘာတတ်နိုင်ဦးမှာလဲ။

တစ်ခါတလေ ဒံနီအဲပြောသလိုပေါ့။ သူဘော်ဒါဆောင်ကနေ အပြင်ခိုးထွက်၊ လိုချင်တဲ့စာအုပ်တွေလိုက်ငှား၊ ဘော်ဒါဆောင်ရောက်တော့ ကျောင်းစာတွေမဖတ်ပဲ အပြင်စာအုပ်တွေခိုးဖတ်၊ ဘရာသာမီ တော့ဒဏ်ပေးခံရတော့ သူသည် ကျွန်တော့်နားကပ်ခါ "ဗန်မော်တင်အောင်ရေးသလို ကျွန်တော်ကရော ဘာများ တတ်နိုင်ဦးမည်နည်းပေါ့ကွာ မဟုတ်လား" ဆိုပြီး ရယ်မောနေပြန်သည်။

သူရယ်မည်ဆိုလည်း ရယ်စရာ၊ ဟုတ်တော့လည်း ဟုတ်ပေသည်။

ကျွန်တော်ကကော ဘာများတတ်နိုင်ဦးမည်နည်း။
ညပေါင်းများစွာ....။
မောင်နှင့်မေတို့
မြူခြေအုံ့မှေး၊ ဖြတ်လမ်းဘေးဝယ်
သေးသေးကပ်မြှောင်၊ ဆူးရစ်နှောင်ကို
မရှောင်နင်းလျှက်၊ တိုးကာထွက်ခဲ့

www.burmeseclassic.com


မိုးယှက်ဆီးကွယ်၊ ခရမ်းနွယ်ကို
မဖယ်ငုံ့၍၊ တိုးကာရှေ့ခဲ့
ထိုကွေ့ရောက်ကြား၊ ချိုင့်ဝှမ်းများကို
ခုန်သွားဖြတ်ကျော်၊ မေ့ကိုခေါ်ခဲ့
လှမ်းမျှော်ရှေ့မှာ၊ ကြည့်လိုက်ပါဦး....။

ဒဂုန်တာရာ။

တယောင်ဘုန်းမောင်ရွှေကိုယ်သား၊ ဟောဝန်ဖျားမြိုင်သီလာ၊ တောင်ယံတောစွယ်၊ သာမောဖွယ်စေ၊ ယဉ်ရေသွယ်သွယ်ဖျာ၊ ကန်သီတာစီကာသန်း၊ ရွှေကိုယ်သည်ဝယ်၊ ပူနယ်ပန်းအောင် မယ်မောင်ဗျာ ဝှန်ပိုမိုဆိုင်ငုံမှိုင်ယောင်သည်းခေါင်ကြွေလုညာ....။

အိမ်ကလေးနှင့်နီးလာစ အဖေ့သီချင်းသံက ကျွန်တော့်အတွေးတွေကို ဖြတ်တောက်ပစ်လိုက်သည်။ ကြာတော့လည်းကြာခဲ့ပေပြီ။ အတိတ်သည် ကမ်းပါးတစ်ခုသာဆိုလျှင် မြစ်ရေတိုက်စားမှုကြောင့် ပါးလျားပျောက်ကွယ်သွားလောက်ပြီ။ သို့သော် အတိတ်သည် ရံဖန်ရံခါတော့ ကျွန်တော့်နှလုံးအိမ်ထဲ လင်းလင်းသစ်သစ် စီးဝင်လာတတ်ပြန်သည်။ အာရ်စီအမ်ကျောင်းသားဘဝနေ့ရက်များ၊ ဒံနီအဲ၊ မေဘရာသာ၊ စစ်စတာ၊ ခေါင်းလောင်းသံ၊ ဓမ္မသီချင်း၊ စန္ဒရားသံ၊ ငွေလရောင်နှင်းဆီရနံ့၊ ဝတ္ထုစာအုပ်များ၊ ဇန်မော်တင်အောင်၊ ဒဂုန်တာရာ၊ ကြည်အေး၊ ကဗျာ၊ မြရာမြို့၊ နောက်ဆုံး အမေ့ရွာပန အားလုံးသည် ကျန်တော့ ကျန်ရစ်ခဲ့ပေပြီ။

သို့သော် လသာသောညများ၌ စာကြည့်ခန်းအပြင်ဘက် အေးစက်သောအုတ်ခုံပေါ်တွင် ရှုမဝဂ္ဂဇင်းထဲက ကြည်အေးရဲ့ 'မီ'

 www.burmeseclassic.com 

ကို ဖယောင်မီးပွင့်ကလေးရှေ့၌ ခိုးဖတ်ရတာ သတိရမိဆဲ။ ပြီးတော့ နွမ်းလျအိမ်ပြန်။ ကျွန်တော်ကျောင်းထွက်ပြီး အိမ်ပြန်ရတော့ သူငယ်ချင်းအောင်နိုင်ခင် လက်ဆောင်ပေးလိုက်တဲ့ စာအုပ်က နွမ်းလျအိမ်ပြန်။ မောလိုက်တာတဲ့။ အိမ်ပြန်ရောက်တော့ အဖေပန်းမြိုင်လယ်က ကျွန်တော့်စာအုပ်တွေ ဟိုလှန်ဒီလှန်နှင့်။ တစ်အုပ်တလေတော့ ဖတ်ဖြစ်သွားတယ်တူပါရဲ့။ 'ငဘ' ကိုဖတ်တော့ အဖေ ကြေကြေကွဲကွဲ ရယ်မောတာကို ကျွန်တော်သတိထားလိုက်မိသည်။ ဒံ့နီအဲ (၁၀)ဇာန်း ကျလို့ ကျောင်းထွက်လာတော့ အဖေနှင့် ဒံ့နီအဲတို့ အဖွဲ့ကျသွားတော့သည်။

ဒံ့နီအဲနှင့်လမ်းခွဲအပြီး ကျွန်တော်အိမ်ထဲသို့ လှမ်းဝင်လိုက်တော့ အဖေက သူ့သီချင်းကိုရပ်ပစ်လိုက်သည်။ အဖေသည် အရက်ဖြင့်ရီဝေသည့် မျက်လုံးတွေနှင့် လှမ်းကြည့်နေသည်။ ကျွန်တော်သည် မောပန်းလာသူတစ်ယောက်ပို ပုဆိုးကွယ်တွင် မှီထိုင်လိုက်သည်။ အဖေသည် ခေါင်တိုင်ကို မှီထိုင်နေရင်း ဆေးလိပ်ကိုကောက်ဖွာလိုက်သည်။

"ငြိမ်းမေ မင်းကို ဘာပြောလိုက်သလဲ"

အဖေက မေးသည်။

"လာမယ့်နှစ်လောက်မှာ ယူဖို့ ပြောတာပဲ အဖေရယ်"

အဖေသည် ကျွန်တော့်စကားကို ခါတိုင်းလို တုံ့ပြန်မရယ့် မောတော့။

ကျွန်တော် ညကရောက်ခဲ့သော ခရာတောကို သတိရလာသည်။ နှင်းတွေ၊ ဒီဇင်ဘာ၊ ဓမ္မသီချင်း အားလုံးသည် ညထဲ၌ လှပနေ

www.burmeseclassic.com


တော့သည်။ မေတို့အိမ်သို့ ရောက်သောအခါ သန်းခေါင်ပင်ကျော်တော့မည်။ ကျွန်တော်တို့ ရောက်သွားတော့ မေရဲ့အမေက ပြုံးရွှင်ရယ်မောစွာ ကြိုဆိုသည်။ အိမ်ထဲမှာ ဒီဇယ်မီးခွက်က ထိန်ဝေနေလျက်။ ဘုရားစင်ရှိ မယ်တော်ရုပ်တုရှေ့တွင် နှင်းဆီတွေ၊ နှင်းဆီတွေ။ သူမနှင့်တွေ့စကလည်း နှင်းဆီတွေနှင့်ပေတကား။

ထိုညတစ်ညသည် ဓမ္မသီချင်းသံတွေနှင့် ဝင်းလက်တောက်ပနေဆဲ။ နောက်ဆုံး မေနှင့်ကျွန်တော်တို့ စကားတွေပြောဖြစ်ကြသည်။ ကျွန်တော်က မေ့လက်ကလေးကို ဆုပ်ကိုင်ထားမိသည်။ မေက နောက်ဆုံးတော့ "နက်ဖြန်တွေ အများကြီးရှိသေးတာပဲဟယ်"ဆိုပြီး ရယ်နေပြန်တော့သည်။ ကျွန်တော်လည်း အတော်ကြာအောင် ငြိမ်သက်နေမိသည်။ ကျွန်တော် မေ့ကို လက်ထပ်ဖို့ပြောတိုင်း ငြင်းတာကြာခဲ့ပြီ။ ဒါပေမယ့် သူမက ကျွန်တော့်ကို ချစ်တယ်ဆိုတာ ကျွန်တော် အကြွင်းမဲ့ယုံပါသည်။ မေ့ကိုကြည့်မိတော့ မေသည် အပြာရောင်ကောင်းကင်ထဲက ကြယ်ပွင့်ကလေးတွေကို ငေးနေတာတွေ့ရပေသည်။ သူမ ဘာတွေးနေတယ်ဆိုတာကိုတော့ ကျွန်တော်မသိ။ ကျွန်တော်ကတော့ အချစ်ဆိုတာ ခြေဆေးနေတာမျိုးလားလို့ တွေးမိပြန်သည်။ ထမင်းချက်တာမျိုးလား၊ မီးမွှေးတာမျိုးလား တွေးမိပေသည်။ သို့သော် အချစ်သည် ခြေဆေးတာ မဟုတ်သလို ထမင်းချက်တာမျိုးလည်း မဟုတ်ပေ။ ထို့အတူ မီးမွှေးတာလည်း မဟုတ်။ သို့သော် ခြေဆေးဖို့ရေ၊ စားဖို့ထမင်း၊ နွေးထွေးဖို့မီး ဆိုတာတွေ အချစ်ထဲသို့ ရောဝင်စီးဆင်းနေသလို ကျွန်တော်ခံစားလာနေရသည်။

"ငချေး"

အဖေက ကျွန်တော့်ငယ်နာမည်ကို ခေါ်လိုက်ပေသည်။ ကျွန်တော်မထူးမိ။ အဖေ့ကိုသာ ငေးကြည့်နေမိသည်။ အဖေက တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးဆနေပုံရသည်။

"ဒီမယ်ငချေး၊ မင်းတို့အသက်တွေ မငယ်တော့ဘူးကွ" ဆိုပြီး အဖေက စကားကို ရပ်ထားနေသည်။

အဖေက ဆေးလိပ်ကို နောက်ဆုံးတစ်ချက် ဖွာလိုက်သည်။

"အေးဒီတစ်ခါ မင်းကောင်မလေးနဲ့တွေ့ရင် ပြောလိုက်၊ ငါကမှာလိုက်တယ်လို့ သိလား၊ ဒီမှာငချေးရ စောစောယူကော့ စောစောကလေးရတယ်ကွသိလား၊ ပြောလိုက်၊ မင်းကောင်မလေးကို ပြောလိုက်၊ စောစောယူရင် စောစောကလေးရတယ်လို့"

"ဗျာ...."

ကျွန်တော်က အဖေ့ကို အံ့ဩသွားသည်။

"ဟုတ်တယ်၊ စောစောယူတော့ စောစောကလေးရတယ်ကွ၊ ပြီးတော့ သားသမီးဆိုတာ ရတနာတစ်ပါးကွယ့် သိလား၊ ရတနာ တစ်ပါးကွ"

ကျွန်တော်က အဖေ့ကို ငေးကြည့်နေမိဆဲ။ အဖေက စကားပြောရင်း ပြေကျလာသော သူ့သျှောင်ကို ထုံးနေရင်းက "ရတနာဆိုတာ ဘာလုပ်ရမလဲ မင်းသိလား" ဆိုပြီး ကျွန်တော့်ကို မေးနေသည်။ ကျွန်တော် မဖြေမိ။

"မင်းမသိရင်မှတ်ထား၊ ရတနာဆိုတာ ထုခွဲလို့ရတယ်ကွ"

"ဗျာ"

www.burmeseclassic.com

ကျွန်တော် တုန်လှုပ်သွားသည်။

"ဟုတ်တယ်၊ ရတနာဆိုတာ ထုခွဲလို့ရတယ်၊ လိုအပ်တဲ့အခါ ရတနာကို ထုခွဲကြတာပဲ မဟုတ်လား" ဆိုပြီး အဖေကရယ်မောနေပြန်ပေ့ာသည်။

ဩော် ....မေရယ်။

ရှုမဝရုပ်စုံမဂ္ဂဇင်းတွင်
၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ပုံနှိပ်ပြီးဖြစ်သည်။

www.burmeseclassic.com

# နှင်းတွေဝေတုန်းက

(၁)

နှင်းတွေက မှုန်ဝေနေဆဲ။

နှင်းမှုန်တွေဖြင့် လေးသိပ်စူးရှသော ဆောင်းလေးအေးသည် လေးတွဲ့စီးမျှောသွားနေသည်။ နှင်းဆီရနံ့သည် လေအေးထဲ၌ တစ်စ တစ်စ ပျောင်ဝင်နေသည်။ ခရစ်တော်ရုပ်တုရှေ့၌ နှင်းဆီအနီတို့ ဝေဖြာလတ်ဆတ်နေဆဲ။ ယုဇနပင်များ၊ ဇီဇဝါပန်းရုံများ၊ အလေ့ကျ ပင်များ၊ အရွက်စိပ်၍ အခက်စိမ်းမြသော ထင်းရှူးပင်ပေါက် အုပ် ဝေဝေများ အားလုံးသည် နှင်းတွေကြားမှာ ဝိုးတဝါး။

ထို့အတူ ကုန်းကမူထက်ရှိ ဘုရားကျောင်းကလေးသည်လည်း မှုန်ဝေဝေသာ။

ဘုရားကျောင်းမှ ခေါင်းလောင်းသံသည် မနက်နှင်းမှုန်တွေ ကြား၌ အေးစက် သေဆုံးသွားခဲ့ပြီ။ မစ္စားမစ,ခင်။ ခေါင်းလောင်း သံတွေ ဆူဝေလာစ။ အမေသည် ကျွန်တော့်ကို အိပ်ရာမှနှိုးနေသည်။

ကျွန်တော်တို့အိမ် မိသားစုထဲတွင် အမေသည် ဘာသာတရားအကိုင်းရှိုင်းဆုံး။ သို့သော် အမေကား ဘုရားကျောင်းမတက်နိုင်တော့။ အသက်အရွယ်ကြီးလာသောအခါ အမေ့မျက်စိသည် ကောင်းကောင်းမမြင်တော့ပေ။ အမေသည် ဘုရားကျောင်း မတက်သော်လည်း ကျွန်တော်တို့ကို ဘုရားကျောင်းတက်ရန် မမေ့မလျော့ သတိပေးနေတတ်သည်။ အထူးသဖြင့် လယ်ပြီးချိန် အလုပ်အားသောအခါများတွင် အမေသည် ဝီရိယကြီးစွာဖြင့်, ဘုရားကျောင်းတက်ခိုင်းတတ်သည်။ ယခုလည်း လယ်မပြီးသေးသည့်တိုင် ကျွန်တော်အလုပ်အားနေပြန်သည်။ ကောက်စောတွေ နယ်လှေ့ပြီးသည့်တိုင်ကောက်ကြီးတွေက မရိတ်ရသေး။ နို့ရည်ခဲစ။ ကျွန်တော်သည်ခါတိုင်း ဒီလိုနှင်းတွေဝေနေလျှင် လယ်ကွင်းထဲသို့ ရောက်နေတတ်သော်လည်း ဒီနေ့တော့ အမေ့ဆန္ဒအရ ဘုရားကျောင်းထဲသို့ ရောက်နေပြန်တော့သည်။ ကျွန်တော်, အိမ်မှထွက်လာစ နှင်းတွေက ယခုထက် သိပ်သည်းကျဆင်းနေခဲ့သည်။ ထွက်ပြူစ လောကအရုဏ်သည် အားဖျော့နွမ်းနယ်နေဆဲ။ နှင်းထုကြီး၏ကာဆီးမှုကြောင့် အရုဏ်ဦးသည် ပိုမိုကြုံလှီနေသည်ဟု ထင်ရသည်။ ကျွန်တော် လျှောက်လာခဲ့ရာ ကျဉ်းမြောင်းသော လမ်းကလေးများသည်လည်းကောင်း၊ အဖုအထစ် အချိုင့်အဝှမ်းတို့ဖြင့် ပြွမ်းတီးသော. လမ်းကလေးများသည်လည်းကောင်း နှင်းမှုန်ကြီးထဲမှာ ပျောက်ကွယ်နေကြပြန်သည်။ လျှောက်နေကျလမ်းကလေးများ ဖြစ်သည့်တိုင်ကျွန်တော့်မှာ သတိကြီးစွာထား၍ လျှောက်နေရပေသည်။ လျှောက်နေကျ လမ်းကလေးသည် လမ်းပင်ဖြစ်သော်လည်း အလင်းအမှောင် အထူအပါး အခဲ

www.burmeseclassic.com


အပျစ်တို့နှင့် ကြုံကြိုက်ရသောအခါ ထိုလမ်းကလေးများကိုပင် သတိတရနှင့် သွားနေရပေသည်တကား။

ဘုရားကျောင်းသို့ ရောက်လာသောအခါ ဘာသာဝင်တော်ပေါ်များများ ရောက်နေကြပေပြီ။ တချို့ ဘုရားကျောင်းထဲတွင်ပင် နေရာယူပြီးနေကြပြီ။ ကျွန်တော်သည် ထိုဘာသာဝင်တွေထဲမှာ နန်းဂျိုးဖြူကို ရှာနေမိသည်။ အို နန်းဂျိုးဖြူ ဘုရားကျောင်း လာမတက်ပါလား။ လပ်ဟာသော ဝေဒနာတစ်ခုသည် ကျွန်တော့်ရင်ထဲသို့ တွန်းထိုးဝင်လာသည်။ သူလည်း လယ်ပြိုးနေမှာပဲ။ လယ်ပြိုးချိန် အရုဏ်ဦးများ၊ ညနေခင်းများ။ ထိုအချိန်များ၌ ကောင်းကင်ပြာပြာကြီးအောက်တွင် အပူပင်မဲ့ ပျံသန်းသွားတတ်သော ဗျိုင်းအုပ်ကြီးများကို ငေးမောကာ ကျွန်တော်နှင့် နန်းဂျိုးဖြူတို့သည် ဘုရားကျောင်းတက်ချိန်ကို ထိုင်စောင့်နေတတ်ကြသည်။ ကြာတော့လည်း ကြာခဲ့ပေပြီ။ ပညာတစ်မိုင်းတစ်စနှင့် ကျောင်းမှထွက်ပြီး မိဘများ၏လယ်တွင် အလုပ်ဝင်၏။ သူမနှင့် ကျွန်တော်တို့ ချစ်သူဘဝသို့ ရောက်ခဲ့ကြသည်။ သို့သော် ကျွန်တော်က ကျွန်တော့်ရွာမှာ၊ နန်းဂျိုးဖြူက သူမရွာမှာ။ ကျွန်တော်တို့ရွာတွင် ဘုရားရှိခိုးကျောင်းရှိသည်။ ဈေးဆိုင်ရှိသည်။ သူမတို့ရွာတွင် ဘာမျှမရှိ။ ထိုအခါ နန်းဂျိုးဖြူက ဘုရားကျောင်းတက်လိုလျှင် ကျွန်တော်တို့ရွာသို့ လာသည်။ ဈေးဝယ်စရာရှိလျှင်လည်း ကျွန်တော်တို့ရွာသို့ လာတတ်ပေသည်။ ထိုအခါမျိုး၌ နန်းဂျိုးဖြူနှင့် ကျွန်တော်တို့သည် ထိုဘုရားကျောင်းလေးဘေးရှိ သစ်ပင်အုပ်ဝေဝေကလေးများအောက်၌ ထိုင်ကာ ဘဝရေးရေးများကို ဆွေးနွေးတတ်ကြပေသည်။ ထို့နောက် ကျွန်တော်သည် ရွာသို့

 www.burmeseclassic.com 

ရောက်ခါနီးအထိ သူမကို လိုက်ပို့နေမိတတ်သည်။ ရွာနားသို့ရောက်သောအခါ "ငါသွားတော့မယ်နော်၊ အံ့ရဲလူး"ဟု ကျွန်တော့်ကို ရီရီဝေဝေနှုတ်ဆက်ကာ ကျွန်တော်သူမကို ငေးမောနေမိဆဲ။ ရွာလမ်းကလေးထိပ်ရှိ တဲထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားမှ ကျွန်တော် လှည့်ပြန်လာတတ်ပေသည်။

ဒီမနက်တော့ နန်းဂျိုးဖြူ ဘုရားကျောင်းတက်ရန် ရောက်မလာတော့ပါလား။

ကျွန်တော်သည် ထိုအသိဝေဒနာဖြင့် ဘုရားကျောင်းထဲသို့ ဝင်လိုက်မိသည်။ ထိုဘုရားကျောင်းဝရှိ ပရိတ်ရည်ကို တို့ယူကာ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၊ နာမတော်များနှင့် အမင်။ ကျွန်တော်သည် ဒူးထောက်နေရာယူလိုက်သည်။ ဘုရားကျောင်းထဲတွင် ဆုတောင်းသံများ စတင်လှုပ်ခတ်စပြုပြီ။ ဝတ်ပြုသံများ၊ ဆုတောင်းသံများ၊ ထို့နောက် ဓမ္မသီချင်းသံနှင့် ယှက်နွယ်စီးမျောလာသော စန္ဒရားသံ။ ဖာသာက ကိုယ်တော်မြတ်မြှောက်နေပေပြီ။ ကျွန်တော်တို့ကား ကိုယ်တော်မြတ် ပင့်ယူရပေတော့မည်။ အပြာရောင်ဝတ်ရုံအောက်မှ မယ်တော်ရုပ်တုသည် ဖယောင်းမီးပွင့်တွေထဲ၌ ကြည်စင်နေလျက်။ မယ်တော်ကား အပြစ်မဲ့ သန္ဓေယူခဲ့ပေသည်တကား။

နှင်းဆွတ်သောလေသည် ဘုရားကျောင်းထဲသို့ ရှူးရှူးအေးအေးဝင်လာနေဆဲ။ ဝေဒနာတွေ စွန်းထင်းနေသော ခရစ်တော်ရုပ်တုသည် ကျွန်တော့်ရင်ကို လာခတ်သောအခါ ဓမ္မသီချင်းတို့သည် ကြေကွဲဆွေးမြည့်ဖွယ်ရာ ကောင်းနေပြန်တော့သည်။

www.burmeseclassic.com


ပြင်းထန်မီးလျှံရှိရာချောက်ဝယ်
ငါတို့ငိုကြွေးရလေခြင်း
ပြစ်ဒဏ်လွတ်စေခြင်းငှာ
တိုင်းမဲ့ဒုက္ခများ ခံစားရလေခြင်း
အို....ဘုရား၊ အို....ဘုရား
ထိုမီးပြင်းကို ငါတို့မျက်ရည်
အဘယ်သို့ မငြိမ်းစေအံ့နည်း။

ကျွန်တော်သည် ဓမ္မသီချင်းကို လိုက်လှဲဆို့နင့်စွာ လိုက်ဆိုနေမိသည်။ ရင့်မှိုင်းသော အနီရောင်တို့ဖြင့် ခဲသိပ်အိဝနေသော ခရစ်တော်၏ ဖြစ်တော်စဉ်ပန်းချီကားချပ်ပေါင်း များစွာတို့သည် ချိတ်ဆွဲထားရာ ဘုရားကျောင်းနံရံတွင် မရှိကြတော့။ နာကျင်ကိုက်ခဲမှု၏ အမှတ်အသားဖြစ်သော သွေးပြည်တွေအဖြစ် ကျွန်တော့်နှလုံးသားတွင် လာရောက်အိုင်ကျင်းဖွဲ့ခဲ့ပြီ။

ဘုရားသခင်သည် ကျွန်တော်တို့ကို ကယ်တင်ရန် လောကသို့ ကြွလာပြီးခဲ့ပေပြီတကား။

(၂)

ဘုရားကျောင်းရှေ့ရှိ မြေကွက်လပ်သည် အစောကလို တိတ်ခြောက်မနေတော့။ ဘုရားကျောင်းဆင်းလာသော လူတွေဖြင့် သက်ဝင်လှုပ်ရှားသွားနေသည်။ မြေညိုရောင်လမ်းကလေးသည် နှင်းတွေဖြင့် စွတ်စိုနေဆဲ။ ကျွန်တော်သည် ကျောင်းပရိဝုဏ်အဝကို ဖြတ်ထွက်မည်ပြုသောအခါ နောက်ကခေါ်သံကြားလိုက်ရသည်။

www.burmeseclassic.com

ကျွန်တော်လှည့်ကြည့်လိုက်မိသည်။ ဖော့စတီးနွး။ နန်းဂျိုးဖြူ တို့ရွာက ဖော့စတီးနွး။ သူက ကွမ်းသွေးတက်နေသော သွားတွေ ပေါ်အောင် ကျွန်တော့်ကို ပြုံးပြနှုတ်ဆက်နေသည်။

"ဟော့ကောင် အံ့ဂျေလူး၊ မင်းကောင်မလေးဂျိုးဖြူ မှာလိုက် တယ်၊ သူ ဒီနေ့ ရွာကိုတက်လာမလို့တဲ့ဝေ"

ခပ်ဝေးဝေးမှ လှမ်းအော်ပြောသည်။ ကျွန်တော်သည် ကြည်နူး မှုဖြင့် ပြုံးနေလိုက်မိသည်။ ဖော့စတီးနွးကိုလည်း "ငါ့ကိုမှာလို့လား" ဟု ဒါပဲ ထပ်မေးမိသည်။ သူက ခေါင်းညိတ်ကာ "ငါ ဈေးသွား ဝယ်ဦးမယ်ကွ"ဟု ကျွန်တော့်ကို နှုတ်ဆက်ကာ ရွာထဲဘက်ဆီသို့ ထွက်သွားသည်။

နှင်းဆွတ်သောလေသည် ကြည်နူးဖွယ်ရာ ကျွန်တော့်ကို လာရောက်ထိခတ်နေပြန်သည်။ အနောက်ဘက်တောတန်းကို ဖြတ် သန်းဝှေ့ဝဲလာသော ဥသြတစ်ကောင်၏ တွန်ကျူးသံသည် ခါတိုင်းလို လွမ်းဆွတ်ဖွယ်ရာ မကောင်းပြန်တော့။ နန်းဂျိုးဖြူလာမည်ဟူသော သတင်းက ကျွန်တော့်ကို ပေါ့ပါး လန်းဆန်းနေစေသည်။ ကျွန်တော် သည် နန်းဂျိုးဖြူတို့ရွာကလေးသို့သွားရာ လမ်းကလေးဆီသို့ ဦးတည် လျှောက်သွားနေမိသည်။ ပျဉ်းမများ၊ ကုက္ကိုပင်များ၊ချောင်းနံဘေးရှိ ခရာဆူးချုံများ။ အားလုံးကို ဖြတ်သန်းပြီးသောအခါ ခနိုတောအစ ကို တွေ့လိုက်ရသည်။ ယိုခနိုတောအစတွင် ချောင်းကူးတံတားကလေး ကို တွေ့လိုက်ရသည်။ တချို့ကွင်းတွေ ကောက်ပြတ်နေကြပြီ။ တချို့ ရိတ်ဆဲ။ ကွင်းထဲတွင် သီချင်းသံတွေဖြင့် ဆူဝေနေပြန်သည်။ မင်းအောင်၊ ရွှေမန်းတင်မောင်လို ဝိုသူဝိုကြသည်။ စိုင်းထီးဆိုင်လို

www.burmeseclassic.com

ဆိုသူဆိုကြသည်။ ထိုအထဲတွင် အဆူဝေဆုံးသီချင်းသံက "မောင်းထောင်းသံတွေ၊ သောင်းသောင်းညံဝေ၊ ယက်ကန်းလက်ခတ်သံတွေ" တဲ့လေ။ ဘယ်သူဆိုမှန်းမသိ။ ကျွန်တော်သည်ပင် ကြည်နူးမှုဖြင့် သီချင်းဆိုချင်လာသည်။ သို့သော် ကျွန်တော်သီချင်းမဆိုမိ။ အညစ်အကြေးကင်းစင်သော အပြာရောင်ကောင်းကင်အောက်ရှိ လယ်ကွင်းပြင်ကြီးကို အဆုံးမထင် ကြည့်နေမိသည်။

ရိုးပြတ်လမ်းကလေးတွေ မရှိခင်မို့ ကျွန်တော့်မှာ ကန်သင်းရိုးကလေးများအတိုင်း လျှောက်နေရသည်။

အုန်းတောကလေး၏ ငုံ့ဝပ်နေသော နှန်းဂျိုးဖြူတို့နေတဲ့ ရွာကလေးကိုလည်း တွေ့နေရပြီ။ သို့သော် ခပ်ပျပျမျှသာ။

ကန်သင်းရိုးကလေးဘေး တမံတစ်ခုကို ဖြတ်ပြီးသောအခါ တဲတစ်တဲဘေး ကုက္ကိုပင်အောက်တွင် မီးထိုင်လှုံနေသူများကို တွေ့ရသည်။ ကောက်ရိုးမီးပုံမှ မီးခိုးတွေက တလူလူတက်လာနေသည်။

"ဝေး အံ့ဂျေလူး ဘယ်သွားမလို့တုန်း၊ ဘာလဲ မင်းကောင်မလေး ထွက်လာမယ်ဆိုလို့ လာကြိုတာလား"

အသံရှင်ကို ကျွန်တော်သိသည်။ တောင်ကွင်း၊ မြောက်ကွင်း၊ အရှေ့ဘက်ကွင်း၊ အနောက်ဘက်ကွင်း။ ကျွန်တော်တို့ကား တစ်ယောက်နှင့်တစ်ယောက် မသိသူမရှိအောင် ဆက်စပ်ယှက်နွယ်နေကြပြီ။

"ဒါနဲ့ မင်းနဲ့နှန်းဂျိုး ဒီခရစ္စမတ်ပြီးရင် ယူကြတော့မလို့ဆို"

"အရိုးကို ဘယ်သူပြောတုံးဝေး"

www.burmeseclassic.com

ကျွန်တော် ပြန်ပြီးအော်မေးလိုက်မိသည်။ ပြန်ဖြေသံမကြားရ။ သို့သော် ဟာစ်အော်ရယ်မောလိုက်သံက ပဲ့တင်သံကြီးတစ်ခုလို ကျွန်တော့်ကို လာရောက်ရိုက်ခတ်နေတော့သည်။

ခရစ္စမတ်ပြီးရင်တဲ့လေ။

(၃)

ဒီဇင်ဘာနေ့ရက်တို့သည် နှင်းစနှင်းနတွေကို ဆက်လက်သယ်ဆောင်နေဆဲ။

ပါးလှပ်သောနှင်းတို့သည် ညဥ့်ပင် ကျထင်နေတော့သည်။ ညဥ့် လရောင်မရှိတော့ပေ။ အေးမြမြ အပြာရောင်ကောင်းကင်ထဲတွင် ကြယ်ကလေးတွေ တည်းခိုအိပ်စက်နေကြသည်။ အိပ်စက်နေသော ကြယ်ကလေးတွေ၏ အလင်းရောင်သည် မြေပြင်သို့ရောက်သောအခါ ကျွန်တော်တို့သည် ငယ်နုသော အလင်းရောင်တို့ကို ရလိုက်ပေသည်။ ကျွန်တော်တို့တွင် ထိုညအတွက် အလင်းဆို၍ ကြယ်ကလေးတွေ၏ အရောင်သာ ရှိတော့သည်။

တဲအိမ်ကလေးများသည် ကြယ်ရောင်ကလေးများကိုပင် မေ့လျော့ပင်ပန်းကာ အိပ်မောကျနေခဲ့ပြီ။

ဓမ္မသီချင်းသံတို့ကား ချုပ်ပြေသေငြိမ်းသွားသော အသံပစ္စည်းမျှသာ။ နေ့လယ်တုန်းက၊ ညနေတုန်းက၊ ညအစပိုင်းလောက်တုန်းက။ ယခု ကျွန်တော်တို့ ကျောခိုင်းနေထိုင်ရာ အိမ်ကလေးအတွင်း ဓမ္မသီချင်းသံတို့ ချိုပြည်ဝေစည်နေခဲ့ပေသည်။ ခေါင်းလောင်းသံမဲ့သော ဆုတောင်းပွဲကလေးသည် ဆင်းရဲနောက်ကျိစရာ အရပ်ကလေးတစ်ခု

www.burmeseclassic.com 

မှ ဖြူရှင်းသန့်စင်သော ရပ်ကွက်အသစ်ကလေးတစ်ခုသို့ ကျွန်တော်တို့ကို ခေါ်ဆောင်သွားပေသည်။

ထိုအခါ ကျွန်တော်ချစ်သော နန်းဂျိုးဖြူသည်လည်းကောင်း၊ လာရောက်စုဝေးနေကြသော ဘာသာဝင်များသည်လည်းကောင်း၊ ဘာသာဝင်တစ်ဦးဖြစ်သော နန်းဂျိုးဖြူ၏မိခင်သည်လည်းကောင်း၊ ကျွန်တော်သည်လည်းကောင်း မယ်တော်မာရီယာ၏ ရုပ်ပုံကားချပ်ရှေ့၌၊ သခင်ယေရှု၏ ရုပ်ပုံကားချပ်ရှေ့၌ ယုံကြည်ခြင်းကြီးမားစွာ ဆုတောင်းဝတ်ပြုခဲ့ကြပေသည်။ ထိုအခါ အသက်မဲ့သော ရုပ်ပုံကားချပ်များသည် ကျွန်တော်တို့၏ ဆုတောင်းသံများ၌ ရှင်ပြန်ထမြောက်လာသလို နားလည်ခံစားနေရပေသည်။ ကျွန်တော်တို့သည် ဝေဒနာပြွမ်းတီးသော သခင်ယေရှု၏ဘဝကို ကူးယူခံစားသူများပေတကား။

ယခုအခါ၌ ခရစ်တော် မွေးဖွားသန့်စင်ရာ ဒီဇင်ဘာညသည် အေးပြေသွားခဲ့ပြီ။ နန်းဂျိုးဖြူတို့၏ အိမ်ကလေးသည်လည်း ကြယ်ရောင်အောက်၌ တိတ်တဆိတ်။ နန်းဂျိုးဖြူ၏အမေလည်း "မင်းတို့စကားပြောရင်ပြောကြ"ဟုဆိုကာ အိပ်ရာဝင်သွားခဲ့ပြီ။ ထိုအခါ ကျွန်တော်တို့သည် တဲကလေးအနောက် ရေမြောင်းကလေးများပြွမ်းတီးနေသော ကွမ်းသီးခြံကလေးကို ဖြတ်သန်းကာ ဥယျာဉ်ကလေးအစပ်ရှိ ရေဆင်းတံတားလေးတွင် သွားထိုင်နေမိသည်။ ကျွန်တော်က တံတားတိုင်ကလေးကို မှီတားမိသည်။ နန်းဂျိုးဖြူက တံတားကလေးပေါ်တွင် ခြေဆင်းလျက်။

"ပျော်ရဲ့လား အံဂျေလူးရယ်"

 www.burmeseclassic.com 

ပြာလဲ့စီးဆင်းနေသော ချောင်းကလေးကို ငေးနေမိဆဲ တိုးတိုးသဲ့သဲ့ မေးနေမိသည်။ ကျွန်တော် မဖြေမိ။ ပိုးတဝါး မြင်ခွင့်ရနေသော မျက်နှာကို ရီရီဝေဝေ လှမ်းကြည့်နေမိသည်။ သူ၏မျက်လုံးတွေကလည်း ထို့အတူ ရီရီဝေဝေ။ မှောင်ရိပ်၌ ရီဝေသောမျက်လုံးအစုံတို့ ထိတွေ့မိကြပေသည်။ ထို့နောက် အကြည့်ကို ကျွန်တော့်ထံမှ လွှဲယူသွားကာ အပြာရောင်နောက်ခံည၌ စိုက်နစ်နေပြန်တော့သည်။ည၏တိတ်ဆိတ်ခြင်းသည် ကျွန်တော်တို့၏ ရင်ခုန်သံများကို မွေးဖွားပေးနေသည်။ ကျွန်တော်သည် သူမ၏လက်ဖဝါးကို ဆုပ်ကိုင်လိုက်မိသည်။ အေးလိုက်တာ။

"နှင်းချမ်းနေပြီလား ဂျိုးဖြူ"

စကားလုံးနှင့်အတူ ပူနွေးသော ရင်ခုန်သံတွေ ပါသွားသည်ထင်၏။

"နှင်းတွေကျလာနေတာကိုး"

စကားလုံးအဆုံး၌ ကျွန်တော့်ကို နွဲ့မှီလိုက်သည်။ ရင်ခုန်သံချင်း ထိကပ်သွား၏။ ကျွန်တော်သည် တိုးနစ်ပွေ့ဖက်လိုက်မိသည်။ နွေးသွားပြီဟု ခံစားလိုက်ရသည်။ သို့သော် နှင်းပေကျသော ဒီဇင်ဘာလ၏ ညလေးသည် ကျွန်တော်တို့ကို ပိုမိုထိကပ်သွားစေပြန်သည်။ သနပ်ခါးရနံ့သည် ကျွန်တော့်ရင်ကို ဆွတ်ပျံ့ကြည်နူးနေစေ၏။ သူမသည် မငြင်းဆန်။ တုန်ရီရီစွတ်စိုသောနှုတ်ခမ်းဟု သိလိုက်ရသည်။ နှုတ်ခမ်းပေါ်တွင် ပြင်းထန်ခိုနားနေဆဲ မောသွားသံလို ကျွန်တော့်ရင်ခွင် မှ ရှန်းထွက်လိုက်သည်။ အနမ်းညကလေးတစ်ခုကို ဖျက်ဆီးလိုက် ခြင်းပေလော။ ကျွန်တော်သည် ရှန်းပြေးရန်ကြိုးစားသော

www.burmeseclassic.com

သူမကို တိုးနှစ် တင်းကျပ်ထားလိုက်သောအခါ ငြိမ်သက်သွား၏။ ကြွယ်ရောင်အောက် ၌ မဝံ့ရဲသောအကြည့်ကလေးများကို တွေ့လိုက်ရသည်။ ကျွန်တော့်မှာ စိုးထိတ်ရင်ခုန်နေလျက်။

"ငါတို့ လက်ထပ်ကြရအောင် ဂျိုးဖြူရယ်"

စိတ်တွေ လှုပ်ရှားနေမိသည်။

စကားအဆုံးတွင် နန်းဂျိုးဖြူက ကျွန်တော့်ရင်ခွင်ထဲမှ တည်ငြိမ်စွာရုန်းထွက်သည်။

"နင်က ဘယ်တော့လောက်မှန်းသလဲ"

"ဒီ...ဒီဇင်ဘာ"

"ဟဲ့...အံ့ရော်လူး၊ ငါ့ကိုတောင်မမြင်ရလောက်အောင် နင် ဘာတွေ တွေးနေရတာလဲ"

ဟင်....ဂျိုးဖြူ"

လမ်းချိုးအကွေ့ကလေးတစ်ခုတွင် အုန်းသီးနှစ်လုံးကို ပိုက်လျက် ရပ်ကာ ကျွန်တော့်ကို နှုတ်ဆက်နေသော နန်းဂျိုးဖြူကို တွေ့လိုက်ရသည်။

"ဖော့စတီးနူးပြောလို့ နင် ငါ့ကို လာကြိုတာလား"

"အေး"

အပြုံးတွေနှင့် စွန်းရပသွားသော မျက်နှာမှ သနပ်ခါးရနံ့ကို ရလိုက်ပေသည်။ ကျွန်တော်တို့သည် ကျွန်တော့်ရွာကလေးဆီသို့ ဦးတည် လျှောက်နေမိကြသည်။ နံနက်ခင်း၌ နှင်းတွေ ပေကြံနေဆဲ။ ဥဩတစ်ကောင်၏ ဆွတ်ပျံ့ဖွယ် တွန်ကျူးသံကို ထပ်မံကြားလိုက်ရပြန်သည်။

www.burmeseclassic.com


အစောက ကုက္ကိုပင်ကလေးဆီသို့ရောက်သောအခါ မီးလှုံနေသူများကို တွေ့ရပြန်သည်။ မီးခိုးငွေ့တို့သည်လည်း တလူလူတက်နေဆဲ။ ကျွန်တော်သည် ယခုမှ သတိရသွားသလို နန်းဂျိုးဖြူလက်ထဲမှ အုန်းသီးနှစ်လုံးကို ယူလိုက်မိသည်။ နန်းဂျိုးဖြူသည် လက်ကို အညောင်းဆန့်သလို ခပ်ပြင်းပြင်းခါကာ ကျွန်တော့်ကို ရွာမှာ အုန်းသီးဘယ်ဈေး ပေါက်တယ်ဆိုတာ မေးသည်။ ကျွန်တော်က အုန်းသီးပေါက်ဈေးကို ပြောပြသောအခါ "ဆန်တစ်ပြည်ဖိုးလောက် တော့ရမှာပေါ့"ဟု ပြောပြီး တိတ်ဆိတ်သွားသည်။ မီးလှုံနေသူတွေက ကျွန်တော်တို့ကို အော်ဟစ်နှုတ်ဆက်နေသည်။

"နင်တို့ ဒီခရစ္စမတ်ပြီးရင် ယူတော့မလို့ဆို" ဆိုတာတွေပါသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး ပြုံးလိုက်မိပေမယ့် ထိုအပြုံးတွေက နွမ်းဖျော့အားနည်းနေသည်ဟု ခံစားနေရသည်။ ကျွန်တော်တို့ကား စကားလုံးတွေ ကုန်ခမ်းသွားသလို ဘာမျှ မပြောမိတော့ပြန်။ တံတားကူးကလေးကို ကူးသောအခါ ချောင်းထဲတွင် ပုစွန်စမ်းနေကြသူများကို တွေ့ရသည်။

နှင်းတွေကျပေမယ့် သူတို့ကရေထဲမှာ။ နှင်းတွေက အားမပျော့သေး။ ဒုက္ခဝေဒနာ၏အမှတ်အသားဖြစ်သော ဘုရားကျောင်း လက်ဝါးကားတိုင်ကို နှင်းမှုန်တွေကြားမှာ ဝိုးဝါး တွေ့လာနေရသည်။ မြင်ကွင်းတွေက နောက်တွင် တရွေ့ရွေ့ ကျန်ရစ်နေကြသည်။ ဘုရားကျောင်းကိုလွန်ခဲ့သောအခါ ကျင်းတွေ၊ ချိုင့်တွေ ဖြင့်ပြီးသော ရွာလမ်းအစကို တွေ့လိုက်ရသည်။ ကျင်းတွေ၊ ချိုင့်တွေပင် ကျွန်တော် တို့၏ လမ်းများ ဖြစ်နေပေတော့သည်။ ထိုလမ်းကလေး၏ တစ်ဘက်

www.burmeseclassic.com



တစ်ချက်တွင် အိမ်ဆိုင်ကလေး တစ်ဆိုင်စ နှစ်ဆိုင်စ။ ဆိုင်ကလေးတွေသည် နှင်းမှုန်တွေအောက်၌ အေးစက်ငြိမ်သက်နေကြဆဲ။ နန်းဂျူးဖြူသည် ပထမဆိုင်ကလေးတစ်ဆိုင်ရှေ့တွင် ဦးဆောင်ရပ်လိုက်သည်။

ကျွန်တော်တို့သည် ဈေးဝယ်သူများပေတကား။

(၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလ မိုးဝေမဂ္ဂဇင်း)

www.burmeseclassic.com

# ဆေးရုံညဉ့် နွမ်းလျရင်ခုန် ကြယ်မှုန်လင်းစိပ် အိပ်မရတော့

ဆေးရုံညဉ့်
ခမ္ဘသီချင်းတို့
ဖြည်းညင်းတိုးဖွ၊ လမ့်ညှထဲ
ဖေးကွဲမကွာ
ဝေဒနာများ
ငါ့အားဖြတ်သန်းသွားကြသည်။

(၁)

အတုမရှိ ကောင်းမြတ်တော်မူလှသော အရာခပ်သိမ်းတို့ထက် ချစ်ခင်ထိုက်သောအပြစ်ဟူသမျှကိုလည်း မုန်းတော်မူထသော ဘုရားရှင်ကို ကျွန်ုပ် ပြစ်မှားကျူးလွန်မိသောကြောင့် ပြင်းစွာသော နာကျင်ခြင်း ရှိပါသည်။ နောက်နောင် ကိုယ်တော်၏ စောင်မတော်မူခြင်းကို အမှီပြု၍ အပြစ်ဟူသမျှနှင့် အပြစ်သို့ ပို့ဆောင်သော လမ်းများကိုလည်း သေသည့်တိုင်အောင် ပစ်ပယ်ပါမည့်အကြောင်း မြဲမြံစွာ ကျွန်ုပ် ဝန်ခံအပ်ပါသည်။

နာကျင်ခြင်းမေဟ္ဘာတဲ့လေ။ တုန်ရီဆွေးမြည့်ဖွယ်ရာ ခံစားလိုက်ရတဲ့ အဖေ့ဆုတောင်းသံတွေ ပျောက်ကွယ်ကုန်ဆုံးသွားစ။ ကျွန်တော်လည်း ညှိုးငယ်စွာ နေထိုင်မိဆဲ။ ဆယ်ရက်ဆိုသော အချိန်ကာလသည် ဘာမျှမကြာလိုက်ပါလားလို့ တွေးနေလိုက်မိပေသည်။ အဖေဆေးရုံတက်ရက်သည် နက်ဖြန်ဆိုလျှင် ဆယ့်တစ်ရက်မြောက်ပေတော့မည်။ ကျွန်တော်က အဖေ့ကို စောင့်ရှောက်ရန် ဆေးရုံသို့ လိုက်လာခဲ့ခြင်းသာ။ ကျွန်တော့်အဖို့ ဆေးရုံးစောင့်ရက်တွေက ရှည်လျှားလွန်းနေတော့သည်။ ဆေးရုံမှန်ပြတင်းမှတစ်ဆင့် ကြယ်ပွင့်ကလေးတွေ လင်းလက်တာ တွေ့ရဆဲ။ ညသည်မှိန်ဖျော့လွန်းလှစွာ လင်းနေတော့သည်။ ကြယ်အလင်းဖျော့ဖျော့တွေက သစ်ပင်တွေ ဂါးဝါးရီရီ စွန်းထင်းဆဲ။ ကျွန်တော်လည်း ကြယ်အလင်းနှင့် ငြိမ်သက်ဆဲ။

ကျွန်တော်သည် မအေးနှင့် သမီးလေးကို သတိရလာပြန်သည်။ အကြီးကောင် ဒီလုံးကတော့ ဒီလောက်ဆို တင်းကုပ်ထဲ၌ နွားမီးထည့်ရင်း အိပ်နေပေရော့မည်။ တွေးနေရင်း တောတန်းညို့ညို့ကို ရေးရေးယဲ့ယဲ့မြင်လာရသည်။ ခနိပင်၊ လမုပင်တန်းတွေက ဒရယ်ပေါက် ချောင်းရိုးကလေးအတိုင်း စီပေါက်ရောက်နေပေရာ ရွှေးမြစ်ကမ်းနဖူးရောက်မှပင် ထိုတောတန်းလည်း ဆုံးသွားပေတော့သည်။ ဘက်ထရီအိုးတပ် လျှပ်စစ်မီးပွင့်လေးတွေလည်း ငြိမ်းသေခဲ့လေပြီ။ ညနေက မအေးပြောသွားသော "အဖေတော့ မသိပါစေနဲ့ ဟယ်" ဆိုသောစကားစက ကျွန်တော့်ရင်ထဲ ပဲ့တင်ထပ်လာပြန်တော့သည်။ ဒီညအဖို့တော့ ကျွန်တော်လည်း အိပ်လို့ရမည်မဟုတ်တော့ပါ။ အဖေက

www.burmeseclassic.com

တော့ ဆေးရုံဆင်းချင်ပြီတဲ့လေ။ ညနေကလည်းပြောသေးသည်။ သို့သော် ဆရာဝန်ကတော့ ဆင်းခွင့်မပြုသေးဘူးလို့ ပြောပေသည်။

လူနာတွေရဲ့ ညည်းမော်သံရှည်ရှည်မျှောမျှောတွေက ကျွန်တော့်ကို လေးသိပ်ပင်ပန်းလာစေပြန်သည်။အဖေကတော့ ဝေဒနာမှသက်သာနေလျှင် ဓမ္မသီချင်းတစ်ပုဒ်ကို ဆို့ဆို့နစ်နစ် ဆိုနေတတ်ပေရဲ့။ အဖေ ဓမ္မသီချင်းဆိုသံကို ကြားရလျှင် တခြားလူနာတွေလည်း ငြိမ်သက်သွားတတ်မြဲ။ ရယ်ရယ်မောမော စကားပြောတတ်သော ဆရာမလေးနန့်ခင်အေးကကော့ အဖေ့ကို ဓမ္မသီချင်းဆိုရင်း ငိုသတဲ့လေ။ ပြီးတော့ သူမလည်း ရယ်မောလိုက်ပေသည်။ ထိုအခါမျိုး၌ အဖေလည်း ဆရာမလေးနန့်ခင်အေးနှင့်အတူ လိုက်လံရယ်မောနေတော့သည်။ အဖေ့ရယ်မော်သံ ရှည်ရှည်လျားလျားကြီးတွေက အက်ကွဲနေသလိုပင်။ ကျွန်တော်သည် လူနှစ်ယောက်ရယ်မောနေတာ မြင်နေရပါလျက် ကြေကွဲ ထိခိုက်စရာမြင်ကွင်းတစ်ခု ခံစားရပြန်သည်။

ဩော်...မအေးကတော့ "အဖေတော့ မသိပါစေနဲ့ဟယ်"တဲ့လေ။ အဖေသာသိလျှင်တော့ အဖေ့ဓမ္မသီချင်းသံတွေလည်း ပိုပြီးကွဲအက်လာပေလိမ့်မည်။ ကျွန်တော်တိတ်တဆိတ် ထိုင်နေမိတော့သည်။ ဘာကယ်တော့ အဖေ့ဓမ္မသီချင်းသံတွေက ကျွန်တော့်ရင်ကို ခုန်စေတတ်ပေသည်။ တစ်ခါတစ်လေတော့ အဖေ့ဆုတောင်းသံတွေကလည်း ဆေးရုံထဲ၌ အဆုံးမထင် ပျံ့ဝေနေတတ်ပေသည်။ ကျွန်တော်သည် အဖေ့ဆုတောင်းသံတွေနှင့် ဆက်နွယ်ကာ ခေါင်းလောင်းသံတွေကို သတိရလာမိတတ်သည်။ ဝတ်ပြုဆုတောင်းချိန်တန်လျှင် ခေါင်းလောင်းသံတွေ လှုပ်ခတ်နေတတ်သော ကျွန်တော်တို့ရွာကလေး

www.burmeseclassic.com


သည် ဝေးလံရာ အရပ်တစ်နေရာတွင် ကျန်ရစ်နေခဲ့ပြီ။ ခုတော့ ကျွန်တော်တို့ရောက်နေသော ရွာက"ပြင်"ရွာတဲ့လေ။ ဆေးရုံရှိတာကလွဲလို့၊ အမိန့်ရအပေါင်ဆိုင်ရှိတာကလွဲလို့ တခြားမြစ်ဝကျွန်းပေါ်က ရွာတွေပါပဲ။ သစ် ပင်တွေ စိမ်းမှိုင်းအုပ်ဝေနေတာ၊ နွံ့ဝါရောင်မြစ်ရေတွေ စီးဆင်းနေတာ၊ အချိန်တန်လျှင် မိုးမည်းကြီးက ဖိစီးနေတတ်တာ။ တောင်လေရေကျ၊ မြောက်လေရေတက်လှိုင်း လှိုင်းအိအားလုံး တူနေတတ်ကြပေရဲ့။

သို့သော် ပြင်ရွာ၌ ခေါင်းလောင်းသံကို ကြားခွင့်မရနိုင်ပေ။ အဖေကား သူ့မြေးတွေကို လွမ်းဆွတ်သလို ခေါင်းလောင်းသံကိုလည်း လွမ်းဆွတ်ပေလိမ့်မည်။ တကယ်တော့ အဖေသည် ဘာသာတရား ကိုင်းရှိုင်းသူတစ်ယောက် ဖြစ်ပေသည်။ ကျွန်တော့်သားအကြီးကောင် မွေးပြီး၍ ဘုရားကျောင်း၌ ဆေးကြောခြင်းခံအပြီး အိမ်ပြန်ရောက်သောအခါ အဖေက တက်ကြွနေလျက် သူ့မြေးကိုပွေ့ချီကာ "ငါ့မြေးအတွက် ခေါ်တော်မူခြင်းကျေးဇူးရအောင် ကြိုးစားရမကွယ့်ဝေ့၊ တို့အမျိုးထဲ ဘရာသာတို့၊ စစ္စတာတို့ဆိုတာ မရှိသေးဘူးကွယ့်" ဆိုကာ တဟားဟားရယ်မောနေလျက်။ ထိုအခါ နံနက်ဦးနေရောင်၌ သူ၏သွားမည်းမည်းကြီးတွေက ထင်းနေလျက်။ နီကြောင်ကြောင် နှုတ်ခမ်းမွေးကြီးတွေက လှုပ်နေလျက်။ ပါးပြင်ပေါ်က ဇရာ၏ အစင်းအကြောင်းတွေက ပို၍ကြီးမားလာလျက်။ နောက်ဆုံးတော့ ထာဝရ'ရီ'နေတတ်သော သူ၏မျက်လုံးတွေလည်း ပို၍'ရီ'နေလျက်။

ကျွန်တော်သည် မြင်ကွင်းကို ကြည်နူးစိမ့်မြစွာ ကြည့်ခဲ့မိပေသည်။ ပြီးတော့ သခင်ယေရှု ရွှေနှလုံးတော်ပွဲ၊ မယ်တော်မာရီယာ

www.burmeseclassic.com 

ကောင်းကင်တက်ပွဲ၊ ဝတ်စောင့်ပွဲ၊ သင်္ချိုင်းပွဲ၊ နာတာလူးပွဲ။ အဖေသည် ဘာသာစာရေးနှင့်ပတ်သက်သော နေ့ရက်များတွင် ဒီလိုပဲ တက်ကြွနေတတ်ပေသည်။ ယခုတော့လည်း အဖေသည် ဘုရားကျောင်းနှင့် ဝေးနေပြန်တော့သည်။ ညနေတိုင်လို့ မအေး လူနာအမေး ထမင်းအပို့ရောက်ခါလာလျှင် အဖေက "ကလေးတွေနဲ့ နွားတွေကို ဂရုစိုက်၊ ငါ့အတွက် ဘာမှမပူနဲ့"လို့ဆိုပြီး နောက်ဆုံး မအေးပြန်ခါနီးတွင် "အေးငဲ့ ငါ့သမီးရေ၊ ဒီတနင်္ဂနွေ ဘုရားကျောင်းတက်ဖို့ မမေ့နဲ့ကွယ့်၊ နင်သွားရင်လဲ အကြီးကောင်ကိုပါခေါ်သွားဖို့ မမေ့နဲ့နော်"လို့ ပြောပြောနေတတ်ပေသည်။ ကျွန်တော်ကား ဘာမျှ မပြောမိတော့။ အဖေနှင့်မအေးတို့ စကားပြောနေတာက ကျွန်တော့်အတွက် လွမ်းမောဖွယ် ပြဇာတ်တစ်ပုဒ်၏ အထွတ်အထိပ်လိုပင်။ နောက်ဆုံးတော့လည်း ကျွန်တော်သည် အဖေ့ကိုသာ ကြေကြေကွဲကွဲ ငေးနေလိုက်မိသည်။

နေဝင်ရီတရော၌ မအေးသည် အဖေနှင့် ကျွန်တော့်ကို နှုတ်ဆက်ကာ ပြန်သွားတော့သည်။ မအေးအပြန်လမ်း၌ အနောက်ဘက်ကောင်းကင်တစ်ခွင်လုံးတွင် တိမ်နီအစက်အပြောက်တွေ စွန်းထင်းနေပေလိမ့်မည်။ မအေးကတော့ လှေကလေးကို တက်မ,ကိုင်ကာ ငေးငေးငူငူပင် ချွေးမြစ်အတိုင်း စုန်သွားပေလိမ့်မည်။ မအေးပြန်သွားသောအခါ အခြားလူနာမေးသူတွေလည်း ပြန်သွားကြပြီမို့ တောဆေးရုံကလေးသည် တိတ်ဆိတ်သွားပြန်တော့သည်။ လူနာတွေရဲ့ ညည်းမောသံအချို့က တိုးတိုးငယ်ငယ်သာ။ တအောင့်အကြာ အပြာရောင် ကောင်းကင်၌ ကြယ်ပွင့်ကလေးတွေ လင်းလင်းလက်လာပေလိမ့်

www.burmeseclassic.com


ဦးမည်။ ထို့အတူ ငွေလရောင်ကလည်း ဆေးရုံကလေးကို ငြိမ်းအေး ချမ်းမြစွာ အုပ်မိုးစိုးဝေလာပေလိမ့်မည်။ ထိုအခါ အဖေ့ဆုတောင်း ဝတ်ပြုသံကိုလည်း လွမ်းမောဖွယ် ကြားရပေလိမ့်မည်။

သြော်....လရောင်၊ ကြယ်ပွင့်၊ ဆုတောင်းသံနှင့် ဆေးရုံည ပေတကား။

ကျွန်တော်က အဖေ့ခုတင်ဘေး ခုံပုကလေးတွင် ထိုင်နေမိဆဲ။

တချို့လူနာစောင့်ရဲ့ ဟောက်သံတွေ၊ သွားကျိတ်သံတွေ၊ ညည်းညူသံတွေက ညကို ပုဒ်ဖြတ်ပေးနေတော့သည်။ အဖေက တစ်ချက်လွန့်လူးလိုက်ပေသည်။ အဖေ အိပ်ပျော်နေချင်သည်။ တကယ်တော့ အဖေသည် နွားသံယောဇဉ်၊ သားသံယောဇဉ်၊ ဘုရား သံယောဇဉ်နှင့် လူပေတကား။

အဖေက တစ်ချက်လွန့်လူးလိုက်ပြန်သည်။ ကျွန်တော်က "အဖေ"လို့ ခေါ်လိုက်မိပေသည်။ အဖေ၏ ပြန်ထူးသံကို ကြားလိုက်ရသောအခါ ကျွန်တော့်ရင်ထဲ လှုပ်သွားပြန်တော့သည်။ အဖေလည်း အိပ်မပျော်ပါလား။

"အဖေ အိပ်မပျော်ဘူးလား"

ကျွန်တော် မေးလိုက်မိသည်။ ကျွန်တော့်အသံက တိုးတိုး ဝေ်ယဲ်သာ။ သို့သော် အဖေ့အသံက ပိုပြီးတိုးယဲ်နေပြန်တော့သည်။ အဖေက "အေးကွယ်၊ ငါလဲ ဟိုတွေး ဒီတွေးနဲ့ အိပ်မပျော်ပြန်ဘူး ဝေ"တဲ့လေ။ အဖေက သူ့စကားအဆုံးတွင် "မင်းကော မအိပ်သေး ဘူးလား"ဆိုပြီး ပြန်လည်ငြိမ်သက်သွားတော့သည်။ သြော်...ကြယ်ပွင့် ကလေးတွေကတော့ လင်းလက်ဆဲပေ။ ကျွန်တော်က မအေးကို

www.burmeseclassic.com

သွားသတိရပြန်တော့သည်။ အဖေ့ကို ဆေးရုံတက်ဖို့ ဝိုင်းပြောကြတော့ ဒီလိုပဲ ကြယ်ပွင့်ကလေးတွေ လင်းလက်ဆဲပေ။ ကျွန်တော်ကို့အိမ်ကလေးရှေ့ ဘူးစင်ကလေးအောက်၌ အဖေသည် သူ့ဆာလာဖျင်တပ် ပက်လက်ကုလားထိုင်ကလေးပေါ်၌ ငြိမ်သက်စွာ ထိုင်နေဆဲ။ မအေးက အဖေ့ကိုငေးရင်း "ဆေးရုံတက်တော့ နားရတာပေါ့အဖေရယ်၊ ပြီးတော့ ဆေးရုံမှာက စောင်နဲ့၊ ခေါင်းအုံးနဲ့ မွေ့ရာနဲ့။ အိမ်ထက်သာတယ် အဖေရဲ့"လို့ ပြောလိုက်တာလေ။ အဖေကတော့ မအေးရဲ့စကားကို မကြားသလိုပဲ ငြိမ်သက်နေမြဲ။ နောက်တော့ မိုးမခတောကလေး အုပ်ဝေနေတဲ့ ကျွန်တော်တို့အိမ်ကလေး၌ အဖေ့ ခမ္မသီချင်းသံတွေ စီးမျောနေပြန်တော့သည်။ အဖေက ဝေဒနာကို ဖွတ်မေ့ပစ်နေသူတစ်ယောက်လိုပင်။ ပထမတော့ အဖေက ဆေးရုံတက်ဖို့ ပြင်နေပေသေးသည်။

"မတ်တတ်နာပဲဝေ၊ ကိစ္စမရှိပါဘူး"လို့ အဖေကပြောတော့ မအေးက အဖေ့ကို ငြင်းလိုက်ပေသည်။ "ဘယ်ဟုတ်မလဲ အဖေရယ်" လို့ မအေးကပြောဆဲ။ အဖေက "နင် ဘာသိလို့လဲ၊ ငါဆေးရုံသွားရင် နွားကျောင်းဖို့"ဆိုပြီး စကားစ,ကို ရပ်ထားနေပြန်သည်။

တကယ်တော့လည်း အဖေသည် နွားကျောင်းသူတစ်ယောက် ဖြစ်ပေသည်။ ထို့အတူ နွားစာအတွက် မြက်ရိတ်သူတစ်ယောက်လည်း ဖြစ်ပေသည်။ အဖေကား လယ်ထဲမဆင်းနိုင်တော့။ အလေ့အင်အားများလည်း နှစ်ကာလ၊ ခေတ်ကာလတို့၏ တိုက်စားဝါးမျိုမှုတွေအောက်၌ ကုန်ဆုံးပျောက်ကွယ်ခဲ့လေပြီ။ အဖေတို့ ငယ်ငယ် အဖေတို့ရဲ့ဆွေမျိုး မြေယာမဲ့အုပ်စုကြီးသည် ကျွန်းကလေးတစ်ကျွန်းပေါ်သို့ရောက်လာကြ

www.burmeseclassic.com


ကာ ကနစိုတောကြီးကို မီးရှို့ လယ်တည်ကြတာ။ သည်တုန်းက အဖေလည်း မီးသင့်သစ်တောကြီးကို ဓားမတစ်ချောင်း၊ရဲဒင်းတစ်လက်နဲ့ တအိအိခုတ်လှဲခဲ့တာ၊ ကနစိုငုတ်ကြီးတွေကို ပင်ပန်းတကြီးနုတ်ခဲ့ရတာ။ ဩော်...ကြာတော့လည်း ကြာခဲ့ပေပြီ။ ယခုတော့ အဖေတို့ဓားမဦးချလယ်ကား အပြည့်အဝမရှိတော့ပေ။ တချို့လယ်တွေကချစ်တီးလက်၌ ဆုံးပါးခဲ့လေပြီ။ ကျွန်တော်ကား အဖေ့ကို အလုပ်မလုပ်စေချင်တော့။ အသက်အရွယ်ကြီးပြီမို့ ဘုရားသွားကျောင်းတက်သာနေစေချင်တော့သည်။ အဖေ့ကို အလုပ်မလုပ်ဖို့ပြောတော့ "ငါလဲစားနေတာပဲဝေ"ဆိုပြီး တင်းကုပ်ထဲက နောက်ချေးတွေကိုကျုံးကာ တင်းကုပ်ဘေးတွင် ပုံထားနေပြန်တော့သည်။ မအေးကတော့ အဖေ နောက်ချေးကျုံးနေတာကိုကြည့်ပြီး "အဖေကတော့ တကယ့်ဆင်းရဲဒုက္ခာပါသူဝေ"ဆိုပြီး ရယ်မောလိုက်ပေသည်။ ထိုအခါ မအေးရဲ့ ရယ်မောသံသည် တစ်မျှော်တစ်ခေါ်စီးမျောသွားနေလျက်။ ရိုးပြတ်တောကြီးသည်လေသေနေလို့ ငြိမ်သက်နေတော့သည်။ သစ်ရွက်ချင်း ထိခတ်သံတိုးတိုးရှဲရှဲတွေကိုလည်း မကြားရတော့။ ဟိုအဝေး အဘစိန်ကလေးတို့လယ်ကွက်တွေမှာတော့ ရိုးပြတ်တောကြီးကို မီးရှို့ထားလျက်။ ထိုအခါ ကောက်ရိုးမီးရောင်၊ လယ်တဲကလေးတွေဖြင့်လယ်တော၏ ညနေခင်းသည် ဆွတ်ကျင်ဖွယ်ရာ ကောင်းနေပြန်တော့သည်။

"ဝေ့လူကလေးရဲ့၊ ခုထိမအိပ်သေးပဲ ဘာတွေတွေးနေတာလဲကွယ့်" အဖေ့စကားသံကြောင့် ကျွန်တော့်အတွေးတွေ ပြတ်တောက်သွားရသည်။ ကျွန်တော့်မှာ အဖေ့အမေးကို ဖြေရန်အသင့်မရှိပေ။

www.burmeseclassic.com


ကျွန်တော်က အဖေ့ကို နားမလည်သလို လှမ်းကြည့်နေလိုက်မိသည်။ အဖေသည် အိပ်နေရာမှထကာ ခုတင်ခေါင်းရင်းကို မှီထိုင်လိုက်သည်။

"ငါလဲ အိပ်လို့မရဘူးကွယ့်၊ ဟိုတွေး ဒီတွေးနဲ့၊ ဒါနဲ့ မင်းကရော အိပ်လို့မရနိုင်လောက်အောင် ဘာတွေ တွေးနေလို့လဲဝ့ေ"

အဖေက မေးနေပြန်တော့သည်။ "ဘာရယ်ဟုမဟုတ်ပါဘူး အဖေရယ်၊ စိတ်ထဲထွေတေတေရှိတာနဲ့"

"ဘာကွယ့်၊ စိတ်ထဲထွေတေတေနဲ့ ဟုတ်လား"

ကျွန်တော့်စကားမဆုံးသေး။ ကျွန်တော့်ကိုဖြတ်မေးလိုက်ရင်းက "အေးကွ၊ အဖေ့စိတ်ထဲလဲ ထွေတေတေနဲ့မို့" လို့ အဖေကဆက်ပြောနေပြီး စကားကိုအဆုံးမသတ်ပြန်။ ကျွန်တော်က အဖေ့ကိုတအံ့တဩ ငေးနေလိုက်မိသည်။ အဖေ့စိတ်ထဲလည်း ထွေတေတေနဲ့ဆိုပါလား။

"ဒါနဲ့ နေပါဦးကွယ့်၊ ညနေက မင်းမိန်းမလာတုန်းပြောသွားတာ အဖေတော့ မသိပါစေနဲ့ဟယ်"ဆိုတာ ငါ နားစွန်နားဖျားကြားလိုက်ပါတယ်၊ အဲဒါ ဘာကိစ္စလဲဝ့ေ၊ ငါ့စိတ်ထဲထွေတေတေနဲ့ဆိုတာ ဒါပဲကွယ့်၊ မင်းစိတ်ထဲ ထွေတေတေဆိုတာကော ဒါပဲလား"

"ခင်ဗျာ"

အဖေ့အမေးက ကျွန်တော့်ကို တုန်လှုပ်သွားစေသည်။ အကယ်၍ ဆေးရုံကလေးထဲ၌ အလင်းတွေသာ စိုဝေ ကဲလင်းနေလျှင် ကျွန်တော့်မျက်နှာပေါ်က အံ့ဩတုန်လှုပ်မှုကို အဖေတွေ့ရပေလိမ့်မည်။

ယခုတော့လည်း ဆေးရုံကလေးသည် ကြယ်အလင်း၌ ရေးရေးမှုန်မှုန်သာ။

\+ \+ \+

www.burmeseclassic.com

နှမ်းလျှရင်ခုန်
နှလုံးသားမှ
စီးကျအေးခဲ၊ သွေးခဲသွေးအိုင်
လက်ဝါးကားတိုင်ပေါ်မှ
ခရစ်တော်
ဩော်....

(၂)

ကြောက်နှလုံးကြေကွဲ
ကြေကွဲရှင်ယေရှု လက်ဝါးကပ်ကြည့်
ခေါင်းတော်ယွန်းကို။
နံတော်မြဲ
ကိုယ်တော်လုံးသွေးလူး၏။
ပြစ်ရှိသူ
ဘာပြုမည်နည်း
သားတော်ရှင်သင်သတ်ခဲ့ပြီ။
ပြစ်ရှိသူ
ဘာပြုမည်နည်း
သားတော်ရှင်သင်သတ်ခဲ့ပြီ။

"ကရုဏ်းခြေရင်း၌" တဲ့လေ။ အဖေ့ခမ္မသီချင်းသံက တုန်လှုပ်အက်ကွဲနေတော့သည်။ ဖယောင်းမီးပွင့်အလင်းသည် အဖေ့မျက်နှာ၌ စွန်းပေနေဆဲ။ "သခင်ယေရှု ရွှေနှလုံးတော်" ရုပ်ပုံရှေ့၌ ဝတ်ပြုဆုတောင်းနေသော အဖေ့ကို ကျွန်တော် ညှိုးရီစွာ ငေးနေလိုက်မိသည်။

www.burmeseclassic.com


ရုပ်ပုံတော်ရှေ့၌ နှင်းဆီရနံ့သည် ကျွန်တော်တို့အိမ်ငယ်ငယ်ကလေးထဲ၌ ဝေ့ဝဲ စီးမျောနေတော့သည်။ နှင်းဆီရနံ့က ဆွတ်ပျံ့သင်းဝေဖွယ်။ အမေသည် ညနေကပင် သူမရဲ့ပန်းခင်းမှ နှင်းဆီပန်းတွေ ခူးခဲ့ပေသည်။ ကျွန်တော်တို့ ဘုရားစင်ကလေးသည် အမေ့ပန်းတွေနှင့် ထာဝရဝေနေတတ်ပေသည်။ အဖေက ဆုတောင်းဝတ်ပြုပြီးသွားသောအခါ သူ့ပက်လက်ကုလားထိုင်ကလေးမှာ တစ်ယောက်တည်းသွားထိုင်နေတော့သည်။ အဖေ၏ အထီးကျန်ဆန်ဆန်မြင်ကွင်းက ကျွန်တော့်ရင်ထဲကို ရိုက်ခတ်နေတော့သည်။ သည်နေ့မှ ထူးခြားတိတ်ဆိတ်နေတဲ့ အဖေ့ကို ကျွန်တော် သတိပြုနေမိဆဲ။ ခါတိုင်းနေ့တွေမှာတော့ အဖေက သည်လိုမဟုတ်ပေ။ အကြိမ်တစ်အိုးဖြင့် သူ သူငယ်ချင်း မန်းမောင်လွမ်းတို့၊ အရိုးနန့်ချောတို့နှင့် စကားတွေ ဖောင်ဖွဲ့နေတတ်သည်။ တစ်ခါတလေတော့လည်း အဖေတို့ စကားဝိုင်းက နှစ်ကာလတွေရဲ့ပြယုဂ်လို ဖြစ်နေပြန်တော့သည်။ ကျွန်တော်သည် သူတို့စကားသံတွေထဲက ကမ္ဘာစစ်ကြီးကို ဖြတ်သန်းဖူးပေသည်။ ဆန်တစ်ပြည်သုံးပဲ၊ ဂျာမနီဗုံးကြဲ။ နှစ်ကာလဟောင်းများက အရှည်သား။

ဩော်…မြစ်ရေများကား စီးခဲ့လေပြီတကား။

အမေသည် မယ်တော်မာရီယာ ရုပ်ပုံကို ခဏငေးနေပြီး ဆေးရိုးနှင့် ဆေးစပ်ကညွှတ်ထားသော တောင်းကလေးကိုယူကာ အဖေ့နားသွားထိုင်လိုက်သည်။ အမေကား ဆေးလိပ် လိပ်ပေတော့သည်။ တစ်ခါကလေတော့ အမေက ဆေးလိပ်လိပ်ရင်း အဖေနှင့် အေးအေးလူလူ စကားပြောတတ်ပေသည်။ ထိုအခါမျိုး၌ ကျွန်တော်သည် အမေ့နားဘွင် တုံးလုံးလှဲရင်း အိပ်ပျော်သွားတတ်ပေသည်။

www.burmeseclassic.com

အဖေကတော့ ကျွန်တော့်ကို အပူအပင်မဲ့သတဲ့လေ။ ယခုလည်း ကျွန်တော်သည် အမေ့နားတွင်သွားပြီး တုံးလုံးလှဲနေမိသည်။ ခနိုတွေ ခုတ်စမို့ ခနိုတောတွေထမ်းရတာ ကျွန်တော့်ကိုယ်တွေလက်တွေသည် နာကျင်နေတော့သည်။ အမေသည် ကျွန်တော့်ကို ကြည့်ရင်း "နောက်တော့ ကျင့်သားရလာမှာပေါ့"လို့ ပြောနေပေသည်။

အမေသည် ညှိုးလျနေသောအဖေ့ကို ခဏငေးနေရင်း "ရှင့်မလဲ စိတ်ထိခိုက်စရာမဟုတ် စိတ်ထိခိုက်နေ" လို့ ပြေလိုက်ပေသည်။ အဖေက ဘာမျှပြန်မပြော။ တစ်စုံတစ်ရာထိခိုက်ခံစားနေရသလို ငြိမ်သက်နေမြဲ။ ကျွန်တော်သည် သည်လိုတိတ်ဆိတ်နေတာ စိုးထိတ်ရွံမုန်းလာမိသည်။

"ကျုပ်တွက်ပြတာကိုလဲ အသေအချာနားထောင်ပါဦးတော်။ ဒီဈေးကြွေးက မဖြစ်မနေဆပ်ရမှာ။ ဒီဈေးကြွေးအတွက် ရှိတဲ့စပါးလေး ထိုးပေးလိုက်တော့ ရတာပေါ့။ ဒါပေမယ့် စပါးဈေးက တက်ချင် တက်လာဦးမှာ။ အဲဒီတော့ ခုစက်တုံးပေါင်လို့ရတာလေးနဲ့ ဈေးကြွေး ဆပ်လိုက်။ စပါးဈေးတက်လာလို့ စပါးရောင်းပြီးတော့ စက်တုံးပြန်ရွေး၊ အတိုးဖယ်ပြီးတော့ ပိုတာကို နည်းနည်းပါးပါးသုံးရတာပေါ့"

အမေက အဖေ့ကို တိုးတိုးသက်သာ ပြောနေတော့သည်။ ကျွန်တော်လည်း အဖေဘာကြောင့် ငြိမ်သက်နေတယ်ဆိုတာ ခုမှပဲ သိရတော့သည်။

နောက်ဆုံးတော့လည်း အဖေ့သက်ပြင်းချသံကို ကြားလိုက်ရတော့သည်။ ကျွန်တော်သည် ဟိုးအဝေးက သချိုင်းတောကလေးကို ငေးနေလိုက်မိသည်။ သချိုင်းတောကလေး၌ လရောင်တွေ စွန်းထင်း

www.burmeseclassic.com

ပေကျံနေဆဲ။ ရွှေအိုရောင်နွေ သစ်ရွက်သေတို့သည် လရောင်အောက်၌ ငြိမ်းချမ်း ငြိမ်သက်နေပေရဲ့။ ထိုတစ်ညဲ၌ အပြာရောင်နောက်ခံ ကောင်းကင်သည် ကြည်စင်ဆဲ။

ဩော်...အပြာရောင် နောက်ခံနွေ၊ လသာသောညနှင့် ရွှေအို ရောင် သစ်ရွက်သေတွေပေတကား။

အံမေသည် နောက်ဆုံးဆေးလိပ်တစ်လိပ်ကို ခေါင်းချိုးနေဆဲ။ သက်ပြင်းတွေ ခဏခဏချနေတဲ့ အဖေ့ကိုကြည့်ရင်း "ရှင့်မလဲပြော်လို့ ကိုမရဘူး။ နားတော်တော်ဝေးတယ်။ စက်တုံးပေါင်တာပဲ စိတ်ထိခိုက်ရ တယ်လို့၊ အပေါင်ဆိုင်မှာထားတော့ ပိုပြီး လုံခြုံတာပေါ့၊ အိမ်မှာဆိုတော့ သူခိုးကြောက်ရ၊ သူဗိုက်ကြောက်ရနဲ့ မဟုတ်ဘူးလား" ဆိုပြီး တဟားဟားရယ်မောနေတော့သည်။

ထိုအခါက အမေရယ်မောသံသည် တကယ်ပင် လန်းဆတ် နေလျက်။

ဩော်...ကြာတော့လည်း ကြာခဲ့ပကော။

\+ \+ \+

ဘုရားကျောင်းက
မြွေသီချင်းတို့၊ မျှင်းမျှင်းတိုးတိုး
မိုးစက်မည်းည၊ လခြမ်းပွဲလင်း
ယဲ့ယဲ့ရိုးရိပ်၊ ကြယ်လင်းစိပ်မှုန်
ကူန်ခမ်းသွားပေါ့
ဖျော့တော့ညချမ်း၊ လွမ်းငွေ့ဝေဆဲ။

www.burmeseclassic.com

(၃)

ကိုယ်တော်နိုင်ငံတည်ပါစေသော
ရွှေစိတ်သည်လည်း
ကောင်းကင်ဘုံပေါ်
အစဉ်အမြဲ ပြည့်စုံသည်နည်း
မြေ၌ဖြစ်စေသတည်း။
ငါတို့သနင်း၊
အလိုရှိသောအစားအသောက်
အသုံးအဆောင် အသက်မွေးလောက်
ယနေ့မှုကား ကျွန်ုပ်တို့အား ပေးသနားတော်မူပါ။

"ကောင်းကင်ဘုံမေတ္တာ"တဲ့လေ။ အဖေ့မမ္ဘသီချင်းသံက အိမ်ကလေးထဲတွင် ဝေ့ဝဲကျန်ရစ်နေဆဲ။ ကျွန်တော်က ဆွေးမြည့်သံလွှမ်းနေသော အဖေ့မမ္ဘသီချင်းသံတွေကို နားမထောင်ချင်တော့။ ကျွန်တော်သည် ဖယောင်းမီးပွင့်အလင်း၌ ခပ်ငူငူထိုင်နေသော မအေးကို "လမ်းလျှောက်ရအောင်ကွယ်"လို့ ပြောလိုက်မိပေသည်။ မအေးကလည်း ကျွန်တော့်ကို နားလည်ဟန်တူပေသည်။ နောက်ဆုံးသူမက "ကိုယ်မတတ်နိုင်တာတွေပဲအစ်ကိုရယ်" လို့ ကျွန်တော့်ကို နှစ်သိမ့်နေပြန်တော့သည်။ မအေးမျက်လုံးတွေလည်း ညှိုးရိပ်သန်းနေလျက်။ သို့သော် ကျွန်တော့်မျက်နှာက ပိုပြီး ကြေကွဲ ရိပ်သန်းနေပေလိမ့်မည်။

ကျွန်တော်တို့သည် အဖေ့ မမ္ဘသီချင်းသံတွေ ဝေနေတဲ့ အိမ်ကလေးထဲမှ ထွက်လာခဲ့ကြပေသည်။

ဘုရားကျောင်းဘက်သွားမယ်နော်၊ ဘုရားကျောင်းဘက်က လူရှင်းတယ်၊ လူရှင်းတော့ အေးအေးလူလူထိုင်ရတာပေါ့၊ တစ်ခါတလေတော့ လူတွေနဲ့ ခပ်ဝေးဝေးပဲ ငါသွားနေချင်တယ်"

မအေးစကားအဆုံးတွင် ခပ်ဖော့ဖော့ရယ်မောလိုက်ပေသည်။ ကျွန်တော်က မအေးရယ်တာကို မအံ့သြမိတော့။ မအေးက ဒီလိုပဲ စိတ်ထွေစရာတွေနှင့် ကြုံလာလျှင် ရယ်စရာမောစရာပြောတတ်ပေသည်။ သို့သော် ကျွန်တော်ကား သူမနှင့်အတူလိုက်လံရယ်မော၍ မရတော့။

ကျွန်တော်က မအေးရယ်မောသံ၌ မတုန့်မလှုပ်။ မအေးသည်လည်း ရယ်မောလျက်ကပင် "နင်ပြောတော့မယ်မဟုတ်လား၊ ဘုရားကျောင်းဘက်သွားမယ်၊ ဘုရားကျောင်းဘက်က လူရှင်းတယ်လို့ နင် ပြောတော့မယ်မဟုတ်လား၊ ဒါကြောင့် နင်မပြောခင်က ငါကြိုပြောထားတာ" ဆိုပြီး ဆက်၍ရယ်မောနေဆဲ။

ဟုတ်တော့လည်း ဟုတ်ပေသည်။ ကျွန်တော်သည် စိတ်ညစ်ရစ်ထွေရှိလာလျှင် မအေးကို ဘုရားကျောင်းဘက်သို့ခေါ်သွားတတ်မြဲ။ သစ်ရိပ်အေးမြတွေ၊ ငှက်ကလေးတွေ တိုးတိုးတိမ်တိမ်အော်မြည်နေတာတွေ၊ တစ်ခါတလေ နှင်းဆီရနံ့တွေ ထုံဝေနေတာတွေက ဘုရားကျောင်းသို့ သွားချင်တာ ဖြစ်ရပေလိမ့်မည်။ တစ်ခါတလေတော့ ဘုရားကျောင်းရှေ့သွားထိုင်နေပြီး မအေးကိုပင် စကားမပြောမိတာကို သတိရလာသည်။ ထိုအခါ မအေးသည် ကျွန်တော့်ကို ပြောင်လှောင်ရယ်မောခဲ့ဖူးပေသည်။

www.burmeseclassic.com


တကယ်တော့လည်း မအေးသည် ရယ်မောနိုင်သေးသူ တစ်ယောက်ပေတကား။

ကျွန်တော်တို့သည် မိုးမခတောကလေးအောက်မှ ထွက်လိုက်သောအခါ အပြာရောင်ကောင်းကင်၌ ကွဲခိုနေသော လခြမ်းပဲ့လင်းကလေးကိုတွေ့လိုက်ရသည်။ လရောင်အားနည်းနွမ်းဖျော့လှပေသည်။ ကြယ်ကလေးတွေက စိပ်စိပ်မှုန်မှုန်လင်းနေစ။ ရိုးပြတ်လမ်းကလေးကို ညအလင်းငယ်ဝယ်၌ တွေ့ရပေသည်။ ကျွန်တော်က မအေးရဲ့လက်ကို ဖမ်းယူဆုပ်ကိုင်ထားမိသည်။ ပူနွေးသောအထိအတွေ့ကို ကျွန်တော် ခံစားလိုက်ရပေသည်။ ဪ....မအေးရယ်။

ရိုးပြတ်လမ်းကလေးဆုံးသွားသောအခါ ကျွန်တော် မအေးရဲ့ ပူနွေးသောလက်ကို လွှတ်လိုက်ရတော့သည်။ ကျွန်တော်တို့သည် ကန်သင်းရိုးပေါ်၌ နှစ်ယောက်တွဲကာ လမ်းမလျှောက်နိုင်ကြပါ။ ဒီဇယ်မီးခွက် မှိန်တုတ်တုတ်နှင့် ရွာကလေးကို သစ်ပင်ရိပ်မည်းမည်းဖားဖားကြီးတွေအောက်၌ လှမ်းတွေ့နေရသည်။ ရွာနားအစပ်ခတောင်ကမူကလေးပေါ်၌ ဘုရားကျောင်းကလေး လက်ဝါးကားတိုင်ကလေးသည် အလင်းငယ်ငယ်၌ မည်းမည်းမှုန်မှုန်။

ဘုရားကျောင်းနှင့် နီးလာသောအခါ သချိုင်းကလေးကို တွေ့ရပြန်တော့သည်။ တိတ်ဆိတ်ဇနသော သချိုင်းကလေးကိုမေးရင်း ကျွန်တော်သည် အမေ့ကို သတိရလာမိပြန်တော့သည်။ အမေ့ခေါင်းပုံကလေးသည် တစ်ခုသောတရုတ်စကားပင်အောက်၌ ငြိမ်သက်နေပေလိမ့်မည်။ တရုတ်စကားပန်းတွေ ကြွေချိန်တန်လျှင် အမေ့မြေပုံသည် တရုတ်စကားပွင့်ကြွေတွေဖြင့် ဖွေးဖွေးလှုပ်နေပြန်တော့သည်။

www.burmeseclassic.com


မြရာတော ညို့ညို့က သချိုင်းကလေးကို ကာထားနေသည်။ မအေးကတော့ သချိုင်းကလေးကို ခဏငေးစိုက်နေရင်း "အမေဆုံးတာ ခုဆို" လို့ပြောရင်းရပ်ထားနေသည်။ ကျွန်တော်လည်း မအေးလိုပင် အမေဆုံးသော နှစ်ကာလကို စိတ်ထဲမှ ကြိတ်ပြီးရေတွက်နေလိုက်မိသည်။

ဘုရားကျောင်းသို့ရောက်သောအခါ နှင်းဆီရနံ့ကို ဝင်တွေ့ရပြန်သည်။ အမေနှစ်သက်သော ပန်းရနံ့ပေတကား။ ဘုရားကျောင်းပရိဝုဏ်၌ လေပြည်ကလေး လူပ်ခတ်နေပေသည်။ နှင်းဆီတောကလေးက မွှန်မွှန်ရှေးရှေး။

ဩော်...နှင်းဆီတောည၊ ဘုရားကျောင်းနှင့် အမေ့မြေပုံပေတကား။

ကျွန်တော်သည် ဘုရားကျောင်းလှေကားထစ်တွင် ဝင်ထိုင်လိုက်တော့သည်။ ဘုရားကျောင်းတံခါးက ပိတ်ထားနေလျက်။ ကျွန်တော်တို့သည် ငြိမ်းချမ်းသောမယ်တော်ရုပ်ထုကို ဖူးတွေ့ခွင့် မကြုံတော့ပြန်။ မအေးက ကျွန်တော့်ဘေးတွင် ဝင်မထိုင်သေး။ ကျွန်တော်က "ထိုင်လေ မအေးရယ်"လို့ ပြောလိုက်မိပေသည်။ ကျွန်တော့်အသံတွေ တိုးတိမ်နေ၍လားမသိ။ မအေးက "နင့်မလဲ စိတ်ထိခိုက်စရာမဟုတ် စိတ်ထိခိုက်နေလိုက်တာ အစ်ကိုရယ်"လို့ နှစ်သိမ့်သလို ပြောလိုက်ပေသည်။

ပြီးတော့ မအေးက "အစ်ကိုရယ် နင်ဒီလိုဖြစ်နေတာတွေ့တော့ ငါ အမေ့ကိုသတိရလိုက်တာဟယ်" တဲ့လေ။

www.burmeseclassic.com


"ဟုတ်တယ်လေ၊ အမေရှိတုန်းက ဒီလိုစက်တုံးပေါင်တိုင်း အပေါင်ဆိုင်ပို့ထားတော့ စိတ်ချရတာပေါ့၊ အိမ်မှာဆိုတော့ သူခိုးကြောက်ရ၊ သူဝှက်ကြောက်ရနဲ့ဆိုပြီး ရယ်လိုက်တာလေ၊ အမေပြောတာလဲ ဟုတ်တာပဲဟဲ့၊ အပေါင်ဆိုင်ပို့ထားတော့ စိတ်ချရတာပေါ့၊ မဟုတ်ဘူးလား၊ ဟား....ဟား....ဟား...."

မအေးက ရယ်နေပြန်တော့သည်။

သြော်...ကြာတော့လည်း ကြာခဲ့ပေပြီပဲ မအေးရယ်။

အိပ်မရတော့
ယေရှုခရစ်
ဖွားမြင်သန့်စင်၊ သည်ဒီဇင်ဘာ
လသာညချမ်း၊
အလွမ်းအဆွေး၊ အတွေးစများ
အင်အားအေးစက်၊ တစ်ချက်တစ်ချက်
နှင်းစက်စွန်းပေ၊ နှင်းဆီတွေနဲ့
တစ်နေ့အကျော်က

(၄)

ပြင်းထန်မီးလျှံ ရှိရာချောက်ဝယ်
ငါတို့ငိုကြွေးရလေခြင်း
ပြစ်ဒဏ်လွတ်စေခြင်းငှာ
တိုင်းမဲ့ဒုက္ခများခံရလေခြင်း
အိုဘုရား၊ အိုဘုရား
ထိုမီးပြင်းကို ငါတို့မျက်ရည်
အဘယ်သို့ မငြိမ်းစေအံ့နည်း။

www.burmeseclassic.com



"ငရဲအိုးငယ်အကြောင်း"တဲ့လေ။ အဖေဆိုတတ်လေ့ရှိသော ခမ္ဘသီချင်းကို သတိရဖို့ကောင်းနေပြန်တော့သည်။ တစ်စုံတစ်ရာ တွေးဆနေသလို ငြိမ်သက်နေတဲ့အဖေ့ကိုကြည့်လိုက်မိမှ ကျွန်တော့် အတွေးတွေလည်း ရပ်သွားတော့သည်။ တကယ်တော့ အတိတ်သည် အချိန်နှင့်အတူစီးမျောသွားခဲ့ပြီ။ ဆေးရုံညက ပို၍သိပ်သည်းနက်ကြုတ် လာသလို ကျွန်တော်ခံစားနေရသည်။ ပြာမှုန်သောကောင်းကင်၌ ကြယ်လင်းစိပ်စိပ်ကလေးတွေကိုတော့ ကြွေရဆဲ။ လူနာတွေရဲ့ ညည်းမောသံတွေက တစ်နေရာတွင် ရောပေါင်းကာ နောက်ဆုံးအစိုင် အခဲတစ်ခုအဖြစ် တည်သွားဘလိုပင်။

ဆေးခန်းထောင့်ခုတင်က ချောင်းဆိုးသံ ဘာဟွပ်ဟွပ်တွေကို ကြားလိုက်သည်။ တို့နောက် မီးခြစ် ခြစ်သံနှင့်အတူ မီးပွင့်ကလေး တစ်ချက်နှစ်ချက် လင်းလက်သွားတာတွေ့ရပေသည်။ ခါတိုင်းဆိုလျှင် ကျွန်တော်က "ဦးလေးထွန်း အိပ်လို့မရဘူးလား" လို့ မေးလိုက်မိပေ မည်။ ယခုတော့လည်း ကျွန်တော်သည် စကားမပြောချင်တော့ပြန်။ မီးခြစ်မှ မီးပွင့်ကလေး ခပ်ကြာကြာလင်းသွားသောအခါ မျက်နှာ ရှည်မျောမျောကြီးကို တွေ့လိုက်ရသသည်။ မျက်နှာရှည်မျောမျော ကြီးပေါ်က ကြီးမားသောအမာရွတ်ကြီးသည် အမှတ်တမဲ့ကြည့်လျှင် ကြောက်စရာပင်။ ထို့နောက် ထိုခုတင်ဆီမှ ဆေးလိပ်မီးရဲရဲကိုတွေ့ နေရပေတော့သည်။ ဆေးရုံနံရံပေါ်က 'ဆေးလိပ်မသောက်ရ'ဆိုသော စာတန်းကလေးသည် မှောင်ထဲ၌ ပျောက်ကွယ်နေတော့သည်။

ကျွန်တော် မွန်းကြပ်လာသလိုဖြစ်လာ၏။ ဆေးရုံမှပြတင်းကို ထဖွင့်မိဆဲ။ အဖေက ကျွန်တော်တံခါးဖွင့်တာကိုမြင်တော့ "အေးကွယ်၊ အဲဒီလိုတံခါးဖွင့်လိုက်တ ာကောင်းတယ်၊ တံခါးတွေပိတ်ထားတော့

www.burmeseclassic.com


မွန်းကြပ်နေတာပဲ" လို့ ပြောလိုက်လေသည်။ ကျွန်တော်သည် ခုံကလေးပေါ်တွင်ပြန်မထိုင်ဖြစ်တော့။ ပြတင်းပေါက်ကို မျက်နှာမူ၍ သာရပ်နေလိုက်တော့သည်။ အဆုံးမထင်သော အပြာရောင်ကောင်းကင်က ကျွန်တော်တို့ကို အုပ်ဝေထားဆဲ။ ရင်ခွဲရုံကလေးက ဟိုအဝေးမှ တိဖ်ခြောက်နေလျှက်။ "ဒီမယ်လူကလေးရဲ့၊ ငါ့ကိုတောင် အသိမပေးနိုင်ရအောင် မင်းတို့ဟာက ဘာကိစ္စလဲဝေ"

အဖေက မေးနေပြန်တော့သည်။ ကျွန်တော်သည် ညနေက မအေးပြောသွားသော "အဖေတော့ မသိပါစေနဲ့ဟယ်" ဆိုတာကို သတိရလာပြန်သည်။ မအေးကတော့ "အဖေသိရင် စိတ်ဆင်းရဲမှာ စိုးလို့ပါ" လို့ ဆက်ပြောခဲ့ပေသေးသည်။ ကျွန်တော်သည် အဖေ့အမေး ကို မဖြေချင်တော့။ အဖေလည်းသိတာပါပဲလေ။ နှင်းတွေဝေတုန်းက ပေါ့။ သစ်ရွက်ခြောက်တွေ ဆောင်းနှောင်းလေနှင့် တဖွဖွကြွေကျ နေဆဲ။ မအေးရဲ့လက်ထဲမှာတော့ နှင်းဆီပွင့်တွေနဲ့လေ။ မအေးသည် "သခင်ယေရှုခွေနှလုံးတော်"ရုပ်ပုံရှေ့က ကျည်သွောင်ရေအိုး၌ နှင်းဆီ ပွင့်တွေ ထိုးစိုက်လိုက်ပေသည်။ ထို့နောက် မအေးသည် ရုပ်ပုံတော်ရှေ့၌ ဒူးထောက်ဆုတောင်းလိုက်ပေသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်း သောဝိညာဉ်တော်၊ နာမတော်များနှင့် အာမင်တဲ့လေ။ ဒူးထောက် ဆုတောင်းနေသော မအေး။ ကျည်သွောင်ရေအိုးနှင့် နှင်းဆီပွင့်တွေ၊ သခင်ယေရှုခွေနှလုံးတော်၊ သမိုးကလေးအိပ်ပျော်နေရာ ဆာလာပြာ ပုခက်ကလေး။ မြင်ကွင်းက လွမ်းမောဖွယ် ကောင်းနေပြန်တော့သည်။

ဩော်....လူတို့သည် ကိုးကွယ်ရာရှာတတ်သူများပေတကား။

ကျွန်တော်သည် ပလိုင်းရက်ရန် နီးတစ်ချောင်းသပ်နေမိဆဲမှ ကမ်းနားစပ်ရှိ ပျဉ်းမပင်ကြီးကို လှမ်းကြည့်နေမိသည်။ ပျဉ်းမရွက်တွေ

www.burmeseclassic.com


ကား ရဲရဲလှုပ်နေကြပြီ။ ပျဉ်းမရွက်တွေကား လေအဝှေ့၌ တဖျောဖျော ကြွေကျနေကြသည်။ ထိုဇဉ်မြင်ကွင်းထဲသို့ အဖေက လေးလေးလှုပ်လှုပ် ဝင်လာပေသည်။ ကြော်းအဖေတောင်ပြန် လာမှကိုး။ မိုးမခတော ကုလေးအောက်သို့ ရောက်သောအခါ အဖေက ခေါင်းတွင်ပေါင်း ထားသော မှုးဆောင်ကို ဖြေချလိုက်သည်။ နောက် အဖေသည် အိမ်ပေါ်သို့ လှမ်းတက်လိုက်ပေသည်။ အဖေသည် ကျွန်တော့်ကို ဘာမှမပြော။ မအေးနားသို့ တိုးတပ်သွားကာ "ရော့၊ အဲဒီအနှပေါင် လက်မှက်သိမ်းထား"ဆိုပြီး စာရွက်ခေါက်ကလေးကိုလှမ်း ပေးလိုက် သည်။ ကျွန်တော်က "အဖေ ဘယ်ဒီလောက်ရလဲ"လို့ မေးမိတော့ အဖေသည် တို့တိုတောင်းတောင်းပင် "ခါတိုင်းလိုပေါ့ကွယ်"လို့ ပြောလိုက်ပေသည်။ ဘယ်နှစ်ကြိမ်မြောက်ပင် မမှတ်မိတော့။ ကျွန်တော် တို့ကား စက်တုံးတစ်ခါပေါင်ရပြန်ပြီ။

ခုတော့လည်း တစ်နွေကျော်ခဲ့လေပြီကော။

"ဟဲ့ လူကလေးရဲ့၊ ငါမေးတာဖြေပါဦးကွယ့်၊ ငါ့တောင်အသိ မပေးနိုင်အောင်လို့"

"ခင်ဗျာ"

ကျွန်တော်သည် ပြတင်းပေါက်ကို ကျောခိုင်းလိုက်ရတော့သည်။ ကျွန်တော် မနေသာတော့။ အဖေ့အမေးကို ဖြေရပေတော့မည်။ တကယ်ဖြေမည်ပြုသောအခါ နှုတ်ကဆွံ့နေကာ "ဘာမှမဟုတ်ပါဘူး အဖေရယ်" ဆိုပြီး စကားကို ရပ်ထားနေမိပြန်သည်။ သို့သော် အဖေသည် ကျွန်တော့အဖြေကိုပင် မစောင့်တော့။

"ဟော့ကောင်၊ မဟုတ်ခါမှလွဲရောကွယ်၊ တို့ပေါင်ထားတဲ့ စက်တုံး ဆုံးသွားပြီမဟုတ်လား"

"ခင်ဗျာ"

ကျွန်တော့်ရင်ထဲ လှုပ်ခနဲ ခုန်သွားသည်။ ကျွန်တော်သည် လည်း စကားမဲ့သွားကာ ခုတင်ပေါ်က အဖေ့ဏ္ဍာန်ကို ငေးနေမိဆဲ။ အဖေက "ဒါများကွယ်၊ ငါ့အသိမပေးဘူးရယ်လို့" ဆိုပြီး ရယ်လိုက် ပေသည်။ ကျွန်တော့်မှာ အဖေ့ရယ်မောသံကို ခြောက်သွေ့သလို ခံစားနေရပြန်သည်။ သို့သော် အဖေက ဆက်ပြီးရယ်မောနေဆဲ။ ကျွန်တော်လည်း အဖေ့ရယ်မောသံ၌ စိတ်နှလုံးကြေကွဲလာကာ "စိတ်မကောင်းတော့ မဖြစ်ပါနဲ့ပေါ့ အဖေရယ်"လို့ နှစ်သိမ့်သလို ပြောမိပြန်သည်။

"ဘာကွယ့်၊ စိတ်မကောင်းမဖြစ်ပါနဲ့ ဟုတ်လား၊ အေးအေး မင်းလဲ စိတ်မကောင်းမဖြစ်နဲ့ သိလား၊ စက်တုံးအပေါင်ဆုံးတယ်ပေါ့၊ ဆုံးဆုံးပေါ့ကွယ်၊ မဟုတ်ဘူးလား"

"ဒီမယ်လူလေးရေ့၊ စက်တုံးဆုံးသွားတာ ဘာမှမပူပါနဲ့ သိလား၊ စက်တုံးဆုံးသွားပေမယ့် တို့မှာ ပေါင်စရာ လှည်းဘီး ကျန်ပါသေးတယ်ကွယ် မဟုတ်ဘူးလား၊ ဟားဟားဟား"

အဖေ့ရယ်မောသံက တစ်မျှော်တစ်ခေါ် စီးမျှောသွားနေလျက်။ ဆေးရုံညသည် ပိုပြီးရှည်မျှောထူပျစ်လာသလို ကျွန်တော့်မှာ ခံစားနေ ရတော့သည်။

သြော်....လူတို့သည် ကြေကွဲဝမ်းနည်းတိုင်း ငိုကြွေတတ်သူများ မဟုတ်ကြပေတကား။

၁၉၈၆ ခုနှစ်၊ စက်တင်ဘာလထုတ်
မိုးဝေမဂ္ဂဇင်း၊ အမှတ်(၂၂၀)

www.burmeseclassic.com

# ခရစ္စတီးနား၏တမ္ဘာ

"နှင်းမှုန်ကြွေလေတိုင်းငယ်"တဲ့လေ။ သီချင်းအပိုင်းအစက ကျွန်တော့်ရင်ထဲ တိုးဝင်လာပြန်သည်။ နေရာတကာ၌ နှင်းတွေက လွှမ်းစရာကောင်းလောက်အောင် ကျဝေနေပြန်တော့သည်။

ခါတိုင်း နှင်းတွေမဝေလျှင် ရွှေးမြစ်ရေသည် ကောင်းကင်ပြာမှုန်အောက်၌ ပြာမှုန်မှုန်စီးဆင်းနေတတ်သည်။ ယခုတော့ ရွှေးမြစ်ရေပြာသည် ထိုနှင်းမှုန်ထုကြီးအောက်၌ ပျောက်ကွယ်နေတော့သည်။ ဈေးဝယ်လှေငယ်များ၊ ဈေးရောင်းလှေငယ်များ၊ ငါးသလောက်ပိုက်လှေများ၊ မက်ကွန်လှေများ၊ ဖုတ်ချက်စက်လှေများ အားလုံးသည့် ရွှေးမြစ်ပြာနှင့်အတူ နှင်းမှုန်ထုကြီးတစ်ခုအောက်၌ ပျောက်ကွယ်နေကြဆဲ။ ကျွန်တော်သည် ဖတ်လက်စ 'ဇူလိုင် ရှုမဝ'ကို အမှတ်မထင် လှမ်းကြည့်နေမိသည်။ တက်ကြွသော ဇူလိုင်မိုးစက်တွေနှင့်အတူ ထွက်လာသော ရှုမဝ မဂ္ဂဇင်းကို ကျွန်တော်သည် နှင်းတွေဝေချိန်၌ တစ်ခါပြန်ပြီးဖတ်နေမိပြန်သည်။ ကာလညောင်းသော်လည်း မဂ္ဂဇင်းထဲက "သဲအိမ်မောင်နေဝါ၏ အောက်မေ့ဖော်ကြည်သာ"သည် ကျွန်တော့်ရင်ထဲ၌ တွယ်ငြိနေဆဲ။ သဲအိမ်မောင်နေဝါက သူ့အောက်မေ့

www.burmeseclassic.com

သော ကြည်သာကို ညှိုးရိုရိုးရင်း "အင်ဒရူးဝိုင်ယက်၏ ခရစ္စတီနာ"ကို သတိရသတဲ့လေ။

ကျွန်တော်သည် ဘူတာရုံမည်းမည်းကလေးနှင့် ပါးလှပ်လှပ်ကောင်မလေးတို့ကို အတွေးများဖြင့် ပန်းချီကားဆန်ဆန် ဖော်ကျူးနေတတ်ပါသည်။ ကျွန်တော်သည် အင်ဒရူးဝိုင်ယက်၏ "ခရစ္စတီနာ၏ ကမ္ဘာ" ပန်းချီကားကိုလည်း သတိရလာတတ်သည်။ ပန်းချီဆရာသည် သွက်ချာပါဒရောဂါသည်မလေးကို အနုစိတ်မှုန်းထားပါသည်။ ရောဂါသည်မကလေးသည် မြက်ရိုင်းပင်ကြားထဲတွင် တရွတ်တိုက်သွားနေရရှာသည်။ ရောဂါသည်မလေး သွားလိုသောအိမ်မှာ အလှမ်းကွာဝေးလွန်းနေသည်။ မည်သို့ပင်ဖြစ်စေ ကြည်သာသည် မြက်ရိုင်းပင်တွေဖုံးအုပ်နေသော လူသွားလမ်းကလေးမှ တရွေ့ရွေ့လျှောက်သွားတတ်ပါသည်....တဲ့လေ။ စာအုပ်ကိုပိတ်ထားနေမိသော်လည်း ကြည်သာနှင့် ခရစ္စတီနာတို့တတွေက ကျွန်တော့်အပေါ် ဖိစီးစိုးထင်နေဆဲ။ သီခင်ကျွမ်းဝင်ခဲ့ဖူးသော တစ်စုံတစ်ယောက်ကို သတိရလာမိသလို ခံစားလာနေရပြန်သည်။ သို့သော် ဘယ်တစ်စုံတစ်ယောက်လဲဟု စဉ်းစားသောအခါ တစ်စုံတစ်ရာ ကျေနပ်လောက်သောအဖြေကို မရပြန်။ ကြွေကျသွားသော ပြက္ခဒိန်စာရွက်များအောက်၌ ကျွန်တော့်မှတ်ဉာဏ်အချို့သည် ပိပြားခြောက်ကပ်သွားပြီ ထင်ရပေသည်။ အချို့ရုပ်ပုံလွှာတို့ကား ဝါရော်ကျွမ်းခြောက်ခဲ့လေပြီ။

ကျွန်တော်သည် ဒဂုန်တာရာ၏ "ရုပ်ပုံလွှာ"ကို သွားသတိရမိသည်။ တစ်ခါတလေတော့လည်း ကျွန်တော်သည် အားစက်တိတ်ဆိတ်စွာ အထီးကျန် ထိုင်နေမိလျက် စိတ်တွေလည်း ပျံ့လွင့်

www.burmeseclassic.com

နေတတ်ပေသည်။ ထိုအခါမျိုး၌ (ကျေးလက်တွင် ဖြစ်လေ့ရှိသည့် အတိုင်း ဖတ်စရာစာအုပ် ရှားပါး၍) ဖတ်ပြီးသားစာအုပ်တစ်အုပ် ကို ပြန်ဖတ်ချင်ဖတ်နေမိတတ်သည်။ သို့မဟုတ် ဖတ်ပြီးသားဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင်၏ စရိုက်ကိုခွဲခြမ်းစိတ်ဖြာနေဟတ်သည်။ ရွက်ဟောင်းကြွေ၍ တချို့သစ်ပင်တွေ ဖက်လိပ်ထိုးလာသည်။ တပေါင်း သို့ရောက်လျှင် မောင်ထင်၏ တစ်ခုသောဝတ္ထုထဲက "ငဘ"ကို သတိရနေမိတတ်ကာ နိုင်ငံရေးကို ဘာမျှနားမလည်ဆိုသည့် ထို ခပ်အအ လယ်သမားကြီးငဘက သခင်မျိုးညွန့်ကို လှေဦးမှာတင်၍ ဂျပန်ကိုတော်လှန်မည့် တပ်များရှိရာ ဗျိုက်တောကြီးထဲလိုက်ပို့သော ထိုငဘ၏ ရင်ခုန်သံကို ခွဲခြမ်းစိတ်ဖြာနေမိတတ်သည်။ တစ်ခါတလေ တော့ စိုင်းထီးဆိုင်၏သီချင်း တစ်ပိုင်းတစ်စ သို့မဟုတ် ကိုစောငြိမ်း၏ သီချင်း အပိုင်းအစကို တီးတိုးဆိုညည်းနေမိတတ်သည်။ အင်ဒရူး ဝိုင်းယက်၏ ခရစ္စတီနာကို သတိရနေမိသော်လည်း ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော ခရစ္စတီးနား (ကျွန်တော်က "ခရစ္စတီးနား" ဟု ခေါ်ပါသည်)ကို မေ့လျော့နေတတ်သည်။

တကယ်တော့လည်း ကျွန်တော်သည် မိုက်မဲစွာမေ့လျော့ခဲ့သူ ပေတကား။

အခုတော့ ကျွန်တော်သည် ခရစ္စတီးနားကို မေ့နိုင်တော့မည် မဟုတ်ပါ။ ထို့အတူ ခရစ္စတီးနား ကျွန်တော့်ထံသို့ ရောက်လာသော နေ့ကိုလည်း မေ့နိုင်တော့မည် မဟုတ်ပါ။

ထိုနေ့ကလည်း ယခုလိုပင် နှင်းမှုန်ထုကြီးက ရွှေးမြစ်ပေါ်သို့ လေးလေးပင်ပင် ပိကျနေခဲ့သည်။

www.burmeseclassic.com

ထိုအခါက ကျွန်တော်သည် တစ်ခုသော ကျေးလက်ဆေးပေးခန်းကလေး၏ ပြတင်းတံခါးမှတစ်ဆင့် နှင်းတောထဲသို့ ငေးနေမိခဲ့ပေသည်။ နှင်းတွေက တဖွေ့ဖွေ့ကြွေကျနေဆဲ။ ဆွတ်ပျံ့ဖွယ် သီချင်းအပိုင်းအစက နှင်းတောထဲ၌ ဝေ့မျောလာသည်။ ထိုစဉ် ပုဆိုးဟောင်းကြီးကို ခေါင်းပေါင်းလျက် ဖိနပ်စီးမထားသော လူကြီးတစ်ယောက်က ကျွန်တော်ကြည့်နေသော ပြတင်းပေါက်မြင်ကွင်း၌ ဖြတ်လျှောက်သွားနေသည်။ သူ့လက်ထဲ၌ တံစဉ်တစ်လက်ကိုင်ထားတာ တွေ့ရသည်။ သူက ကျွန်တော့်ပြတင်းပေါက်ဘက်လှည့်ကာ ကွမ်းတံတွေးကို ပက်ခနဲတစ်ချက် ထွေးသွားသေးသည်။ ဪ တံစဉ်သဖို့ သွားတာ ထင်ပါရဲ့။ လယ်ဝင်ချိန်ပေကိုး။ လယ်ဝင်ချိန်ဟူသောအသိက ကျွန်တော့်ကို ညှိုးနွမ်းစေမည်ထင်သည်။ လယ်ထဲဝင်ရချိန်များတွင် လူနာတို့သည် ကျွန်တော့်ထံသို့ ရောက်မလာကြတော့။ အခန်းထဲက အဆုတ်ရောဂါဗေဒနဟူသော စာတမ်းကလေးကို ငေးနေမိပြန်လေသည်။

ထိုစဉ် အသံတစ်သံက ကျွန်တော့်ကို အတွေးမှ လှုပ်နှိုးလိုက်ပေသည်။

"ဆရာ"

ကျွန်တော်ကြည့်လိုက်တော့ ပါးလှပ်လှပ် ပိန်လှီလှီ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရပေသည်။ သို့သော် ကလေးမကလေးက ကျွန်တော့်ကို တအံ့တဩစိုက်ကြည့်နေရင်း "ဆရာက ဆရာမဟုတ်လားဝေ"လို့ ကျွန်တော့်ကို မေးနေပြန်သည်။ ကျွန်တော်ကလည်း အံ့အားသင့်နေလျက် "ညည်း...ညည်း"လို့ဆိုကာ စကားမဆက်နိုင်တော့။

www.burmeseclassic.com

"ဆရာ မမှတ်မိတော့ဘူးလား၊ ခရစ္စတီးနားလေ ဆရာရဲ့၊ ဆရာလုပ်အားပေးကျောင်းဆရာ လာလုပ်တုန်းက ဆရာ့အတန်းထဲက ခရစ္စတီးနားလေ"

"ဪ ဟုတ်ပါရဲ့၊ ခရစ္စတီးနား၊ ခရစ္စတီးနား"

ကျွန်တော့်ရင်ထဲ ဆွတ်ဆွတ်ကျင်ကျင် ခံစားနေပြန်တော့သည်။

ကျွန်တော်နှင့် အာရ်စီအမ်ကျောင်း။

ထိုအခါက ဆောင်းညများသည် တရွှေ့ရွှေ့ဖြတ်သန်းနေကြဆဲပင်။

နှင်းတွေဝေကျနေလျှင် မြရာမြို့ကလေးသည် သက်ငြိမ်ပန်းချီကားတစ်ချပ်လို လှပနေပြန်တော့သည်။ ထိုလှပသော မြို့ကလေး၌ ခရစ္စတီးနားသည်လည်းကောင်း၊ ကျွန်တော်သည်လည်းကောင်း ဖြတ်သန်းကြီးပြင်းခွင့် ရခဲ့တာတွေက ယခုမှ ပို၍လတ်ဆတ်လာသလိုပင်။

ခရစ္စတီးနားနှင့်ပတ်သက်သော နေ့ရက်များသည် လင်းသစ်လာနေဆဲ။

ထိုအခါက မြရာမြို့ကလေးသည်လည်းကောင်း၊ ထိုမြို့ကလေး၏ အစွန်းတစ်နေရာရှိ အာရ်စီအမ်ကျောင်းကလေးသည်လည်းကောင်း နှင်းမှုန်မှုန်ပါးလှပ်လှပ်အောက်၌ ငြိမ်သက်နေခဲ့သည်။ "တဲကျောင်း" ပေါ်မှ လှမ်းကြည့်လိုက်သောအခါ ဘုရားကျောင်းကို လရောင်ထဲ၌ ဝေဝေမှုန်မှုန် တွေ့နေရသည်။ ဘုရားကျောင်းဘေးက ထင်းရှူးတောကလေးသည်လည်း လရောင်ထဲ၌ စိမ်းမြနေလျက်။ ထင်းရှူးရွက်တွေပေါ်၌ လရောင်ခိုနားလိုက်သောအခါ လရောင်သည် စိမ်းနေတော့သည်။ ကျွန်တော်သည် လက်ထဲက တယောကလေးနှင့်ဘိုးတံကို

www.burmeseclassic.com

ချထားလိုက်သည်။ ထိုအခါက ကျွန်တော်လည်း မောပန်းသူ တစ်ယောက်နှင့် ဆင်ဆင်တူသွားပေလိမ့်မည်။

ဩော်...ခရစ္စတီးနားရယ်....။ စောစောကတော့ ထိုနေရာ တစ်ဝိုက်တွင် ကျွန်တော်၏ ကြေကွဲဖွယ်ရာ တယောသံတွေ စီးမျော နေခဲ့တာ။ မနက်က ကျွန်တော် ဘုရားကျောင်းနား ရောက်သွား တော့ ဘုရားကျောင်းခေါင်းလောင်းစင်၊ ဓမ္မသီချင်း၊ စန္ဒရားသံ အားလုံးက နှင်းတောထဲ နစ်မြုပ်သွားနေတာ။ ကျွန်တော်က စစ္စတာ ကြီးထံ ကိစ္စရှိလို့အသွား ဘုရားကျောင်းရှေ့၌ ဒူးထောက်နေသော မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။ သည်လိုနေရာမျိုး၌ ဒူး ထောက်နေသူသည် ဝတ်ပြုသူကလေး မဟုတ်ဘဲ ဒဏ်ပေးခံရသူ ကလေးလို့ ကျွန်တော်က သိနေတာ။ နောက် သူမကလေး၏အပါးသို့ စစ္စတယ်ကြီး ရောက်လာတော့ "ခရစ္စတီးနားလေ၊ ငါးတန်းက၊ ဘော်ဒါကထွက်ပြေးလို့ ဒဏ်ပေးထားတာ" စစ္စတယ်ကြီးက ပြော လိုက်တာ။ ဩော်...ခရစ္စတီးနားနှင့် ကျွန်တော်၏ ဆုံဆည်းမှုက သည်လောက်နှင့် ရပ်မသွားသေးပါ။ ထိုအခါက ကျောင်းတက် ခေါင်းလောင်းသံတွေ ကုန်ဆုံးသွားစ။ ဆုတောင်းဝတ်ပြုသံတွေ စိုးဝေလာဆဲ။ ဆုတောင်းသံတွေ ကုန်ဆုံးလေလျှင်တော့ ကျွန်တော်၏ တစ်နေ့တာ စာသင်သောလုပ်ငန်းကို စရလေတော့သည်။

"ကဲ ဆရာရှင်းရှင်းပဲ ပြောမယ်ကွယ်၊ မနေ့က ပေးလိုက်တဲ့ အိမ်စာ ပြီးမလာကဲ့သူတွေ ခုံပေါ်တက် မတ်တပ်ရပ်စမ်းကွယ်"

ကျွန်တော့်စကားအဆုံးတွင် မိန်းကလေးတစ်ယောက် ဖျတ် ခနဲ ခုံပေါ်တက်မတ်ကပ်ရပ်တာ တွေ့လိုက်ရသည်။ ခရစ္စတီးနား

www.burmeseclassic.com

ပါလား။ ကျွန်တော်အံ့အားသင့်ကာ မေးမောနေလိုက်မိသည်။ သော်ဒါ က ထွက်ပြေး၍ အပြစ်ပေးခံရသူကလေး။

"နေပါဦးကွယ် ခရစ္စတီးနား၊ရဲ့၊ မင်းက ပေးလိုက်တဲ့အိမ်စာ တွေကို ဘာဖြစ်လို့လုပ်မလာရတာလဲ"

လူမွမ်းမလေးဆရာကလေး ကျွန်တော်သည် ဆရာနှင့်ကျူအောင် ဟန်ဆောင်ရလေပြီ။ ကျွန်တော့်အမေးကို ခရစ္စတီးနားက မဖြေ။ သို့သော် ကျွန်တော် အဖြေတစ်ခု ရလိုက်ပေသည်။ "သူ ညာတယ်၊ ဒီအခန်းထဲမှာ ဘာမှမလုပ်ဘူးဆရာ၊ ငိုချည်းနေတာပဲ" ဟာမှကျောင်းသူ မလေးတစ်ဦး၏ အဖြေ။ ခုံပေါ်တက်၍ မတ်တပ်ရပ်နေသော ညိုး ရော်ရော် ကောင်မလေးက ကျွန်တော့်စိတ်ကို ရီဝေလာစေသည်။ ကျောင်းသူ ကျောင်းသားတွေက သူမကို ဝိုင်းကြည့်နေလျက်။ စာသင်ခန်းကလေး သည်လည်း ပကတိတိတ်ဆိတ်နေလျက်။ ခရစ္စတီး နားက ခေါင်းကို ငုံ့ထားနေသည်။

"ခရစ္စတီးနား ဖြေလေကွယ်၊ ဆရာမေးရင် ဖြေရတယ်ကွယ့်၊ မင်း ဘာလို့အိမ်စာလုပ်မလာခဲ့တာလဲ"

ကျွန်တော့်စကားကြောင့် ကလေးမလေးသည် ခေါင်းကို တဖြည်းဖြည်းမော့ယူလိုက်ပေသည်။

"ဟင် ကလေး....မင်းငိုနေတယ်"

ကျွန်တော်သည် ကျောင်းဆရာတစ်ယောက်နှင့် ဆင်ဆင်မတူ တော့။ ခရစ္စတီးနား၏ မျက်လုံးအိမ်ထဲမှ မျက်ရည်တွေ လိမ့်ဆင်း လာတာတွေ့ရသောအခါ ထိခိုက်ခံစားလွယ်သော ကျွန်တော့်ဓာတ် ရပ်က ပေါ်လာနေသည်။ ဘုရားကျောင်းဘေးက ထင်းရှူးတောစိုစိုကို

www.burmeseclassic.com

မြင်လာနေရသည်။ ကောင်းကင်ပြာပြာကို မြင်လာနေရသည်။ တောတန်းညိုညိုကလေးကို မြင်လာနေရသည်။ သစ်ရွက်ကလေး တစ်ရွက် လေးလေးလှုပ်လှုပ် ကြွေကျသွားနေတာကို မြင်လာနေရသည်။ ကျွန်တော် ခရစ္စတီးနားကို ပြန်ပြီးကြည့်လိုက်မိသည်။ သြော်...သော်ဒါက ထွက်ပြေးသူကလေး၊ အိမ်စာလုပ်မလာသူကလေး။

"ကျွန်မ အိမ်ကိုပဲပြန်ချင်တယ် ဆရာ"

"ဘာ....အိမ်ပြန်ချင်တယ် ဟုတ်လား"

ကျွန်တော်က စိတ်ကိုထိန်းပြီး မေးလိုက်မိသည်။ ခရစ္စတီးနား ထံမှ ဖြေသံမကြားရတော့။

"အိမ်ပြန်ရအောင် မင့်မိဘတွေက မင်းကို စာသင်ရအောင် ကျောင်းလာထားတာ မဟုတ်လား၊ ဒါနဲ့နေပါဦး၊ မင်းမိဘတွေက ဘယ်ရွာမှာနေပြီး ဘာလုပ်ကိုင်စားကြသလဲ"

"နေတာကတော့ ပြင်ရွာနားက ဖျာပုံစုမှာပါ၊ အလုပ်ကတော့ သူရင်းငှားတွေပါ ဆရာ"

ကျွန်တော်ကား ခရစ္စတီးနားကို တွေ၍ကြည့်နေလိုက်မိသည်။ ထိုနေ့က ကျောင်းအပြန် ဆည်းပြာရီထဲ လျှောက်နေဆဲ၌ ခရစ္စတီးနား ၏ အသံတွေကို ကြားယောင်နေမိသည်။ ညရောက်တော့ ကျွန်တော် သည် တယောပြားကလေးကို ဖြုတ်ယူလိုက်တာ မှတ်မိနေသည်။

ထိုအခါက ကျွန်တော့်တယောသံလည်း ခရစ္စတီးနားဝေဒနာ ဖြင့် တုန်ခါနေပေလိမ့်မည်။

ကျွန်တော်သည် လုပ်အားပေးကျောင်းဆရာဘဝ ကုန်ဆုံးပြီး ဆေးခန်းကလေးတစ်ခု၌ မှန်ဘီလူးကြည့်သူ ဖြစ်နေပြန်လေသည်။

www.burmeseclassic.com


ထိုအခါ ခရစ္စတီးနားသည် ရောဂါသည်မလေးတစ်ယောက်အဖြစ် ကျွန်တော့်ဘဝထဲ ဝင်လာပြန်လေသည်။

"ချောင်းသိပ်ဆိုးတာပဲ ဆရာရယ်၊ တစ်ခါတစ်ခါ သွေးတွေလဲ ပါတယ်၊ အဲဒါ သူများတွေက ဆေးခန်းသွားပါ ဆိုတာနဲ့ ဆေးခန်း ရောက်လာတာ၊ ခု ဆရာနဲ့ တစ်ခါပြန်တွေ့ရကာပေါ့နော်"

ဆေးရုံရောက်စ ခရစ္စတီးနားက ပြောခဲ့ပေသည်။

ပြီးတော့ သူမ၏သလိပ်ထဲ၌ ရောဂါပိုး တွေ့တဲ့နေ့က လည်းလေ။

သည်အကြောင်းကို အသိပေးတော့ ခရစ္စတီးနားက ခံစားမှုမဲ့သူ တစ်ယောက်လို ခုံကလေးပေါ်၌ ခပ်ငူငူသာထိုင်နေတာ။ ကျွန်တော်က သူမကို အားပေးဖို့ သတိရလာနေတာ။ သို့သော် ကျွန်တော့်မှာ ခရစ္စတီးနားကို အားပေးဖို့ မနည်းအားယူနေရတာ။ ကျွန်တော့်အသံ တွေ တုန်ယင်နေမှာ၊ အကြည့်တွေ ညှိုးရီနေမှာကို စိုးရိမ်ပူပန်နေမိ တာ။ နောက်ဆုံးတော့လည်း "အားမငယ်ပါနဲ့ကွယ်၊ ဒီရောဂါမျိုးက ကုလို့ပျောက်နိုင်တဲ့ ရောဂါမျိုးပါ"လို့ ပြောလိုက်မိတာ။ ယခုတော့ ထိုရောဂါသည်မကလေးက ကျွန်တော့်ဆီသို့ မှန်မှန်မလာတော့ပြန်။ သည်လိုပါပဲလေ။ ခရစ္စတီးနားမှမဟုတ်ပါဘူး။ တခြား ကျွန်တော့် လူနာတွေလည်း မခံမရပ်နိုင်လောက်အောင် ရောဂါသည်းလာမှ ရောက်ရောက်လာတတ်ကြတာ။ သည်လိုနှင့်ပဲ လာတစ်ချက် မလာ တစ်ချက်နှင့် သူတို့ထဲမှ အချို့သည် အချိန်မတိုင်မီ လောကထဲမှ ထွက်ခွာသွားရပြန်လေသည်။ ကျွန်တော်ကား သူတို့ ဆေးလာမထိုး နိုင်ကြတာကိုပင် ဝေဒနာတစ်ခုလို ခံစားနေရပြန်တော့သည်။

www.burmeseclassic.com


နောက်ဆုံးတော့ ကျွန်တော့်ထံသို့ ရောက်မလာသော ခရုစွတီးနားထံသို့ ကျွန်တော်က လိုက်သွားရန် ဆုံးဖြတ်လိုက်မိသည်။

သည်လိုနှင့်ပင် ကျွန်တော်သည် ဆေးခန်းပိတ်သောအခါ ခရုစွကီးနားတို့ နေထိုင်ရာ ဖျာပုံစုရွာဘက်သို့ ထွက်ခဲ့မိပေသည်။

ကျွန်တော် ဖျာပုံစုရောက်သွားတော့ သူမ၏အိမ်ကို မေးလိုက်သွားရသည်။

သူမ၏အိမ်သို့ မရောက်ခင် သရက်တောစုစုကလေးသို့ရောက်သောအခါ ကျွန်တော်သည် နားချင်တာနှင့် သရက်တောကလေးထဲဝင်ခဲ့မိပေသည်။

သရက်ပွင့်ကြွေအဟောင်း မည်းမည်းကလေးများကို တွေ့နေရသည်။ သရက်ပင်ငယ်ငယ်ကလေးတစ်ပင်အောက်မှ ဖြတ်သန်းပြီး သရက်ပင်အုပ်အုပ်ကြီးအောက်သို့ ကျွန်တော် ရောက်သွားသည်။ သစ်ရိပ်က အေးမြနေသည်။ ကျွန်တော်သည် ဆောင်းထားသော ခမောက်ကို ချွတ်ယူကာ ရိုးပြတ်ငုတ်ကလေးတွေပေါ် ပစ်ချထားလိုက်သည်။

"ဟောဒီမယ်ဝေ၊ ငိုမစဲ သရက်သီးတွေ ပစ်ချနေတယ်ဆေး"

ကလေးနှစ်ယောက်သုံးယောက်ရဲ့ ဟစ်အော်သံတွေကို ကြားလိုက်ရသည်။ ငိုမစဲဟူသော ခပ်ဆန်းဆန်းနာမည်ကြောင့် ကျွန်တော်လည်း အသံလာရာဆီသို့ လှမ်းကြည့်လိုက်မိသည်။ ကျွန်တော်ကြည့်နေဆဲ၌ပင် ကလေးတွေက ရန်းရင်းဆန်ခတ် ဖြစ်သွားကြသည်။ အော်ဟစ်ပြီး အတိုင်ခံရသော ငိုမစဲဆိုသည့် ကောင်လေးက ကျွန်

www.burmeseclassic.com



ကလေးတွေကို လက်သီးနှင့် လိုက်ထိုးနေသည်။ ထို့နောက် သူက "မင်းတို့ကော မပစ်ဘူးလားကွ"လို့ မေးနေရင်း နောက်ကလိုက်ထိုးနေသည်။ အခြားကောင်လေးတစ်ယောက်ကို လက်သီးပြင်းပြင်း တစ်ချက် ထိသွားဆဲ "ကလိမ်ကကျစ်မလုပ်နဲ့ကွ သိလား၊ မရဘူး" ဆိုသောစကားအဆုံးတွင် ရန်ပွဲကရပ်သွားသည်။ ထို့နောက် စောစော က လက်သီးနှင့်လိုက်ထိုးနေသော ဆံပင်ရှည်ရှည်ကောင်လေးက ကဏန်းကျစ်စာခဲတွေကိုကိုင်ကာ သရက်သီးတွေကို ထပ်ပစ်ချနေပြန်သည်။ သရက်သီးကလေးတွေ ကြွေကျသွားသောအခါ သူက လိုက်ကောက်နေဆဲ ကျန်ကလေးတွေက "ဟောဒီမှာဝေ၊ ငိုမစဲ သရက်သီးတွေ ပစ်ချနေတယ်ဝေ"ဟုအော်ကာ အဝေးသို့ ထွက်ပြေး တော့သည်။

ငိုမစဲဆိုသော ကောင်လေးက သရက်ပင်အောက်တွင် တွေပြီး ရပ်ကျန်ခဲ့သည်။

ကျွန်တော်က ကောင်လေးကို ငေးနေမိသည်။ သူကတော့ ကျွန်တော့်ကို သတိပြုမပုံမရ။ တလင်းဟောင်းတစ်ခု၊ ကောက်ရိုးပုံ၊ ကောက်ရိုးတဲကလေးတစ်ခုကို ဖြတ်ပြီးသောအခါ ကောင်လေး သရက်သီးပစ်နေရာ သရက်ပင်အောက်သို့ ရောက်သွားတော့သည်။ ကောင်လေးသည် ကျွန်တော့်ကို မလိုလားအပ်သူတစ်ယောက်လို လှမ်းကြည့်နေသည်။ သူက ပုံထားသော သရက်သီးတွေကို စိုးရိမ် အကြီးကောက်ယူကာ စလွယ်သိုင်းထားသော ပုဆိုးထဲသို့ ထည့်ယူနေ တော့သည်။

www.burmeseclassic.com


"သရက်သီးတွေ အများကြီးပါလားကွ"

ကျွန်တော်က စကားပြောချင်လာ၍ စကားစရှာလိုက်မိသည်။ ကောင်လေးက ကျွန်တော့်ကို ဘာမှပြန်မပြော။ သူ့အကြည့်တွေက စူးစိမ်းဆန်နေဆဲ။ ကျွန်တော်က သူ့ကိုကျော်ကာ ဟိုခပ်ဝေးဝေးမှာ လှမ်းမြင်နေရတဲ့ ဖျာပုံစုရွာကို ကြည့်နေလိုက်မိသည်။

ခရစ္စတီးနားနေတဲ့ ရွာကလေးလေ။

အိမ်ကလေးတွေ ဟိုတစ်စု သည်တစ်စုနှင့်။ သစ်ပင်စိမ်းမှိုင်းကြီးတွေရဲ့အောက်မှာ ငြိမ်သက်နေတော့သည်။ ကျွန်တော်သည် ချောင်းကလေးတစ်ချောင်းကို ဖြတ်ရပေဦးမည်။ ခြေတံရှည် ချောင်းကူးဝါးတံတားလေးကိုတော့ ခုတ်လက်စ မနိတောကြီးရဲ့အလယ်၌ တွေ့နေရသည်။ တံတားသို့သွားရာ ကန်သင်းရိုးကလေးရဲ့ တစ်ဘက်တစ်ချက်မှာတော့ အသီးစိမ်းစိမ်းတွေ ခဲခဲဝေနေတဲ့ ငုံလုံပင်ကလေးတွေကို တွေ့ရသည်။ ဗုံလုံပွင့်ဖြူဖြူကလေးတွေလည်း ဆောင်းလေထဲ တဖွေ့ဖွေ့ကြွေကျနေပြန်တော့သည်။

"မင်းနာမည်က ငိုမစဲလားကွ"

"အေး"

ကောင်လေးက ကျွန်တော့်ကို ကောင်းစွာပင်ဖြေလိုက်သည်။ ငိုမစဲတဲ့လေ။ ကျွန်တော်က သူ့နာမည်ကို သဘောကျနေမိသည်။

"မင်းသရက်သီးတွေက များလှချည်လားကွ၊ ဒီလောက်များတဲ့ သရက်သီးတွေကို မင်းစားလို့ ကုန်ပါ့မလား"

www.burmeseclassic.com


ကောင်လေးက ကျွန်တော့်ကို ဆတ်ခနဲမော့ကြည့်ကာ "ဒါ စားဖို့မဟုတ်ဘူး၊ ရောင်းဖို့ဗျ" လို့ တိုတောင်းစွာပင် ပြောလိုက်သည်။ သြော် ရောင်းဖို့ဆိုပါလား။ ကျွန်တော့်ရင်ထဲ တီးတိုးစကားလေးတစ်စ ဖြတ်သန်းသွားသည်။

"မင်းက ဘယ်မှာနေတာလဲ၊ ဖျာပုံစုမှာလား"

"အေး"

"ဒီလိုဆို မင်းခရစ္စတီးနားကို သိလား"

ငိုမစဲဆိုသော ကောင်လေးက ကျွန်တော့်ကို ဆတ်ခနဲမော့ ကြည့်လိုက်ပြန်သည်။

"ခရစ္စတီးနားက မင်းအစ်မကြီးဟုတ်လား"

ကျွန်တော် တအံ့တသြမေးလိုက်မိသည်။ နှာတံကျတာ၊ မျက်ခုံး ထူထဲတာ၊ အောက်နှုတ်ခမ်းကလေး တွဲကျနေတာ၊ ခုမှ ရုပ်ချင်းဆင် တာကို ကျွန်တော်သတိပြုလိုက်မိသည်။ ကျွန်တော့်ရင်ထဲ ဝမ်းမြောက် သွားသလို ခံစားလိုက်ရသည်။ ခရစ္စတီးနားမှာ ငိုမစဲဆိုတဲ့ မောင်လေး တစ်ယောက် ရှိနေပေသေးတာပဲ။ သူ့မိဘတွေ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတာကို ကျွန်တော်သိထားသည်။ ခုလို မောင်လေး တစ်ယောက် ရှိတယ်ဆိုတာကိုတော့ ခရစ္စတီးနားက ကျွန်တော့်ကို ဖွင့်မပြောခဲ့။ ကျွန်တော်ကား စာသင်ရက်များ ပြီးဆုံးစ၊ ကျွန်တော် မှတ်မှတ်ထင်ထင်ရှိခဲ့သော ခရစ္စတီးနားကို မမျှော်လင့်မိတော့။ ကျွန်တော်၏ အာရုံစီအမ်ကျောင်းနေဘဝလည်း ဇာတ်လမ်းတိုလေး တစ်ပုဒ်လို ပြီးဆုံးခဲ့လေပြီ။ ခရစ္စတီးနား၏ ရယ်မောသံ၊ ခရစ္စတီးနား၏ ဓမ္မသီချင်းသံ အားလုံးသည် အချိန်နှင့်အတူ စီးမျောပျောက်ကွယ်ခဲ့ပြီ။

www.burmeseclassic.com

ကျွန်တော်တွေးနေဆဲ "ငိုမစဲရေ"ဟု အော်ခေါ်သံကို ကြား လိုက်ရပေသည်။

"ဝေး"

ငိုမစဲက ပြန်ထူးလိုက်ပေသည်။

"နင် သရက်သီး ဆက်မပစ်တော့ဘူးလားဝေး၊ ခုနကရတဲ့ သရက်သီးတွေတော့ ဝယ်မယ့်သူမရှိလို့ ငါ ဆန်နဲ့လဲခဲ့တယ်၊ တစ်နပ်စာမရသေးလို့ ငါ သရက်သီးလာယူတာ၊ နင် ဆက်ပစ်ထား သေးတယ် မဟုတ်လား"

အသံလာရာဆီသို့ ကျွန်တော်လှမ်းကြည့်လိုက်တော့ ခြေတံ ရှည်ဝါးတံတားလေးပေါ်တွင် ခရစ္စတီးနားကို တွေ့လိုက်ရသည်။ သူမ၏လက်ထဲမှာတော့ အထုပ်ငယ်ကလေး တစ်ထုပ်လေ။ ခရစ္စတီး နားကား ကျွန်တော့်ကို မြင်သွားလေပြီ။

"ဟာ....ဆရာ၊ ဆရာရောက်နေတယ်"

ခရစ္စတီးနားက အမောတကောဟစ်အော်ကာ ကျွန်တော်တို့ ရပ်နေရာဆီသို့ ပြေးလာသည်။ ကျွန်တော်က အဆုတ်ရောဂါသည် ကောင်မလေးကို စိတ်မကောင်းစွာ ကြည့်နေလိုက်မိသည်။ကျွန်တော့် နားသို့ ခရစ္စတီးနား ရောက်လာသော်လည်း ကျွန်တော်စကားမပြော မိ။ ခရစ္စတီးနားက "ကျွန်မ ဆေးမှန်မှန်လာမထိုးလို့ ဆရာလိုက်လာ တာလားဟင်၊ ကျွန်မလဲ လာမလို့ပါပဲ ဆရာရယ်၊ ခုတလော ဒါက အရေးကြီးနေလို့ပါ"ဟု အထုပ်ကလေးကို ပုတ်ပြနေတော့သည်။

www.burmeseclassic.com

ဪ်...ခရစ္စတီးနားရယ်။

ယနေ့ညနေ ကျွန်တော် အိမ်ပြန်ရောက်လျှင်တော့ ကျွန်တော် နေထိုင်ရာ ရွှေမြစ်၏ တစ်ခုသောမြစ်ကမ်းပါးတွင် ကျွန်တော်၏ တယောသံတွေ ရှည်ရှည်မျော လွင့်မျောနေပေဦးမည်။

သို့သော် ထိုအခါမျိုး၌ ကျွန်တော်၏ တယောသံတို့သည် နားထောင်၍ကောင်းတော့မည် မဟုတ်ပါ။

ဟန်သစ်မဂ္ဂဇင်း၊ အမှတ်(၂)၊
၁၉၈၉ ခုနှစ် ပုံနှိပ်သည်။

www.burmeseclassic.com 

# လှေမရှိသူများ

"ရုပ်မြင်သံကြား"က ယခုအခါ လူတို့၏စိတ်ထဲသို့ ရုပ်လောကကြီးကို ထိုးသွင်းလျက် ရှိပါသည်။ ထို့ပြင် တက်ကြွမှုမရှိစေကာမူ ရတ်ရတ်သဲသဲရှိလှသော ဤကမ္ဘာလူထု၏ဘဝကို ပြသလျက်ရှိပေသည်။ သို့နှင့် လူတို့၏စိတ်အာရုံမှာ စစ်ပွဲများ၊ ဘေးအန္တရာယ်ဆိုးကြီးများ၊ အာကာသအတွင်းသို့ပစ်လွှတ်သည့် ဂြိုဟ်တုနှင့် အာကာသ ယာဉ်များ၊ ပြီးတော့ လူထုဖျော်ဖြေသည့်ခံပွဲကြီးများ စသည်တို့ဖြင့် ပြည့်နှက်နေတော့သည်။ သို့ဖြစ်ရကား အထီးကျန်နေတတ်သော စာရေးဆရာတစ်ဦးအဖို့ ဂြိုဟ်တုမှ ခုန်ဆင်းလာသမျှသော အရာအားလုံး (ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် ဖမ်းယူ ရှုမြင်ရသည့် ရုပ်သံလွှင့်ချက်များအားလုံး)နှင့် စိတ်ကို ပြိုင်ဆိုင်စေရန်မှာ မလွယ်တော့ချေ။

ကျွန်တော်သည် ဖတ်လက်စစာအုပ်ကို ပိတ်ပစ်လိုက်သည်။ လန့်(စ)မောရိုး၏ ဆောင်းပါးသည် စိတ်ဝင်စားဖို့ကောင်းသည်။ စာဖတ်ဆဲ၌ တစ်စုံတစ်ရာစဉ်စားရန်ရှိသောအခါတိုင်း ကျွန်တော်သည်လိုပဲစာအုပ်ကိုဖတ်၍ တဲကလေးအပြင်ဘက်သို့ ဝေဝေငေးငေး ကြည့်မိတတ်ပေသည်။

www.burmeseclassic.com

(၂)

ဩော်....တစ်ခုသောရိုးပြတ်တော၌ လိမ္မော်ရောင်တွေ ဝေပါပကော။

(၃)

လိမ္မော်ရောင်ဝေဝေထဲ၌ တစ်အော်တစ်ခေါ် အကွာအဝေးရှိသောတမွဲမွဲကလေးများသည် နာကျင်ပင်ပန်းမှု ကြီးမားသူတွေလို ညှိုးငယ်ငြိမ်သက်နေကြပေတော့သည်။

(၄)

ပရိတ္တဉ္စယံ၊ နိသိန္နဋ္ဌာနဒေါဝနံ။

ဥဒကမ္ပိဝိနာသေဘိ၊ သဗ္ဗဓေဝပရိဿယံ။ သောတ္ထိနာဂဗ္ဘဝုဋ္ဌာနံ ယဥ္စသာမေတိတာစ်လော။

ဿေရဿာရိလိမာလဿ၊ လောကနာထေန္ဓဘာသိတံ။ ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံတံဘလာဘမဟေ။

အရှိုးငွေမှုံရဲ့ ပရိတ်ရွတ်သံပါလား။

တုန်ချိကြွဲရှုနေသော အမေအိုဧါ် ပရိတ်ရွတ်သံက လယ်တော၏ ညနေခင်း၌ ဆွတ်ပျံ့ဘွယ်ကောင်းနေပြန်တော့သည်။ ဘုန်းကြီးကျောင်းစာသင်ခဲ့ဘူးသော ကျွန်တော်၊ အင်္ဂုလိမာလသုတ်မှန်း သိလိုက်သည်။ ထိုအခါ ကျွန်တော့်ရင်ထဲမှ နစ်မောသွားရတော့သည်။

www.burmeseclassic.com

ဖတ်လက်စခေါင်းပါး၊ အထီးကျန်ဖြစ်နေသောစာရေးဆရာ၊ ဆက်သွယ်ရေးဂြိုဟ်တု၊ စစ်ပွဲများ၊ ဘေးအန္တရာယ်ဆိုးကြီးများ။

အတွေးအားလုံးကို ဖြတ်တောက်လိုက်ရတော့သည်။ ကျွန်တော့် ရင်ထဲသို့ ကိုယ်ဝန်သည်မလေး နန့်ရေအေးက အပြေးအလွှား ဝင်ရောက်လာတော့သည်။

ကျွန်တော်သည် ထိုတဲကလေးဆီသို့ ခပ်ရိရိကြည့်လိုက်မိပေသည်။

အရိပ်မဲ့တဲကလေးထဲမှ ပရိတ်ရွတ်သံသည် ညနေလေချိုထဲ၌ ဝေ့မျောနေဆဲ။ ကျွန်တော်သည် စာအုပ်ကိုပစ်ချလိုက်သည်။ တဲအပြင်သို့ထွက်လိုက်သည်။

(၅)

တဲအပြင်ဘက်၌ ချိုးရုပ်ကလေးနှင့် ကစားနေသော သားကလေး၏ ငြိမ်းချမ်းသောမျက်နှာကို တွေ့လိုက်ရသည်။

(၆)

ကျွန်တော်သည် သားကလေးကို ထားရစ်ခဲ့သည်။ ဆန်သွားဝယ်နေသောကျွန်တော့်မိန်းမက ပြန်မလာသေး။ ကုန်းကြောင်းခရီးမို့ သူမ ပြန်လာဖို့ ကြာပေဦးမည်။

ကျွန်တော်လျှောက်ခဲ့သော ကန်သင်းရိုးလေး ဆုံးသောအခါ ပရိတ်ရွတ်သံက ရပ်တန့်ကုန်ဆုံးသွားပေသည်။ ကျွန်တော့်ခြေလှမ်းတွေက ပိုသွက်လာခြင်း။ နန့်ရေအေး၏ ညည်းညူသံကို သဲ့သဲ့ပျပျ ကြားလာရပေသည်။

www.burmeseclassic.com


သူ၏တဲကလေးရှေ့သို့ရောက်သောအခါ ညှိုးငယ်ကြေကွဲဟန် နွမ်းနေသော ကိုယ်ဝန်သည်မလေး နန့်ရေအေး၏ယောကျ်ား မန်းအိုးကို တစ်ခုသော မိုးမခရိပ်အောက်၌ တွေ့လိုက်ရပေသည်။

ကျွန်တော် မနေနိုင်တော့။

"ဟေ့ကောင် ဘာလုပ်နေတာလဲ၊ မွေးဖို့ဖွားဖို့အခက်အခဲရှိနေတာ ထိုင်နေရသလားကွ၊ ဆေးရုံပို့ပါတော့လား"

ကျွန်တော်ပြောလိုက်ပြီး....

"ဆေးရုံပို့တာကတော့ ဟုတ်တာပေါ့ကွ၊ ဆေးရုံပို့ဖို့ ဘယ်မလဲ လေ့"

ကျွန်တော်သည် တဲပေါင်းများစွာကို တစ်လှည့်စီ ငေးနေလိုက်မိသည်။

ပကတိတည်ရှိနေတဲ့ ပြင်ပလောကထဲက မရေမတွက်နိုင်တဲ့ အချင်းအရာတွေဟာ လူတွေရဲ့ မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်ဆိုတဲ့ အာရုံဟပ်လာတယ်။ အစမှာ အာရုံခံစားအသိသာဖြစ်တယ်၊ အဲဒီ အာရုံခံစားသိတွေ များလာတဲ့အခါ ခုန်ပျံမှုတစ်ရပ်ဖြစ်ပေါ်လာပြီး ဆင်ခြင်သိ ဖြစ်လာတယ်၊ အဲဒါကို အတွေးလို့ ခေါ်တယ်"

လေ့မရှိသူများအတွက် ခံစားနေရသော ကျွန်တော်သည် အတွေးအခေါ်ရှင် ကဗျာဆရာတစ်ဦး၏ အဆိုအမိန့်ကို သတိရလာသည်။ သို့သော် ကျွန်တော့်မှာ ဆောက်တည်ရာမရနိုင်ချေ။ တကယ်တော့လည်း မနက်ဖြန်ဆိုတာ မရှိကောင်းတော့ဟု ကျွန်တော် မိုက်မိုက်ရိုင်းရိုင်းပင် တွေးမိပြန်တော့သည်။

www.burmeseclassic.com


မနက်ဖြန်ဆိုလျှင် နန့်ရေအေး၏ သတင်းကို ကျွန်တော် ကြားရပေဦးမည်။ သဘာဝတရားကို ကျွန်တော်တို့က မှန်ကန်စွာ အသုံးမချနိုင်လျှင် သဘာဝတရားက ကျွန်တော်တို့ကို ချေဖျက်ပစ်ပေလိမ့်မည်။

ဝမ်းနည်းကြေကွဲခြင်းသည် ကျွန်တော့်ရင်ထဲ၌ ကျင်းအိုင်ဖွဲ့နေတော့သည်။

(၈)

ကျွန်တော်သည် ကျွန်တော့်တဲကလေးသို့ ပြန်ရောက်သောအခါ တောင်စွယ်တွင် နေကွယ်ခဲ့လေပြီ။

(၉)

စိတ်ကို တည်ငြိမ်အောင်ထိန်းရသည်။ အတွေးတစ်ခုကို မိမိရရဆုပ်ကိုင်ချိန်တွင် အခြားသူများက စိတ်ကို တည်ငြိမ်အောင် ထွက်သက်ဝင်သက် မှတ်ကြသည်။ ကျွန်တော်က စာဖတ်သည်။ တစ်ခါတရံ စာရေးသည်။ ယခုလည်း ကျွန်တော်စာရေးချင်နေသည်။

နန့်ရေအေးရေ၊ အင်္ဂလိမာလသုတ်၊ လယ်တော၏ညနေခင်း၊ လေ့မရှိသူ။

တကယ်ရေးမည်လုပ်သောအခါ ရေး၍မရတော့ပြန်။ ကျွန်တော်သည် ဖတ်လက်စ,စာအုပ် ကောက်ကိုင်ပြီး ဒီဇယ်မီးပွင့်အလင်းက စာအုပ်ပေါ်မှာ မှုန်ဝေဝေကျလာသည်။ လန့်(စ)မောရိုး၏ ဆောင်းပါးက ကျွန်တော့်ကို ချောက်လှန့်ဆဲပင်။ ကျွန်တော်သည် ဆောင်းပါးကို ဆက်ဖတ်သည်။

www.burmeseclassic.com


ထို့အပြင် နှစ်ဆယ်ရာစုနှောက်ပိုင်း၌ ထွက်ပေါ်လာသည့် တကယ့်အဖြစ်အပျက်တို့မှာ စာပေသမားတို့၏ စိတ်ကူးထက်ပင် လျှင်မြန်စွာ ဆန်းကျယ်လျက်ရှိပေသည်” ဆိုပါလား။

ကျွန်တော်သည် ‘ဆောင်းပါးကို ဆက်မဖတ်နိုင်ပဲ....

နန့်ရေအေး၊ စစ်ပွဲများ၊ ဘေးအန္တရာယ်ဆိုးကြီးများသည် ကျွန်တော့်အမြင်ထဲ၌ လုံးထွေးနေတော့သည်။ ထိုစဉ် ကျွန်တော့်ရင်ထဲ၌ နင့်ခနဲဖြစ်သွားသည်။

ဟုတ်ပြီ၊ လန့်(စ)မောရိုးကပြောသည်။ အထီးကျန်ဖြစ်နေ တတ်သော စာရေးဆရာတစ်ဦးအဖို့ ဆက်သွယ်ရေးဂြိုဟ်တုမှ ခုန်းဆင်း လာသော အရာအားလုံးနှင့် သူ့စိတ်ကို ပြိုင်ဆိုင်စေရန်မှာ မလွယ်တော့ ချေဟု ဆိုထားသည်။ သို့ဆိုလျှင် လယ်တောဓ၏ တစ်ခုသောညနေခင်း ၌ မွေးဖွားဖို့ အခက်အခဲရှိနေသော ကိုယ်ဝန်သည်မလေး နန့်ရေအေး အကြောင်းကို လန့်(စ)မောရိုးပြောသလို ရုပ်မြင်သံကြားထဲသို့ သွင်း လိုက်လျှင်....

(၁၀)

ကျွန်တော်သည် ကြဲကြီးစည်ရာ ဤသို့ တွေးတောမိပြန်တော့ သည်။

(၁၁)

အကယ်၍များကျွန်တော်သည် ဤကဲ့သို့များ ဖန်တီးခွင့်ရခဲ့ လျှင် လိမ္မော်ရောင်တွေဝေဆဲ၊ တုန်ရီကွဲရှသော အင်္ဂလိမာလာသုတ် ရွတ်သံက ဝေ့မျောဆဲ။ နန့်ရေအေး၏ ညည်းမောသံကို ကြားရဆဲ၊

www.burmeseclassic.com


တစ်ခုသောတဲကလေးရှေ့၌ ဝမ်းနည်းညှိုးငယ်ဟန်နှင့် မန်းအိုက ထိုင်နေဆဲ။

သယ်တော၌ တဲကလေးတွေ ကြဲပြန့်နေလျက်၊ ချောင်းငယ်ကလေးသည် အေးပြေပြေ စီးဆင်းနေလျက်။ ကျွဲကျောင်းသူများ၊ ထင်းခွေသူများ၊ ချောင်းမွေသူများသည် တဲကလေးနားသို့ရောက်တိုင်း တဲကလေးဆီသို့ ဝင်လာနေလျက်။ ထို့နောက် သူတို့လည်း လေ့မရှိသူများဖြစ်ကြရာ ကိုယ်ချင်းစာတရားဖြင့် ဝမ်းနည်း ကြေကွဲကြလျက်။

မြင်ကွင်းအားလုံးသည် ရုပ်သံလွှင့်စက်မှတဆင့် လူထုထံသို့ ခုန်ဆင်းလာလျှင် မည်ကဲ့သို့ ထင်မြင်ချက်ပေးကြမည်နည်း။

တော်စတွိုင်း၏ နာတာရှည်သည်လည်းကောင်း၊ ဂေါ်ကီ၏ ကိုမာဂေါ်ဒီယက်သည်လည်းကောင်း၊ ဝန်စာရေးဦးကြီး၏ မောင်မှိုင်းသည်လည်းကောင်း၊ ဦးလတ်၏ မောင်သောင်းဖေသည်လည်းကောင်း၊ သခင်ကိုယ်တော်မှိုင်း၏ ကိုပေါသည်လည်းကောင်း၊ လူယွန်း၏ ကွန်းအိုင်ချိုသည်လည်းကောင်း၊ မောင်ထင်၏ ဘေသည်လည်းကောင်း၊ ကြယ်နီ၏ ကိုဒေါင်းစိန်သည်လည်းကောင်း။

သူ့ခေတ်သူ့အခါက နာတာရှည်များ၊ ဂေါ်ဒီယက်များ၊ မောင်မှိုင်းများ၊ မောင်သောင်းဖေများ၊ ကိုပေါများ၊ ကွန်အိုင်ချိုများ၊ ဘေများ၊ ကိုဒေါင်းစိန်များ ဖြစ်ကြပေသည်။

ယခု နန့်ရေအေးက ကျွန်တော်တို့နှင့်ခေတ်ပြိုင် နန့်ရေအေးများ ဖြစ်ကြပေသည်။

တကယ်တော့လည်း....

www.burmeseclassic.com

လှေမရှိသူများသည် နန့်ရေအေးတစ်ယောက်တည်း မဟုတ်ပေတကား။

အကယ်၍ ရုပ်မြင်သံကြားထဲ၌ ဤအဖြစ်မျိုး ပါလာ၍ ထင်မြင်ချက်ပေးကြလျှင် ဤအဖြစ်အပျက်သည် ကြီးမားဆန်းသစ်သော အဖြစ်အပျက်ပေလား။ သေးငယ်နွမ်းဟောင်းသော အဖြစ်အပျက်ပေလား။ မည့်ကဲ့သို့ ထင်မြင်ချက်ပေးကြမည်ကို ကျွန်တော်သိချင်နေတော့သည်။

ဩော်....လိမ္မော်ရောင်ဝေဝေ၊ လယ်တော၊ လှေမရှိသူများ၊ ဆက်သွယ်ရေးဂြိုဟ်တုနှင့် ကိုယ်ဝန်သည်မလေး နန့်ရေအေးပေတကား။